# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

၁၃၈၃ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၇ ရက် | ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီ ၁၃ ရက်၊ ကြာသပတေးနေ့ | အတွဲ (၆၂)၊ အမှတ် (၁၀၈)


**ခန္ဓာငါးပါးကို မပြတ်ရှုမြင်**

ခန္ဓာငါးပါးတို့၏ အဖြစ်အပျက်ကို မရှုမမြင်ဘဲ အနှစ်တစ်ရာပတ်လုံး အသက်ရှည်ရခြင်းထက် ခန္ဓာငါးပါးတို့၏ အဖြစ်အပျက်ကို မပြတ်ရှုမြင်ရသော ပုဂ္ဂိုလ်၏ တစ်ရက်မျှ အသက်ရှည်ရခြင်းသည် မြတ်၏။

သဟဿဝဂ်(ဓမ္မပဒ-၁၁၃)

## နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့် ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။



ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းရရှိရေးအတွက် ရက်ကန်းနှင့် အသက်မွေးပညာသင်တန်းကျောင်း(ပခုက္ကူ)၌ ရက်ကန်းပညာများ ဖွင့်လှစ်သင်ကြားပေးနေမှုကို တွေ့ရစဉ်။

# ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်း တိုးပွားရေး ရက်ကန်းအတတ်ပညာများ စဉ်ဆက်မပြတ်ဖွင့်လှစ် သင်ကြားပေးလျက်ရှိ

ပခုက္ကူ ဇန်နဝါရီ ၁၁

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ကြီးကြပ်မှုအောက်ရှိ ရက်ကန်းနှင့် အသက်မွေးပညာသင်တန်းကျောင်း(ပခုက္ကူ)၌ အလုပ်အကိုင်အခွင့်အလမ်းနည်းပါးသော ကျေးလက်နေပြည်သူများအတွက် အသက်မွေးဝမ်းကျောင်း အထောက်အကူပြုကာလတိုသင်တန်းများကို နှစ်စဉ်ဖွင့်လှစ်သင်ကြားပေးလျက်ရှိရာ ယနေ့အထိ ၆၂ ကြိမ်ရှိပြီဖြစ်ကြောင်း အဆိုပါကျောင်းတာဝန်ရှိသူထံမှ သိရသည်။

*စာမျက်နှာ ၁၂ ကော်လံ ၁* ❐

## ယနေ့ *ဖတ် စ ရာ*


နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များနှင့် ပြည်ထောင်စုဝန်ကြီးများ မြစ်ကြီးနားနှင့် ဝိုင်းမော်မြို့နယ်အတွင်း အထင်ကရနေရာများ သွားရောက်လေ့လာ၊ ကချင်တိုင်းရင်းသားတို့၏ အနုပညာလုပ်ငန်း တိုးတက်အောင်မြင်စေရေး ပေါင်းစပ်ညှိနှိုင်းဆွေးနွေး — ပြည်တွင်းသတင်း | စာ ၃

လူ့အဖွဲ့အစည်းအတွက် လွတ်လပ်စွာ စဉ်းစား ဆင်ခြင်မှု . . . — ဆောင်းပါး | စာ ၁၀

ယခုသီတင်းပတ်ကုန်တွင် ဂျပန်နိုင်ငံ တစ်ဝန်း ရာသီဥတုပူနွေးလာလိမ့်မည်ဟု ခန့်မှန်းထား — နိုင်ငံတကာသတင်း | စာ ၁၃





**မြန်မာ့အလင်း**

# ကိုဗစ်-၁၉ မျိုးကွဲသစ်ကာကွယ်ရေး နေထိုင်မှုပုံစံသစ်ကို ဆက်လက်လိုက်နာ

မြန်မာနိုင်ငံတွင် ကိုဗစ် – ၁၉ ရောဂါ ခတ်ခွဲအတည်ပြု လူနာသစ်တွေ့ရှိမှု ရာခိုင်နှုန်းကို နေ့စဉ်ထုတ်ပြန်ပေးလျက်ရှိရာ ၁ ရာခိုင်နှုန်း၏အောက်သို့ ရောက်ရှိနေသည်မှာ ရက်ပေါင်း ၆၀ နီးနီး ရှိနေပြီဖြစ်သည်။ သို့ရာတွင် ကမ္ဘာ့နိုင်ငံအချို့နှင့် အိမ်နီးချင်းနိုင်ငံအချို့တွင် ကိုဗစ် – ၁၉ ရောဂါ ဖြစ်ပွားမှု ပြန်လည်မြင့်တက်နေသည့်အပြင် ထပ်မံထွက်ပေါ်လာသည့် အိုမီခရွန်၏ မျိုးကွဲသစ်ကလည်း လျင်လျင်မြန်မြန် ကူးစက်ပျံ့နှံ့လျက်ရှိသည့်အတွက် မိမိတို့နိုင်ငံအနေဖြင့်လည်း ကူးစက်မှုများ မြင့်တက်မလာစေရေး အထူးဂရုပြုရန် လိုအပ်လာသည်။

ကမ္ဘာ့စီးပွားရေးထိပ်တန်း အင်အားကြီးနိုင်ငံများတွင် ကိုဗစ်–၁၉ ရောဂါဖြစ်ပွားမှုများ မြင့်တက်နေ့သည့် သတင်းများကို ယခုရက်ပိုင်းအတွင်း နိုင်ငံတကာသတင်းများတွင် တွေ့မြင်ရသည်။ အမေရိကန်ပြည်ထောင်စုတွင် အိုမီခရွန်မျိုးကွဲသစ် XBB.1.5 သည် လျင်မြန်စွာ ကူးစက်ပျံ့နှံ့လျက်ရှိပြီး ဆိုးရွားသည့် နောက်ထပ်ကူးစက်မှုလှိုင်း ဖြစ်ပေါ်နိုင်ကြောင်း သတိပေးထားသည့်အပြင် ကမ္ဘာအနှံ့သို့လည်း လျင်မြန်သည့်နှုန်းဖြင့် ကူးစက်သွားနိုင်သည်ဟု ခန့်မှန်းလျက်ရှိသည်။ ဂျပန်နိုင်ငံတွင်လည်း ကိုဗစ်–၁၉ ရောဂါကူးစက်မှု ရှစ်ကြိမ်မြောက်လှိုင်းနှင့် ကြုံတွေ့နေရပြီး ရောဂါကြောင့် နေ့စဉ် သေဆုံးသူဦးရေ ၄၀၀ ကျော်ရှိကြောင်းနှင့် သေဆုံးသူ စံချိန်တင်များပြားလာကြောင်း သတင်းမှာလည်း မယုံနိုင်စရာပင်ဖြစ်သည်။ တစ်ဆက်တည်းမှာပင် မြန်မာ့အိမ်နီးချင်းနိုင်ငံဖြစ်ပြီး နယ်စပ်ကုန်သွယ်မှုပမာဏအကြီးဆုံးနိုင်ငံဖြစ်သည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတွင်လည်း ကိုဗစ်–၁၉ ရောဂါကူးစက်ပျံ့နှံ့မှု ပြန်လည်မြင့်တက်နေကြောင်း သတင်းကြောင့် နယ်စပ်ကုန်သွယ်ရေးလုပ်ငန်းများ ပြန်လည်မစတင်နိုင်သေးသည်မှာလည်း သတိပြုဖွယ်ဖြစ်သည်။ အထူးသဖြင့် ကမ္ဘာပေါ်တွင် စီးပွားရေးအင်အား ထိပ်ဆုံးနိုင်ငံများ၏ ကိုဗစ်–၁၉ ရောဂါဖြစ်ပွားမှုအခြေအနေများက မြန်မာနိုင်ငံကဲ့သို့သော အားနည်းသည့် နိုင်ငံတစ်နိုင်ငံအနေဖြင့် ရောဂါကူးစက်မှု ၁ ရာခိုင်နှုန်းအောက် လျော့ကျနေခြင်းအပေါ်တွင် စိတ်ချပေါ့လျော့မနေရန် တပ်လှန့်နေခြင်းပင်ဖြစ်သည်။

ကျန်းမာရေးဝန်ကြီးဌာနသည် မြန်မာနိုင်ငံတွင် ကိုဗစ်–၁၉ ရောဂါ ဖြစ်ပွားမှုအခြေအနေအရပ်ရပ်နှင့် စပ်လျဉ်း၍ မီဒီယာနည်းလမ်းများဖြင့် နေ့စဉ်ထုတ်ပြန် အသိပေးလျက်ရှိသည့်အပြင် ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးအကြိမ်ပြည့်ထိုးနှံမှု ခံယူရေး၊ ထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံမှုခံယူရေး တို့အတွက်လည်း စဉ်ဆက်မပြတ် ဆော်ဩလျက်ရှိသည်။ စတင်ဖြစ်ပေါ်လာချိန်မှစ၍ ကိုဗစ်–၁၉ ရောဂါသည် မျိုးဗီဇကွဲများ တစ်မျိုးပြီးတစ်မျိုး ပြောင်းလဲပြီး ဆက်လက်ကူးစက်ပျံ့နှံ့နေခြင်းဖြစ်ရာ နေထိုင်မှုပုံစံသစ်(New Normal)နည်းလမ်းကို ကျင့်သုံး၍ ဆက်လက်နေထိုင်သွားကြ ရဦးမည်ဖြစ်သည်။

မိမိတို့နိုင်ငံတွင် ကိုဗစ်–၁၉ ရောဂါ ဖြစ်ပွားမှုနှုန်း နေ့စဉ် ၁ ရာခိုင်နှုန်းအောက်တွင် ရောက်ရှိနေခြင်းနှင့် ရောဂါကြောင့် အသေအပျောက်မရှိခြင်းတို့သည် ကျေနပ်ဖွယ်ရာဖြစ်သော်လည်း ပြည်ပမှ ဝင်ရောက်လာနိုင်ဖွယ်ရှိသည့် ကိုဗစ်–၁၉ ရောဂါ မျိုးကွဲသစ်များနှင့် ကူးစက်ပျံ့နှံ့မှုလှိုင်းများမှ လွတ်ကင်းနိုင်ရေးအတွက် ကာကွယ်ဆေးများထိုးနှံမှု ခံယူခြင်းနှင့် နေထိုင်မှုပုံစံသစ် (New Normal) နည်းလမ်း လိုက်နာခြင်းတို့ကို အလေးအနက်ကျင့်သုံးကြစေရေး အကျိုးမျှော်ကာ နှိုးဆော်အပ်ပါကြောင်း။ ။

# မစ္စတာ မိုဟာမက် မွန် (န)ဝါ ဟူစိန်အား ဘင်္ဂလားဒေ့ရှ်နိုင်ငံ သံအမတ်ကြီး ခန့်အပ်ရန် သဘောတူညီ

**နေပြည်တော် ဇန်နဝါရီ ၁၂**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ဘင်္ဂလားဒေ့ရှ်နိုင်ငံ သံအမတ်ကြီး မစ္စတာ မန်ဂျူရူလ် ကရင်လ်ခမ်ချောင်ဒရီနေရာတွင် မစ္စတာ မိုဟာမက် မွန် (န)ဝါ ဟူစိန်အား ခန့်အပ်ရန် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အစိုးရက သဘောတူညီပြီးဖြစ်သည်။

မစ္စတာ မိုဟာမက် မွန်(န)ဝါ ဟူစိန်ကို ဘင်္ဂလားဒေ့ရှ်နိုင်ငံ ရာ့ဂျ်ရှာဟီမြို့ (Rajshahi)၌ ၁၉၇၀ ပြည့်နှစ် မတ်လ ၁၀ ရက်တွင် မွေးဖွားခဲ့သည်။ ၎င်းသည် ၁၉၉၆ ခုနှစ်တွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံ စစ်တကောင်းဆေးပညာကောလိပ်မှ ဆေးပညာဘွဲ့ကိုလည်းကောင်း၊ ၂၀၀၅ ခုနှစ်တွင် ဗြိတိန်နိုင်ငံ လန်ဒန်တက္ကသိုလ်မှ ကျန်းမာရေး မူဝါဒ၊ စီမံကိန်းရေးဆွဲရေးနှင့် ဘဏ္ဍာရေးဆိုင်ရာ မဟာသိပ္ပံဘွဲ့ကိုလည်းကောင်း၊ ၂၀၁၇ ခုနှစ်တွင် စင်ကာပူနိုင်ငံ နန်ယန်းနည်းပညာတက္ကသိုလ်မှ ပြည်သူ့ကျန်းမာရေးမြှင့်တင်ရေး ဆက်သွယ်မှုဆိုင်ရာ ပါရဂူဘွဲ့ကိုလည်းကောင်း ရရှိခဲ့သည်။

၎င်းသည် ၂၀၀၁ ခုနှစ်မှစတင်၍ ဘင်္ဂလားဒေ့ရှ်နိုင်ငံခြားရေးဝန်ကြီးဌာနသို့ စတင်ဝင်ရောက်တာဝန်ထမ်းဆောင်ခဲ့ပြီး ၂၀၀၁ ခုနှစ် မေလမှ ၂၀၀၅ ခုနှစ် မေလအထိ လက်ထောက်အတွင်းဝန်အဖြစ်လည်းကောင်း၊ ၂၀၀၆ ခုနှစ် ဩဂုတ်လ မှ ၂၀၀၈ ခုနှစ် မေလအထိ အမေရိကန်ပြည်ထောင်စု ဝါရှင်တန်ဒီစီမြို့ရှိ ဘင်္ဂလားဒေ့ရှ်သံရုံးတွင် ဒုတိယအတွင်းဝန်/ပထမအတွင်းဝန်အဖြစ်လည်းကောင်း၊ ၂၀၀၉ ခုနှစ် ဇွန်လမှ ၂၀၁၁ ခုနှစ် ဇူလိုင်လအထိ စင်ကာပူနိုင်ငံရှိ ဘင်္ဂလားဒေ့ရှ်မဟာမင်းကြီးရုံးတွင် ပထမအတွင်းဝန်/ သံမှူးအဖြစ်လည်းကောင်း၊ ၂၀၁၆ ခုနှစ် ဇွန်လမှ ၂၀၁၇ ခုနှစ် နိုဝင်ဘာလအထိ ဘင်္ဂလားဒေ့ရှ်နိုင်ငံခြားရေးဝန်ကြီးဌာနတွင် ညွှန်ကြားရေးမှူးချုပ်အဖြစ်လည်းကောင်း အဆင့်ဆင့် တာဝန်ထမ်းဆောင်ခဲ့သည်။

မစ္စတာ မိုဟာမက် မွန်(န)ဝါ ဟူစိန်သည် ၂၀၁၇ ခုနှစ် နိုဝင်ဘာလမှ လက်ရှိအချိန်အထိ နယူးယောက်မြို့ရှိ ကုလသမဂ္ဂဆိုင်ရာ ဘင်္ဂလားဒေ့ရှ် အမြဲတမ်းကိုယ်စားလှယ်အဖွဲ့ရုံးတွင် ဒုတိယအမြဲတမ်းကိုယ်စားလှယ်/ သံအမတ်အဖြစ် တာဝန်ထမ်းဆောင်လျက်ရှိသည်။

၎င်းသည် အိမ်ထောင်ရှင်တစ်ဦးဖြစ်ပြီး သားတစ်ဦး ရှိသည်။

**သတင်းစဉ်**

# ပျဉ်းမနားမြို့နယ်၌ လူဦးရေစာရင်းများ ကွင်းဆင်းကောက်ယူလျက်ရှိ

**ပျဉ်းမနား ဇန်နဝါရီ ၁၁**




နေပြည်တော် ပျဉ်းမနားမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ ဦးစီးမှူးရုံးက မြို့နယ်အတွင်းရှိ ရပ်ကွက်/ကျေးရွာများ၌ အိမ်ထောင်စုစာရင်းမြေပြင် ကွင်းဆင်းစာရင်းကောက်ယူခြင်း လုပ်ငန်းများ ဆောင်ရွက်နေမှုကို နေပြည်တော်ကောင်စီအဖွဲ့ဝင် ဦးကျော်သိန်းဆိုင်နှင့် တာဝန်ရှိသူများက ဇန်နဝါရီ ၁၀ ရက်က လှည့်လည်ကြည့်ရှုစစ်ဆေးသည်။ **(ယာပုံ)**

ပျဉ်းမနား မြို့နယ်အတွင်း မြေပြင် ကွင်းဆင်းစာရင်း ကောက်ယူနိုင်ရေး လုပ်ငန်းစဉ် တစ်ရပ်လုံး ပြီးမြောက်အောင်မြင်စေရေးအတွက် နေပြည်တော်ကောင်စီအဖွဲ့ဝင်၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ကိုဦး၊ ခရိုင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးမောင်မောင်နှင့် တာဝန်ရှိသူများက မင်္ဂလာရပ်ကွက်နှင့် ရွာကောက်ရပ်ကွက် အတွင်းရှိ အိမ်ထောင်စုများတွင် လူတစ်ဦးချင်းစီ၏ ကိုယ်ရေးအချက်အလက်များ မှန်ကန်စေရေး၊ မြေပြင်လူဦးရေစာရင်းများ တိကျမှန်ကန်စေရေး၊ လူဦးရေဆိုင်ရာ စာရင်းအချက်အလက်များနှင့် မသန်စွမ်းငါးမျိုးစာရင်း တစ်အိမ်တက်ဆင်း ကောက်ယူနေသည့် အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ပူးပေါင်းဆောင်ရွက်ပေးခဲ့သည်။

ပျဉ်းမနား မြို့နယ်အတွင်းရှိ အခြား ရပ်ကွက်/ကျေးရွာများတွင်လည်း စာရင်းကောက်ယူရေးအဖွဲ့များက တစ်ပြိုင်တည်း ကွင်းဆင်း ဆောင်ရွက်လျက် ရှိကြောင်းနှင့် စာရင်း ကောက်ယူနေမှုများကို မြေပြင် ကွင်းဆင်းစာရင်းကောက်ယူရေး ကြီးကြပ်မှုကော်မတီအဖွဲ့ဝင်များက ဇန်နဝါရီ ၃၁ ရက် နောက်ဆုံးထား၍ ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

**မျိုးသီဟ(ပြန်/ဆက်)**

# ခရီးသွားပြည်သူများသွားလာနိုင်ရန် ရန်ကုန်မြို့ပတ်ရထား အစင်း ၃၀ ဖြင့် ပြေးဆွဲ

**ရန်ကုန် ဇန်နဝါရီ ၁၁**

မြန်မာ့မီးရထားအနေဖြင့် ခရီးသွားပြည်သူများသွားလာနိုင်ရန် ရန်ကုန်မြို့ပတ်ရထား အစင်း ၃၀ ဖြင့် ပြေးဆွဲလျက်ရှိကြောင်း မြန်မာ့မီးရထားမှ သိရသည်။



မြန်မာ့မီးရထားအနေဖြင့် မြို့ပတ်ရထား လက်ရှိ အစင်း ၃၀ ဖြင့် ရန်ကုန်–ဒညင်းကုန်းလမ်းပိုင်း၊ ရန်ကုန်–မင်္ဂလာဒုံ–အင်းစိန်လမ်းပိုင်း၊ ရန်ကုန်–တိုးကြောင်ကလေးလမ်းပိုင်း လက်ရှိ ရထားတွဲဆိုင်း ငါးဆိုင်းဖြင့် ခေါက်ရေ ၃၀ နေ့စဉ်ပြေးဆွဲပေးလျက်ရှိပြီး ခရီးသည်ဦးရေ ၄၅၀၀ မှ ၅၀၀၀၊ တချို့ပိတ်ရက်တွင် ၅၀၀၀ ကျော် နေ့စဉ်စီးနင်းလျက်ရှိကြောင်း သိရသည်။

ထို့ပြင် နယ်ဝေးခရီးစဉ်ရထားလက်မှတ်များကို အွန်လိုင်းဖြင့် လုံးဝ(လုံးဝ) မရောင်းသေးကြောင်း၊ အထက်တန်းလက်မှတ်ကို သုံးရက် ကြိုတင်ရောင်းချပေးကြောင်း၊ လိုက်မည့်လူတစ်ဦးကို လက်မှတ်သုံးစောင် ဝယ်ယူ၍ရကြောင်း၊ ရိုးရိုးတန်းလက်မှတ်ကို တစ်ရက်ကြိုတင်ရောင်းချပေးကြောင်း၊ လူတစ်ဦးကို ငါးစောင်အထိ ဝယ်ယူ၍ရကြောင်း၊ နံနက် ၇ နာရီမှ ညနေ ၃ နာရီအထိ ရောင်းချပေးကြောင်း၊ ရက်ကြိုလက်မှတ်ရုံ၌ ရထားထွက်မည့်နေ့တွင် လက်ကျန်လက်မှတ်များကို ရန်ကုန်ဘူတာကြီး လက်မှတ်အရောင်းဌာနတွင် ဆက်လက်ရောင်းချပေးကြောင်း၊ ဗိုလ်ချုပ်လမ်း ဝဇီရာရုပ်ရှင်ရုံရှေ့ ရက်ကြိုလက်မှတ်ရုံ၌ ရက်ကြိုလက်မှတ်များကို ရောင်းချပေးလျက်ရှိကြောင်း မြန်မာ့မီးရထားမှ သိရသည်။

**အာကာစိုး**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များနှင့် ပြည်ထောင်စုဝန်ကြီးများ မြစ်ကြီးနားနှင့် ဝိုင်းမော်မြို့နယ်အတွင်း အထင်ကရနေရာများ သွားရောက်လေ့လာ၊ ကချင်တိုင်းရင်းသားတို့၏ အနုပညာလုပ်ငန်း တိုးတက်အောင်မြင်စေရေး ပေါင်းစပ်ညှိနှိုင်းဆွေးနွေး

မြစ်ကြီးနား ဇန်နဝါရီ ၁၁

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်များနှင့် ပြည်ထောင်စုဝန်ကြီးများသည် ယနေ့ နံနက် ၈ နာရီခွဲတွင် မြစ်ကြီးနားနှင့် ဝိုင်းမော်မြို့နယ်အတွင်းရှိ အထင်ကရနေရာများသို့ သွားရောက်လေ့လာကြပြီး ကချင်အနုပညာရှင်အသင်းချုပ် ဗဟိုကော်မတီရုံး၌ ကချင်တိုင်းရင်းသားတို့၏ အနုပညာလုပ်ငန်းများ တိုးတက်အောင်မြင်လာစေရေး ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးကြသည်။**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များနှင့် ပြည်ထောင်စုဝန်ကြီးများ ဝိုင်းမော်မြို့နယ် ဧရာဝတီမြစ်ကမ်းဘေး ရွှေမိုးတောင်ပေါ်ရှိ ရဟန္တာတစ်ထောင်ရှင်ပင်မြတ်စွာ ဆုတောင်းပြည့်စေတီတော်မြတ်ကြီးအား လက်ယာရစ်လှည့်လည်ပူဇော်စဉ်။

### ဖူးမြော်ကြည်ညို

ရှေးဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် Jeng Phang နော်တောင်၊ ဦးမောင်းဟာ၊ ဦးစိုင်းလုံးဆိုင်၊ ဦးရွှေကြိမ်းတို့နှင့်အတူ ပြည်ထောင်စုဝန်ကြီး ဒုတိယ ဗိုလ်ချုပ်ကြီး ထ ွန်းထွန်းနောင်၊ ဦးမောင်မောင်အုန်း၊ ဦးလှမိုး၊ ဦးသောင်းဟန်၊ ဦးအောင်နိုင်ဦး၊ ဒေါက်တာညွှန့်ဖေ၊ ဦးမင်းသိန်း၏၊ ဦးမျိုးသန့်၊ ဦးစောထွန်းအောင်မြင့်၊ ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်၊ မြောက်ပိုင်းတိုင်းစစ် ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ် ကိုကိုမောင်၊ ဒုတိယဝန်ကြီး ဗိုလ်ချုပ်ဖြိုးသန့်နှင့် ဦးဇော်အေးမောင်၊ တပ်မတော်အရာရှိကြီးများ၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများသည် ဝိုင်းမော်မြို့နယ်မိုင်းနားကျေးရွာအုပ်စုအတွင်း ဧရာဝတီမြစ်ကမ်းဘေး ရွှေမိုးတောင်ပေါ်ရှိ ရဟန္တာတစ်ထောင် ရှင်ပင်မြတ်စွာ ဆုတောင်းပြည့်စေတီတော်မြတ်ကြီးအား ဖူးမြော်ကြည်ညို၍ ပန်း၊ ရေချမ်း၊ ဆီမီး ကပ်လှူပူဇော်ကြပြီး စေတီတော်အား လက်ယာရစ် လှည့်လည်ပူဇော်၍ ဧည့်သည်တော် မှတ်တမ်းတွင် လက်မှတ်ရေးထိုးကြကာ စေတီတော် ဘက်စုံပြုပြင်မွမ်းမံနိုင်ရေး အလှူငွေများ ဆက်ကပ်လှူဒါန်းကြသည်။

ထိုမှတစ်ဆင့် မြစ်ကြီးနားမြို့ မန်ခိန်ရပ်ကွက်အတွင်း ဧရာဝတီမြစ်ကမ်းဘေးရှိ ကရိန်နော် အပန်းဖြေရိပ်သာသို့ သွားရောက်ပြီး အပန်းဖြေရိပ်သာအတွင်း အပန်းဖြေရိပ်သာ ထူထောင်ခဲ့သူ ဒူဝါကရိန်နော်၏ မှတ်တမ်းဓာတ်ပုံများနှင့် အပန်းဖြေရိပ်သာအတွင်း လှည့်လည်ကြည့်ရှုကြသည်။

### ပေါင်းစပ်ညှိနှိုင်းပေး

ထို့နောက် မြစ်ကြီးနား တက္ကသိုလ်သို့ ရောက်ရှိပြီး ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်များ၊ ပါမောက္ခဌာနမှူးများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံကာ တက္ကသိုလ်သန့်ရှင်း သာယာလှပမှု၊ မိန်းလမ်းမကြီးတစ်လျှောက် လမ်းလယ်ကျွန်းများတွင် ပန်းပင်များ စိုက်ပျိုးထားရှိမှုနှင့် ဘွဲ့နှင်းသဘင်ခန်းမတို့ကို ကြည့်ရှုစစ်ဆေးပြီး ကျောင်းသား ကျောင်းသူများ ဘော်လီဘော၊ ဖူဆယ်ဘောလုံး အားကစားနည်းများ လေ့ကျင့်ကစားနိုင်ရေးအတွက် အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက အားကစား အထောက်အကူပြုပစ္စည်းများ ကူညီဖြည့်ဆည်းပေးနိုင်ရေး ပေါင်းစပ်ညှိနှိုင်းပေးကြသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် တာဝန်ရှိသူများ မြစ်ကြီးနားမြို့ စီတာပူရပ်ကွက် မနောအိမ်တော်ရှေ့၌ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်စဉ်။

### ရင်းရင်းနှီးနှီးတွေ့ဆုံ

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် အဖွဲ့သည် မြစ်ကြီးနားမြို့ စီတာပူရပ်ကွက်မနောကွင်းသို့သွားရောက်ပြီး မြန်မာနိုင်ငံ ကချင်လူမျိုးရိုးရာယဉ်ကျေးမှုအသင်း ဥက္ကဋ္ဌ၊ တာဝန်ရှိသူများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ပြီး မနောအိမ်တော်ရှေ့နှင့် မနောကွင်းအတွင်း၌ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ဆက်လက်၍ အဆိုပါ မနောကွင်းအတွင်းရှိ ကချင်အနုပညာရှင်များ အသင်းချုပ်ဗဟို ကော်မတီရုံးသို့ သွားရောက်ပြီး ကချင်အနုပညာရှင်များအသင်း ဥက္ကဋ္ဌ ဒါရိုက်တာ JZ ဒေါင်လွမ်း၊ အသင်းရုံး တာဝန်ရှိသူများနှင့် ရင်းရင်းနှီးနှီး မိတ်ဆက် တွေ့ဆုံကာ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက ကချင်ပြည်နယ်၏ သဘာဝပတ်ဝန်းကျင် အလှအပများ၊ တိုင်းရင်းသားတို့၏ ဓလေ့ထုံးစံများနှင့် ပြည်နယ်၏ ဂုဏ်ကို ဖော်ကျူးသည့် ဓာတ်လမ်းများ ရိုက်ကူးထုတ်လုပ်နိုင်ရေး၊ မျိုးဆက်သစ်တိုင်းရင်းသား အနုပညာရှင်များ မွေးထုတ်နိုင်ရေး ညှိနှိုင်းပေါင်းစပ် ဆွေးနွေးကြကာ အသင်းအတွက် ထောက်ပံ့ငွေများ ထောက်ပံ့ ပေးအပ်ကြသည်။




ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း ကချင်အနုပညာရှင်များအသင်းအတွက် ထောက်ပံ့ငွေများ ပေးအပ်စဉ်။

### လိုက်ပါနှုတ်ဆက်

မွန်းလွဲပိုင်းတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များနှင့် ပြည်ထောင်စုဝန်ကြီးများသည် တပ်မတော်အထူးလေယာဉ်ဖြင့် နန်ပေါင်လေဆိပ်မှ ပြန်လည်ထွက်ခွာရာ ပြည်နယ်ဝန်ကြီးချုပ်နှင့် ဇနီး၊ တိုင်းမှူးနှင့် ဇနီး၊ တပ်မတော်အရာရှိကြီးများ နှင့် ဇနီးများ၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်နှင့် ဇနီး၊ ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် ၎င်းတို့၏ဇနီးများ၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာများ၊ တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှုအဖွဲ့များက လိုက်ပါနှုတ်ဆက်ခဲ့ကြကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

# မြို့နယ်အဆင့် မဲဆန္ဒရှင်စာရင်း စီမံခန့်ခွဲမှုစနစ် အသုံးပြုနည်းသင်တန်းဖွင့်ပွဲကျင်းပ

## ဆန္ဒမဲပေးပိုင်ခွင့်နှင့်စပ်လျဉ်း၍ မဲဆန္ဒရှင်များအနေဖြင့် နိုင်ငံသား၊ ဧည့်နိုင်ငံသား၊နိုင်ငံသားပြုခွင့်ရသူ အထောက်အထားသက်သေခံ ကတ်ပြားတစ်ခုခု ကိုင်ဆောင်ထားသူဖြစ်ရမည်ဖြစ်ပြီး သက်ဆိုင်ရာမဲဆန္ဒနယ်၏ မဲစာရင်း၌ပါဝင်မှသာ မဲပေးပိုင်ခွင့်ရရှိမည်

**နေပြည်တော် ဇန်နဝါရီ ၁၁**

မြို့နယ်အဆင့် မဲဆန္ဒရှင်စာရင်း စီမံခန့်ခွဲမှုစနစ် အသုံးပြုနည်းသင်တန်း ဖွင့်ပွဲကို ယနေ့ နံနက် ၉ နာရီခွဲတွင် စစ်ကြောရေးနှင့် တည်းခိုရေးတပ်ဆင်ဖြူရှင်ခန်းမ၌ ကျင်းပသည်။

### တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် စတင်ဆောင်ရွက်

သင်တန်းဖွင့်ပွဲတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးသိန်းစိုးက ယနေ့ သင်တန်းတွင် ပို့ချပေးမည့် Software နှစ်မျိုးသည် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများက အဓိကကိုင်တွယ်အသုံးပြုရမည့် Software များဖြစ်ကြောင်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် မဲဆန္ဒရှင်စာရင်းများ ပြည့်စုံမှန်ကန်ရေးအတွက် အလေးထား ဆောင်ရွက်လျက်ရှိကြောင်း၊ မဲဆန္ဒရှင်စာရင်းပြုစုခြင်းနှင့် စပ်လျဉ်း၍ "မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲနှင့် ရပ်ကွက်သို့မဟုတ် ကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတို့သည် မဲဆန္ဒနယ်အသီးသီးအတွက် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများ၏ မဲစာရင်းများကိုပြုစုရာတွင် ကော်မရှင်ကသတ်မှတ်သည့် လူဦးရေစာရင်းပုံစံဇယားများအတိုင်း ပြည်ထဲရေးဝန်ကြီးဌာန၏ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ မြို့နယ်ဦးစီးမှူးရုံးတို့က ပြုစုထားသည့် လူဦးရေစာရင်းများကို ရယူအခြေခံပြီးပြုစုရမည်" ဟု လွှတ်တော်ရွေးကောက်ပွဲ ဥပဒေများ၌ ပြဋ္ဌာန်းထားကြောင်း၊ သို့ဖြစ်၍ ရွေးကောက်ပွဲကော်မရှင်သည် ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီလကစတင်ပြီး သက်ဆိုင်ရာ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ မြို့နယ်ဦးစီးမှူးရုံးက ပြုစုထားသည့် အိမ်ထောင်စုလူဦးရေစာရင်း ပုံစံ(၆၆/၆)များအရ စာရင်းကို အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက သက်ဆိုင်ရာမြို့နယ်၊ ရပ်ကွက်/ ကျေးရွာအုပ်စုအလိုက် ပြုစုထားသည့် လူဦးရေစာရင်းများနှင့် တိုက်ဆိုင်စစ်ဆေးခြင်းလုပ်ငန်း (ရွှေ့ပြေးစီမံချက်)ကို တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် စတင်ဆောင်ရွက်ခဲ့ကြောင်း။

ရွှေ့ပြေးစီမံချက်အရ ပြုစုပြီးသည့် မြို့နယ်အလိုက် လူဦးရေစာရင်းများကို ကနဦး မဲဆန္ဒရှင်စာရင်းများစိစစ်ခြင်းစနစ် (IVLS) ဖြင့် စိစစ်ခဲ့ပါကြောင်း၊ စိစစ်တွေ့ရှိချက်များကို သက်ဆိုင်ရာ လဝက/ထွေအုပ်သို့ ပေးပို့၍ လစဉ်လူဦးရေအတိုး/အလျော့စာရင်း ပြုစုခြင်း၊ အချက်အလက်များ ပြင်ဆင်/ ဖြည့်စွက်ခြင်းတို့ကို ဆောင်ရွက်လျက်ရှိကြောင်း၊ လစဉ်လူဦးရေအတိုး/အလျော့စာရင်းအနက်မှ ၂၀၂၂ ခုနှစ်အောက်တိုဘာလအထိ ပြုစုထားသည့် လူဦးရေစာရင်းအပေါ်အခြေခံပြီး (Cross-Check) စိစစ်ခြင်းကို ဆောင်ရွက်ခဲ့ကြောင်း၊ စိစစ်တွေ့ရှိသည့် အကြိမ်ထပ်စာရင်းများကို သက်ဆိုင်ရာ လဝက/ထွေအုပ်တို့နှင့် ညှိနှိုင်းပူးပေါင်း၍ လူဦးရေစာရင်းများ မှန်ကန်စေရေး ဆောင်ရွက်လျက်ရှိပါကြောင်း။



ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးသိန်းစိုး မြို့နယ်အဆင့် မဲဆန္ဒရှင်စာရင်း စီမံခန့်ခွဲမှုစနစ် အသုံးပြုနည်းသင်တန်းဖွင့်ပွဲတွင် အမှာစကားပြောကြားစဉ်။

### မဲဆန္ဒရှင်စာရင်းများ ပြုစုဆောင်ရွက်သွားရမည်

ထိုကဲ့သို့ ဆောင်ရွက်ပြီးသည့်စာရင်းများအား ယခုသင်ကြားပို့ချမည့် မြို့နယ်အဆင့် မဲဆန္ဒရှင်စာရင်း စီမံခန့်ခွဲမှုစနစ်များဖြစ်သည့် ADMIN နှင့် DEO Software များအတွင်း ထည့်သွင်း၍ မဲဆန္ဒရှင်စာရင်းများ ပြုစုဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ADMIN Software တွင် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများက ဗဟိုအဆင့်မဲဆန္ဒရှင်စာရင်းစီမံခန့်ခွဲမှုစနစ်မှ မိမိမြို့နယ်နှင့်သက်ဆိုင်သည့် အချက်အလက်များရယူ၍ မိမိမြို့နယ် ADMIN Software အတွင်းသို့ တင်သွင်းခြင်း၊ ADMIN Software မှ သတ်မှတ်ဖိုင်များနှင့် မဲရုံအချက်အလက်ဖိုင်များ ထုတ်ယူ၍ ဗဟိုအဆင့်စနစ်နှင့် DEO Software အတွင်းသို့ တင်သွင်းခြင်း၊ DEO များက DEO Software အတွင်း ဆောင်ရွက်ပြီးရရှိလာသည့် ရပ်ကွက်/ ကျေးရွာအုပ်စု မဲရုံအလိုက်စာရင်းဖိုင်များကို ADMIN Software တွင် ပြန်လည်စုစည်းခြင်း၊ မိမိမြို့နယ်အတွင်း မဲစာရင်း ထပ်မထပ်စစ်ဆေးခြင်း၊ ADMIN Software မှ မဲစာရင်းပုံစံများ ပြန်လည်ထုတ်ယူခြင်း၊ ဗဟိုအဆင့်မဲဆန္ဒရှင်စာရင်း စီမံခန့်ခွဲမှုစနစ်သို့ စာရင်းများ ပြန်လည်တင်သွင်းခြင်း အစရှိသည့် လုပ်ဆောင်ချက်များပါဝင်မည်ဖြစ်ကြောင်း။

### မဲစာရင်းများ တိကျမှန်ကန်စေသည့် အကျိုးကျေးဇူးများစွာရရှိ

DEO Software တွင် ADMIN Software က သတ်မှတ်ထုတ်ပေးထားသည့် ဖိုင်များကို Software အတွင်းသို့တင်သွင်းခြင်း၊ လူဦးရေစာရင်းများ တင်သွင်းခြင်း၊ မဲရုံအလိုက် လူဦးရေစာရင်းများ ခွဲဝေသတ်မှတ်ခြင်း၊ မဲဆန္ဒရှင်အမျိုးအစားများ သတ်မှတ်ခြင်း၊ ပုံစံများရေးသွင်းခြင်း၊ မိမိတင်သွင်းထားသည့် အချက်အလက်များ ထပ်/မထပ်စစ်ဆေးခြင်း၊ DEO Software ဖြင့် ဆောင်ရွက်ပြီးသည့် မဲစာရင်းများကို ADMIN Software သို့ တင်သွင်းခြင်း အစရှိသည့် လုပ်ဆောင်ချက်များပါဝင်မည်ဖြစ်ကြောင်း၊ မြို့နယ်အဆင့် မဲဆန္ဒရှင်စာရင်း စီမံခန့်ခွဲမှုစနစ်သည် မဲစာရင်းပြုစုခြင်းလုပ်ငန်းစဉ် အဆင့်ဆင့်အား ကွန်ပျူတာစနစ်ဖြင့် ဆောင်ရွက်နိုင်ရန် ရေးဆွဲထားခြင်းဖြစ်ပြီး ဗဟိုအဆင့်၊ ADMIN နှင့် DEO Software များအကြား အပြန်အလှန် ချိတ်ဆက်အသုံးပြုရသည့်စနစ်ဖြစ်ပါကြောင်း၊ ယခု Software များ အသုံးပြုခြင်းအားဖြင့် မဲစာရင်းပြုစုခြင်း လုပ်ငန်းစဉ်အဆင့်ဆင့်ကို ဆောင်ရွက်ရာတွင် ပိုမိုလွယ်ကူမြန်ဆန်စေမည်ဖြစ်သည့်အပြင် မဲစာရင်းများ တိကျမှန်ကန်စေသည့် အကျိုးကျေးဇူးများစွာ ရရှိမည်ဖြစ်ကြောင်း။

### မဲဆန္ဒရှင်များမကျန်ရှိစေရေး စနစ်တကျစိစစ်ဆောင်ရွက်

ဆန္ဒမဲပေးပိုင်ခွင့်နှင့်စပ်လျဉ်း၍ မဲဆန္ဒရှင်များအနေဖြင့် နိုင်ငံသား၊ ဧည့်နိုင်ငံသား၊ နိုင်ငံသားပြုခွင့်ရသူ အထောက်အထားသက်သေခံကတ်ပြားတစ်ခုခု ကိုင်ဆောင်ထားသူဖြစ်ရမည်ဖြစ်ပြီး သက်ဆိုင်ရာမဲဆန္ဒနယ်၏ မဲစာရင်း၌ပါဝင်မှသာ မဲပေးပိုင်ခွင့်ရရှိမည်ဖြစ်ပါကြောင်း၊ ထို့အတွက်ကြောင့် မဲဆန္ဒရှင်များသည် သက်ဆိုင်ရာမဲဆန္ဒနယ်များ၌ ပုံစံ (၆၆/၆) ရှိရမည်ဖြစ်ကြောင်း၊ သို့မှသာ သက်ဆိုင်ရာမဲဆန္ဒနယ်၏ မဲစာရင်းတွင် ပါဝင်မည်ဖြစ်ပါကြောင်း၊ မဲစာရင်းပြုစုရာတွင် သက်ဆိုင်ရာ မဲဆန္ဒနယ်အတွင်းနေထိုင်ကြောင်း အိမ်ထောင်စုဇယား ပုံစံ(၆၆/၆) တွင်ပါဝင်သည့် ဆန္ဒမဲပေးပိုင်ခွင့်ရှိသည့် စာရင်းအမှန်အတိုင်းဖြစ်ရန်လိုကြောင်း၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနအနေဖြင့်လည်း အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် ပူးပေါင်း၍ မြေပြင်တစ်အိမ်တက်ဆင်း ကွင်းဆင်းကောက်ယူရေးအဖွဲ့များ ဖွဲ့စည်း၍ လူဦးရေစာရင်းများ မှန်ကန်စွာရရှိရေးအတွက် မဲဆန္ဒရှင်ပြည်သူများကို အသိပညာပေးဆွေးနွေးပွဲများပြုလုပ်ပြီး တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဆောင်ရွက်လျက်ရှိပါကြောင်း၊ မဲဆန္ဒရှင်စာရင်းများပြုစုရာတွင် ပြဋ္ဌာန်းထားသည့် ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ဆောင်ရွက်ရန်လိုသကဲ့သို့ ဆန္ဒမဲပေးပိုင်ခွင့်ရှိသည့် မဲဆန္ဒရှင်များ မကျန်ရှိစေရေး စနစ်တကျ စိစစ်ဆောင်ရွက်ရန်လိုကြောင်း၊ သင်တန်းသားများအနေဖြင့် ယနေ့ သင်ကြားပို့ချမည့် မြို့နယ်အဆင့် မဲဆန္ဒရှင်စာရင်း စီမံခန့်ခွဲမှုစနစ်များဖြစ်သည့် ADMIN နှင့် DEO Software နှစ်မျိုးကို ကျွမ်းကျွမ်းကျင်ကျင် အသုံးပြုနိုင်ရန် လိုအပ်သည့်အတွက် သင်တန်းပို့ချချက်များအပေါ် ကျွမ်းကျွမ်းကျင်ကျင်ဖြစ်အောင် လေ့လာသင်ယူသွားကြရန် ပြောကြားသည်။



ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးသိန်းစိုး မြို့နယ်အဆင့် မဲဆန္ဒရှင်စာရင်း စီမံခန့်ခွဲမှုစနစ် အသုံးပြုနည်းသင်တန်းဖွင့်ပွဲ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

အဆိုပါ သင်တန်းဖွင့်ပွဲသို့ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ဝင်များ၊ ကော်မရှင်ရုံးတာဝန်ရှိသူများနှင့် သင်တန်းသား၊သင်တန်းသူ လက်ထောက်ညွှန်ကြားရေးမှူးနှင့် ဦးစီးအရာရှိ ၁၅၀ တက်ရောက်ကြပြီး သင်တန်းကို ယနေ့မှ ဇန်နဝါရီ ၁၄ ရက်အထိ ဖွင့်လှစ်ပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



နေပြည်တော်ကောင်စီဥက္ကဋ္ဌ သီရိပျံချီ ဦးတင်ဦးလွင် ဝဏ္ဏကျော်ထင်ဘွဲ့ရရှိသူ နိုင်ငံခြားရေးဝန်ကြီးဌာန သံအမတ်ကြီး ဒေါ်မော်မော် (ကိုယ်စား) မောင်ဖြစ်သူ ဦးမင်းထွဋ်အား ဂုဏ်ထူးဆောင်ဘွဲ့ ချီးမြှင့်အပ်နှင်းစဉ်။



ကရင်ပြည်နယ်ဝန်ကြီးချုပ် သီရိပျံချီ ဦးစောမြင့်ဦး သီရိပျံချီဘွဲ့ရရှိသည့် တောင်ကလေးဆရာတော်အား ဂုဏ်ထူးဆောင်ဘွဲ့ ဆက်ကပ်စဉ်။



နေပြည်တော်ကောင်စီဥက္ကဋ္ဌ သီရိပျံချီ ဦးတင်ဦးလွင် ဝဏ္ဏကျော်ထင်ဘွဲ့ရရှိသူ နိုင်ငံခြားရေးဝန်ကြီးဌာန သံအမတ်ကြီး(ငြိမ်း)ဦးစိုးဝင်း(ကိုယ်စား)ဇနီးဖြစ်သူ ဒေါ်ခင်ဝင်းကြည်အား ဂုဏ်ထူးဆောင်ဘွဲ့ ချီးမြှင့်အပ်နှင်းစဉ်။




ကရင်ပြည်နယ်ဝန်ကြီးချုပ် သီရိပျံချီ ဦးစောမြင့်ဦး ဝဏ္ဏကျော်ထင်ဘွဲ့ရရှိသည့် မြိုင်ကြီးငူ ဆရာတော် ဘဒ္ဒန္တသုဇန (ကိုယ်စား) ဒုတိယမြိုင်ကြီးငူဆရာတော်အား ဂုဏ်ထူးဆောင်ဘွဲ့ ဆက်ကပ်စဉ်။




အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် မြတ်သက်ဦး ဝဏ္ဏကျော်ထင်ဘွဲ့ရရှိသူ မွန်ပြည်သစ်ပါတီဥက္ကဋ္ဌ နိုင်ရွှေကျင် (ကိုယ်စား) သားဖြစ်သူ ဦးကိုကိုဦးအား ဂုဏ်ထူးဆောင်ဘွဲ့ ချီးမြှင့်အပ်နှင်းစဉ်။



မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဝဏ္ဏကျော်ထင် သီရိပျံချီ ဦးမောင်ကို သီရိပျံချီဘွဲ့ရရှိသူ ချင်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ(ငြိမ်း)၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး(ငြိမ်း) ဗိုလ်မှူးကြီး လှငွေ (ကိုယ်စား) ဇနီးဖြစ်သူ ဒေါ်သိန်းသိန်းအား ဂုဏ်ထူးဆောင်ဘွဲ့ ချီးမြှင့်အပ်နှင်းစဉ်။

❐ *ကျောဖုံးမှ*

ထိုသို့ ချီးမြှင့်အပ်နှင်းရာတွင် နေပြည်တော်ကောင်စီဥက္ကဋ္ဌ သီရိပျံချီ ဦးတင်ဦးလွင်နှင့် နေပြည်တော်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ် ဇေယျကျော်ထင်ဇော်ဟိန်းတို့က သီရိပျံချီဘွဲ့ရရှိသူ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး (ငြိမ်း) ဦးအုန်းမောင်၊ ဝဏ္ဏကျော်ထင်ဘွဲ့ရရှိသူ အမှတ်(၂) စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး(ငြိမ်း) ဦးမျိုးအောင်၊ ဝဏ္ဏကျော်ထင်ဘွဲ့ရရှိသူ နိုင်ငံခြားရေးဝန်ကြီးဌာန သံအမတ်ကြီး (ငြိမ်း) ဦးစောလှမင်း၊ ဝဏ္ဏကျော်ထင်ဘွဲ့ရရှိသူ နိုင်ငံခြားရေးဝန်ကြီးဌာန သံအမတ်ကြီး ဒေါ်မော်မော် (ကိုယ်စား) မောင်ဖြစ်သူ ဦးမင်းထွဋ်၊ ဝဏ္ဏကျော်ထင်ဘွဲ့ရရှိသူ နိုင်ငံခြားရေးဝန်ကြီးဌာန သံအမတ်ကြီး (ငြိမ်း) ဦးစိုးဝင်း(ကိုယ်စား)ဇနီးဖြစ်သူ ဒေါ်ခင်ဝင်းကြည်တို့ကို ဂုဏ်ထူးဆောင်ဘွဲ့များ လက်ရောက် ချီးမြှင့်အပ်နှင်းသည်။

ထို့အတူ မွန်ပြည်နယ် ဝန်ကြီးချုပ် သီရိပျံချီ ဦးဇော်လင်းထွန်းက သီရိပျံချီဘွဲ့ရရှိသူ ဦးအုန်းကျော်၊ ဝန်ကြီး (လူမှုဝန်ထမ်းဌာန၊ အလုပ်သမားဌာန) ကိုယ်စား ဇနီးဖြစ်သူ ဒေါ်သက်ဉာဏ်၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် မြတ်သက်ဦးက ဝဏ္ဏကျော်ထင်ဘွဲ့ရရှိသူ မွန်ပြည်သစ်ပါတီဥက္ကဋ္ဌ နိုင်ရွှေကျင် (ကိုယ်စား) သားဖြစ်သူ ဦးကိုကိုဦးတို့ကို ဂုဏ်ထူးဆောင်ဘွဲ့များ လက်ရောက် ချီးမြှင့်အပ်နှင်းသည်။

အလားတူ ကရင်ပြည်နယ် ဝန်ကြီးချုပ် သီရိပျံချီ ဦးစောမြင့်ဦးက သီရိပျံချီ ဘွဲ့ရရှိသည့် တောင်ကလေး ဆရာတော်နှင့် ဝဏ္ဏကျော်ထင်ဘွဲ့ရရှိသည့် မြိုင်ကြီးငူ ဆရာတော်ဘဒ္ဒန္တသုဇန (ကိုယ်စား) ဒုတိယ မြိုင်ကြီးငူဆရာတော်တို့ထံ ဂုဏ်ထူး ဆောင်ဘွဲ့များ ဆက်ကပ်သည်။

*စာမျက်နှာ ၆ သို့*

*စာမျက်နှာ ၅ မှ*

ထို့နောက် အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် မြတ်သက်ဦးက သီရိပုံချီဘွဲ့ ရရှိသည့် တိုးတက်သော ဗုဒ္ဓဘာသာ ကရင်အမျိုးသား အစည်းအရုံး နယ်ခြားစောင့်တပ်များ ဗဟိုအကြံပေးနှင့် ကွပ်ကဲရေးအဖွဲ့ ဥက္ကဋ္ဌ (DKBA) ဗိုလ်မှူးကြီး စောထွန်းလှိုင်နှင့် ဟောင်သရော အထူးဒေသမှ ဂုဏ်ထူးဆောင် ဒုတိယဗိုလ်မှူးကြီး စောဒေါဒေါ (ကိုယ်စား) ဗိုလ်မှူး ချစ်ဝင်းတို့ကို ဂုဏ်ထူးဆောင်ဘွဲ့များ ချီးမြှင့်အပ်နှင်းသည်။

အလားတူ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဝဏ္ဏကျော်ထင် သီရိပျံ့ချီ ဦးမောင်ကိုက သတိုးမဟာသရေစည်သူ ဘွဲ့ရရှိသော နိုင်ငံတော်ဝန်ကြီးချုပ် (ငြိမ်း) ဦးမောင်မောင်ခ (ကိုယ်စား) ဇနီးဖြစ်သူ ဒေါ်လွင်လွင်မြင့်၊ အလင်္ကာကျော်စွာဘွဲ့ ရရှိသော စာရေးဆရာ ဦးကိုလေး (ကိုလေးအင်းဝဂုဏ်ရည်)၊ သီရိပျံ့ချီဘွဲ့ရရှိသော ချင်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ (ငြိမ်း)၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး (ငြိမ်း) ဗိုလ်မှူးကြီး လှငွေ (ကိုယ်စား) ဇနီးဖြစ်သူ ဒေါ်သိန်းသိန်း၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ဇေယျကျော်ထင် ကိုကိုဦးက ဇေယျကျော်ထင်ဘွဲ့ ရရှိသော စစ်ဥပဒေချုပ် (ငြိမ်း) ဗိုလ်ချုပ်သန်းဦး (ကိုယ်စား) ဇနီးဖြစ်သူ ဒေါ်မြင့်သန်း၊ သီရိပျံ့ချီဘွဲ့ ရရှိသော ကရင်ရေးရာဝန်ကြီး မန်းဘဆိုင် (ကိုယ်စား) သားဖြစ်သူ မန်းဖုန်းဆိုင်တို့ကို ဂုဏ်ထူးဆောင်ဘွဲ့များ လက်ရောက်ချီးမြှင့် အပ်နှင်းခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



တိုင်းမှူး ဗိုလ်ချုပ် ဇေယျကျော်ထင် ကိုကိုဦး ဇေယျကျော်ထင်ဘွဲ့ ရရှိသော စစ်ဥပဒေချုပ် (ငြိမ်း) ဗိုလ်ချုပ်သန်းဦး (ကိုယ်စား) ဇနီးဖြစ်သူ ဒေါ်မြင့်သန်းအား ဂုဏ်ထူးဆောင်ဘွဲ့ ချီးမြှင့်အပ်နှင်းစဉ်။



## ဒေသတွင်း စိုက်ပျိုး၊ မွေးမြူရေးနှင့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်နိုင်ရေးအတွက် စိုက်ပျိုး၊ မွေးမြူရေးလုပ်ငန်းများဆောင်ရွက်

**နေပြည်တော် ဇန်နဝါရီ ၁၁**

ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုကြောင့် ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများ ဆောင်ရွက်နေချိန်တွင် ဒေသတွင်းစားနပ်ရိက္ခာဖူလုံရေးနှင့် ပြည်သူများ၏ စားသောက်ရေးကို အထောက်အကူဖြစ်စေရန်အတွက် တိုင်းစစ်ဌာနချုပ်များ၊ တပ်ရင်း၊ တပ်ဖွဲ့များ၌ စိုက်ပျိုး၊ မွေးမြူရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။

ထို့သို့ ဆောင်ရွက်လျက်ရှိရာ ယနေ့ညနေပိုင်းတွင် အနောက်တောင်တိုင်းစစ် ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် ကြည်ခိုင်နှင့် အဖွဲ့ဝင်များသည် ပုသိမ်မြို့ စံပြဘက်စုံ စိုက်ပျိုးမွေးမြူရေးခြံ၌ ခရမ်းစိုက်ပျိုးထားရှိမှု၊ တိုင်ထောင်ပဲ စိုက်ပျိုးထားရှိမှု၊ မြေအစားထိုးဓာတုကင်းလွတ်ဟင်းသီးဟင်းရွက် စိုက်ပျိုးထားရှိမှု၊ ဥစားကြက် မွေးမြူထားရှိမှု၊ DYL ဝက်မွေးမြူထားရှိမှုနှင့် ဥစားဘဲ မွေးမြူထားရှိမှုများကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများနှင့် တွေ့ဆုံကာ ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်နိုင်ရေးနှင့် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## လျှပ်စစ်ဓာတ်အား ပျောက်ဆုံးမှုလျှော့ချနိုင်ရေး ကွင်းဆင်းဆောင်ရွက်

**ညောင်ရွှေ ဇန်နဝါရီ ၁၁**

ရှမ်းပြည်နယ် (တောင်ပိုင်း) ညောင်ရွှေမြို့နယ် လျှပ်စစ်အင်ဂျင်နီယာရုံးမှ လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး၊ လျှပ်စစ်ဓာတ်အားပြည့်ဝစွာသုံးစွဲနိုင်ရေး၊ လျှပ်စစ်ဓာတ်အားပျောက်ဆုံးမှု လျှော့ချနိုင်ရေးနှင့် တရားမဝင်ဓာတ်အားသုံးစွဲမှုများ မရှိစေရေးအတွက် ယမန်နေ့ နံနက်ပိုင်းတွင် မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးနိုင်ထွန်းဝင်းနှင့် ဝန်ထမ်းများက မြို့ပေါ်ရပ်ကွက်နှင့် ကျေးရွာများသို့ မီတာစစ်ဆေးခြင်း၊ လိုင်းနှင့်နီးစပ်သော သစ်ပင်သစ်ကိုင်းများ ရှင်းလင်းခြင်း၊ လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး လက်ကမ်းစာစောင်ဖြန့်ဝေခြင်းတို့ ကွင်းဆင်းဆောင်ရွက်ခဲ့သည်။



အဆိုပါ လုပ်ငန်းဆောင်ရွက်မှုများကို လစဉ်သတ်မှတ်ရက်များ အလိုက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း မြို့နယ်လျှပ်စစ်အင်ဂျင်နီယာရုံးမှ တာဝန်ရှိသူ၏ ပြောကြားချက်အရ သိရသည်။

**နေမျိုးသူရိန်**

## ထူးခြားသည့် ညအပူချိန်များ

**နေပြည်တော် ဇန်နဝါရီ ၁၁**

ထူးခြားသည့် ညအပူချိန်များမှာ ဟားခါးမြို့တွင် -၁ ဒီဂရီစင်တီဂရိတ်၊ နမ့်စန်မြို့နှင့် ပြင်ဦးလွင်မြို့တို့တွင် ၃ ဒီဂရီစင်တီဂရိတ်စီ၊ ကျောက်မဲမြို့၊ ဟဲဟိုးမြို့နှင့် မိုင်းယန်းမြို့တို့တွင် ၄ ဒီဂရီစင်တီဂရိတ်စီနှင့် လွိုင်လင်မြို့၊ တီးတိန်မြို့နှင့် မိုးကုတ်မြို့တို့တွင် ၅ ဒီဂရီစင်တီဂရိတ်စီတို့ ဖြစ်ကြသည်။

**မိုး/ဇလ**

## ကျိုင်းတုံမြို့နယ် လွိုင်မွေဒေသ ချယ်ရီပန်းပွဲတော် (၂၀၂၃) ကျင်းပမည်

**ကျိုင်းတုံ ဇန်နဝါရီ ၁၁**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) လွိုင်မွေဒေသ ခရီးသွားလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးနှင့် ချယ်ရီပင်များ ထိန်းသိမ်း စောင့်ရှောက်နိုင်ရေးတို့အတွက် ချယ်ရီပန်းပွဲတော် ၂၀၂၃ ကို ဇန်နဝါရီ ၁၉ ရက်မှ ၂၃ ရက်နေ့အထိ လွိုင်မွေတောင်စခန်း စတုရဋ္ဌသုမင်္ဂလာစေတီတော်အနီး ချယ်ရီပင်တန်းတွင် ကျင်းပသွားမည် ဖြစ်ကြောင်း သိရသည်။

လက်ရှိ လွိုင်မွေဒေသသို့ ချယ်ရီပန်းပွင့်ချိန်တွင် ရှမ်းအရှေ့ဒေသရှိ ပြည်သူများ သွားရောက်ကြည့်ရှု ဓာတ်ပုံရိုက်လေ့ရှိပြီး ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်လာစေရန်နှင့် ယင်းဒေသရှိ ချယ်ရီပန်းများ ရေရှည်ထိန်းသိမ်းစောင့်ရှောက်နိုင်ရန်ရည်ရွယ်၍ နှစ်စဉ် ဇန်နဝါရီလအတွင်း ရက်သတ်မှတ်၍ ပြည်တွင်းပြည်ပခရီးသွားများ လာရောက်လည်ပတ်နိုင်ရန်နှင့် ခရီးသွားလုပ်ငန်းများ မြှင့်တင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ပွဲတော်ကာလ ငါးရက်အတွင်း နံနက် ၉ နာရီမှ ၁၁ နာရီအထိ တေးသီချင်းများဖြင့် သီဆိုဖျော်ဖြေခြင်း၊ ဂုံရှမ်း၊ အာခါ၊ လားဟူ၊ 'ဝ'၊ လီဆူ၊ လွယ်၊ အားခေ အမျိုးသားစာပေနှင့် ယဉ်ကျေးမှုအဖွဲ့များက ရိုးရာအကများဖြင့် ဖျော်ဖြေတင်ဆက်သွားမည် ဖြစ်ကြောင်း၊ ဒေသထွက်အမှတ်တရ ရိုးရာပစ္စည်း အရောင်းဆိုင်များ၊ ဒေသထွက်ဝိုင်များ၊ အစားအစာများ ရောင်းချပေးခြင်းနှင့် ဒေသထွက်ကုန်များ၊ လွိုင်မွေဒေသ ချယ်ရီပန်းပွဲတော် စသည့် အကြောင်းအရာကို ပြခန်းများဖြင့် ပြသဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန (ကျိုင်းတုံ) ရုံးမှ သိရသည်။

မြန်မာနိုင်ငံ နေရာအနှံ့အပြား၌ အဆိုပါရာသီတွင် ချယ်ရီပန်းများ ပွင့်ကြသော်လည်း လွိုင်မွေဒေသကဲ့သို့ ချယ်ရီပန်းများ အများအပြား အစုလိုက်အပြုံလိုက် ပွင့်သောနေရာ ရှားပါးသည်။ လွိုင်မွေတောင်စခန်း သည် ပင်လယ်ရေမျက်နှာပြင်အထက် ပေ ၅၅၄၂ တွင် တည်ရှိပြီး အထင်အရှား လွိုင်မွေရေကန်၊ နှစ်တစ်ရာစံအိမ် စသည့် အမှတ်တရ ဓာတ်ပုံရိုက်ကူးသည့် နေရာများ များပြားသည့်အပြင် ဆောင်းရာသီကာလ ချယ်ရီပန်းပွင့်ချိန်တွင် နှစ်စဉ် လာရောက်လည်ပတ်သူများဖြင့် စည်ကားလျက်ရှိသည်။

ရှမ်းပြည်နယ် (အရှေ့ပိုင်း) ကျိုင်းတုံမြို့နယ် လွိုင်မွေဒေသ၌ နှစ်စဉ် ဆောင်းရာသီကာလ အတွင်း တစ်လကြာ ချယ်ရီပန်းများ ပွင့်သည့်အတွက် ချယ်ရီပန်းပွဲတော် ကျင်းပနိုင်ရေးဦးစီးကော်မတီမှ လွိုင်မွေဒေသရှိ ချယ်ရီပန်းပွဲတော် ၂၀၂၃ ဒုတိယအကြိမ် ကျင်းပနိုင်ရေး စီစဉ်ဆောင်ရွက်လျက် ရှိကြောင်း သိရသည်။

**အောင်ဇင်မြင့်(ပြန်/ဆက်)**



## ရပ်စောက်၌ လျှပ်စစ်ဓာတ်အားပျောက်ဆုံးမှုများလျှော့ချနိုင်ရေး ကွင်းဆင်းဆောင်ရွက်

**ရပ်စောက် ဇန်နဝါရီ ၁၁**

ရှမ်းပြည်နယ် (တောင်ပိုင်း) ရပ်စောက်မြို့နယ် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းမှ လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး၊ ဓာတ်အားပြည့်ဝစွာ သုံးစွဲနိုင်ရေး၊ လျှပ်စစ်ဓာတ်အားပျောက်ဆုံးမှုများ လျှော့ချနိုင်ရေးနှင့် တရားမဝင်ဓာတ်အားသုံးစွဲမှုများ မရှိစေရေး ဆောင်ရွက်လျက်ရှိရာ ယနေ့နံနက်ပိုင်းမှစတင်ကာ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးစည်သူစိုး ဦးဆောင်၍ ဝန်ထမ်းများနှင့်အတူ ဓာတ်အားလိုင်းနှင့် မလွတ်သောသစ်ပင်သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်းခြင်းနှင့် မီတာစစ်ဆေးခြင်း လုပ်ငန်းများကို ကွင်းဆင်းဆောင်ရွက်သည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်လျှပ်စစ်အင်ဂျင်နီယာနှင့် ဝန်ထမ်းများက တရားမဝင်ဓာတ်အားသုံးစွဲမှုမရှိစေရေးအတွက် ရပ်ကွက်နှင့် ကျေးရွာများတွင် တပ်ဆင်အသုံးပြုလျက်ရှိသော မီတာများ၊ ရပ်/ပျက်/နှေး ဖြစ်ပေါ်မှု ရှိ/မရှိ စစ်ဆေးဆောင်ရွက်ခဲ့သည်။ ယင်းသို့ဆောင်ရွက်မှုများကို လစဉ်သတ်မှတ်ရက်များအလိုက် ဆောင်ရွက်မည်ဖြစ်ကြောင်း မြို့နယ်လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေး လုပ်ငန်းမှ တာဝန်ရှိသူ၏ ပြောကြားချက်အရ သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

# ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမယ်လေးမျိုး၊ နေ့ဆွမ်းများနှင့် နဝကမ္မအလှူငွေများ ဆက်ကပ်လှူဒါန်း

**နေပြည်တော် ဇန်နဝါရီ ၁၁**
တပ်မတော် (ကြည်း၊ရေ၊ လေ) အရာရှိ၊ စစ်သည်၊ အရာထမ်း၊ အမှုထမ်းများနှင့် စေတနာရှင်အလှူရှင်များက မြို့နယ်အသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများ၊ သာသနာ့နွယ်ဝင် သီလရှင်ကျောင်းများ၊ ဘာသာရေးကျောင်းများနှင့် ဘိုးဘွားရိပ်သာများသို့ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမယ်လေးမျိုးနှင့် လှူဖွယ်ပစ္စည်းများ လှူဒါန်းခြင်း၊ နေ့ဆွမ်းများ ဆက်ကပ်လှူဒါန်းခြင်းနှင့် လိုအပ်သည့် ကျန်းမာရေး စစ်ဆေးကုသပေးခြင်းများကို ဆောင်ရွက်လျက်ရှိသည်။



ထိုသို့လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းလျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်နှင့် အဖွဲ့ဝင်များသည် ကချင်ပြည်နယ် မြစ်ကြီးနားမြို့ရှိ အောင်ဇေရန်အောင် တပ်ဦးကျောင်းတိုက်သို့ သွားရောက်၍ ကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တ ဥတ္တမသီရိထံမှ ငါးပါးသီလခံယူဆောက်တည်ပြီး သံဃာတော်များထံမှ ပရိတ်တရားတော်များ နာယူသည်။ ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့ဝင်များသည် သံဃာတော်များထံသို့ လှူဖွယ်ပစ္စည်းများနှင့် နဝကမ္မအလှူငွေများ ဆက်ကပ်လှူဒါန်းပြီး **(အပေါ်ယာပုံ)** သံဃာတော်များအား အရုဏ်ဆွမ်း ဆက်ကပ်လှူဒါန်းသည်။

အလားတူ ဇန်နဝါရီ ၁၀ ရက်နှင့် ယနေ့တို့တွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) အတွင်းရှိ မြို့နယ်များမှ ဘုန်းတော်ကြီးကျောင်း ငါးကျောင်းနှင့် တန့်ယန်းမြို့ရှိ ရွှေမောင်းသာသနာဝေပုလ္လ သီလရှင်စာသင်တိုက်၊ ရှမ်းပြည်နယ် (တောင်ပိုင်း) လင်းခေးမြို့၊ ကမ္မဋ္ဌာန်းကျောင်းတိုက်နှင့် နမ့်စန်မြို့ အမှတ် (၂) မိုးကုတ်ဝိပဿနာ ကျောင်းတိုက်၊ မွန်ပြည်နယ် သထုံမြို့၊ ဇရဖ်ချောင်ကျောင်းတိုက်၊ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များမှ ဘုန်းတော်ကြီးကျောင်း ခုနစ်ကျောင်း၊ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ရှိ ဓမ္မဗိမာန်ကျောင်းတိုက်၊ အိမ်မဲမြို့ရှိ အိမ်မဲမင်းကျောင်းတိုက်၊ ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ်များမှ ဘုန်းတော်ကြီးကျောင်း ငါးကျောင်း၊ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များမှ ဘုန်းတော်ကြီးကျောင်း ၁၀ ကျောင်း၊ သီလရှင်စာသင်တိုက် သုံးကျောင်း၊ မကွေးတိုင်းဒေသကြီး စကုမြို့ စွယ်တော်ကုန်းတောရကျောင်း၊ ချောက်မြို့ မဟာဝိဇိတာရုံဆင်ဖြူကျွန်းကျောင်းတိုက်နှင့် မိချောင်းရဲမြို့ရှိသီလရှင်ကျောင်းတိုက်တို့မှ သံဃာတော်များနှင့် သာသနာ့နွယ်ဝင်သီလရှင်များအား ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမယ် လေးမျိုး၊ နဝကမ္မအလှူငွေများ၊ ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး အထောက်အကူပြုပစ္စည်းများ၊ နေ့ဆွမ်းများနှင့် လှူဖွယ်ပစ္စည်းများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ တာဝန်ရှိသူများက သွားရောက် ဆက်ကပ်လှူဒါန်းကြပြီး နယ်မြေခံဆေးအဖွဲ့များက လိုအပ်သည့် ကျန်းမာရေး စစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးသည်။

ထို့ပြင် မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ် ဦးပုသ်တော်ရပ်ကွက်ရှိ မန်းတောင်ခြေ ဘိုးဘွားရိပ်သာနှင့် မြင်းခြံမြို့နယ် မြင်းခြံဘိုးဘွားရိပ်သာတို့ရှိ အဘိုး၊ အဘွားများအား နယ်မြေခံ တပ်မတော်သားများက အလှူငွေများနှင့် အာဟာရဖြည့်စားသောက်ဖွယ်ရာများကို သွားရောက်လှူဒါန်းကြပြီး နယ်မြေခံဆေးအဖွဲ့က လိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးသည်။

အလားတူ ပြည်ထဲရေးဝန်ကြီးဌာန၊ တပ်ဖွဲ့ဝင်၊ ဝန်ထမ်း၊ အရာထမ်း၊ အမှုထမ်း မိသားစုများက နေပြည်တော်ကောင်စီနယ်မြေ၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ မွန်ပြည်နယ်၊ ကရင်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ဧရာဝတီတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးတို့ရှိ ဘုန်းတော်ကြီးကျောင်းများနှင့် စာသင်တိုက်များမှ သံဃာတော်များအား ဆွမ်းဆန်တော်နှင့် စားသောက်ဖွယ်ရာများ အသီးသီး သွားရောက် ဆက်ကပ် လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် နှမ်းစပါးစိုက်ပျိုးထုတ်လုပ်ရန် မြို့နယ်အဆင့် တွေ့ဆုံဆွေးနွေး

**လယ်ဝေး ဇန်နဝါရီ ၁၁**
ပြည်ထောင်စုနယ်မြေ နေပြည်တော် လယ်ဝေးခရိုင် လယ်ဝေးမြို့နယ်တွင် နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေဖြင့် နှမ်းစပါးစိုက်ပျိုးရာတွင် ပါဝင်ဆောင်ရွက်ကြမည့် ဆန်စပါးနှင့် ဆန်စက်လုပ်ငန်းရှင်များအဖွဲ့၊ သွင်းအားစုအဖွဲ့များနှင့် မြို့နယ် လုပ်ငန်းကြီးကြပ်မှုကော်မတီ အဖွဲ့ဝင်များ တွေ့ဆုံဆွေးနွေးပွဲကို ဇန်နဝါရီ ၉ ရက် နံနက် ၁၁ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ကျင်းပသည်။

ရှေးဦးစွာ နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေဖြင့် နှမ်းစပါးစိုက်ပျိုးထုတ်လုပ်ရန် မြို့နယ်လုပ်ငန်းကြီးကြပ်မှုကော်မတီ ဥက္ကဋ္ဌ ဦးမြင့်ဆောင်က သွင်းအားစုများတောင်သူ လိုအပ်ချက်အတိုင်း ဖြန့်ဖြူးနိုင်ရေး၊ ဆည်ရေသောက်ဒေသအားလုံး ပါဝင်ဆောင်ရွက်နိုင်ရေး၊ စိုက်နည်းစနစ်များမှန်ကန်စွာ စိုက်ပျိုးခြင်းဖြင့် တစ်ဧကတင်း ၁၂၀ နှုန်း ပျမ်းမျှထွက်ရှိရေး၊ စက်မှုလယ်ယာမှ လိုအပ်သောထွန်စက်၊ စိုက်ပျိုးစက်များ ပံ့ပိုးကူညီပေးခြင်းတို့ဖြင့် ကျေးရွာအုပ်စု ၃၁ အုပ်စုရှိ လယ်မြေ ၁၅၃၂၉ ဧကတွင် ယခုရန်ပုံငွေဖြင့် ဧက ၉၀၀၀ ခန့်လျာထားရာ ပြည့်မီအောင် စိုက်ပျိုးခြင်းဖြင့် နိုင်ငံ၏ စီးပွားရေးမြှင့်တင်ရေးကို အထောက်အကူပြုမည့်အပြင် ဒေသခံတောင်သူများ၏ လူမှုစီးပွားဘဝကိုလည်း ဖွံ့ဖြိုးတိုးတက်စေမည်ဖြစ်ကြောင်း ပြောသည်။



ဆက်လက်၍ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဦးစီးမှူး ဦးစောဝင်းနှင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၊ အဖွဲ့ဝင်(၁)ဦးဝင်းအောင်တို့က နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် နှမ်းစပါးစိုက်ပျိုးရန် ဆောင်ရွက်ထားရှိသည့် လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ မြို့နယ်စက်မှုလယ်ယာဦးစီးဌာန၊ သမဝါယမဦးစီးဌာန၊ ဆည်မြောင်းနှင့် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်တို့မှ တာဝန်ရှိသူများက နှမ်းစပါးစိုက်ပျိုးရန်၊ ထုတ်လုပ်ရောင်းချရန် စသည့်တို့ကို ဆွေးနွေးပြောကြားသည်။ ဆက်လက်၍ ဆန်စပါးနှင့် ဆန်စက်လုပ်ငန်းရှင်များအဖွဲ့နှင့် သွင်းအားစုအဖွဲ့တို့မှ တာဝန်ရှိသူများက နှမ်းစပါးစိုက် တောင်သူများအား ပံ့ပိုး ကူညီပေးနိုင်ရေးအတွက် ဆောင်ရွက်မည့် အစီအစဉ်များကို ရှင်းလင်း ပြောကြားခဲ့ကြောင်း သိရသည်။ **ဝေကြည်(ပြန်/ဆက်)**

## မာန်အောင်မြို့အနီး မြန်မာ့ပင်လယ်ပြင်အတွင်း မီးလောင်နေသည့် ငါးဖမ်းဝါးလတ်လှေတစ်စင်းအား ကူညီကယ်ဆယ်

**နေပြည်တော် ဇန်နဝါရီ ၁၁**
ရခိုင်ပြည်နယ် မာန်အောင်မြို့အနီး မြန်မာ့ပင်လယ်ပြင်အတွင်း လုံခြုံရေး ဆောင်ရွက်နေသော တပ်မတော် (ရေ) မှ တပ်ဖွဲ့ဝင်များသည် မာန်အောင်မြို့၏ အနောက်ဘက် ရေမိုင် ၂၃ မိုင်ခန့်အကွာ၌ ငါးဖမ်းဝါးလတ်လှေတစ်စီး မီးလောင်နေကြောင်း သတင်းအရ ဇန်နဝါရီ ၁၀ ရက် ညနေ ၅ နာရီခွဲခန့်တွင် သွားရောက်ရှာဖွေစစ်ဆေးခဲ့ရာ ထူးထက်အောင် (၇၂) အမည်ရှိ ငါးဖမ်းဝါးလတ်လှေ တစ်စင်း မီးလောင်နေသည်ကို တွေ့ရှိခဲ့သဖြင့် ဒေသခံငါးဖမ်းလှေများနှင့်အတူ ဝိုင်းဝန်းမီးငြိမ်းသတ်ခဲ့ပြီး လှေပေါ်ပါ လှေသား ၁၃ ဦးအား စစ်ရေယာဉ်ပေါ်သို့ တင်ဆောင်၍ လိုအပ်သည့် ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးသည်။



အဆိုပါ မီးလောင်နေသည့် ငါးဖမ်းဝါးလတ်လှေမှ လှေသားများအား ယနေ့တွင် သက်ဆိုင်ရာသို့ စနစ်တကျ လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



## ပြည်ထဲရေးဝန်ကြီးဌာနမိသားစုများက ဆွမ်းဆန်တော်နှင့် ဆန်ကြာဆံများ ဆက်ကပ်လှူဒါန်း

**နေပြည်တော် ဇန်နဝါရီ ၁၁**
ပြည်ထဲရေးဝန်ကြီးဌာန၊ တပ်ဖွဲ့ဝင်/ဝန်ထမ်း အရာထမ်း၊ အမှုထမ်း မိသားစုများက မြို့နယ်အသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများသို့ ဆွမ်းဆန်တော်နှင့် ဆန်ကြာဆံများ ဆက်ကပ်လှူဒါန်းခြင်းကို ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့နယ်ရှိ ဈေးကုန်းကျောင်းတိုက်၊ ကရင်ပြည်နယ် ဘားအံမြို့နယ်ရှိ သီရိသုဇနဘေးမဲ့ကျောင်းတိုက်၊ စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့နယ်ရှိ ဝါဆိုကျောင်းတိုက်၊ မွန်ပြည်နယ် မော်လမြိုင်မြို့နယ်ရှိ အရှေ့ကံ့ကော်ကျောင်းတိုက်၊ ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပမြို့နယ်ရှိ သစ္စာဂုဏ်ရည်ကျောင်းတိုက်၊ ရွှေပြည်သာမြို့နယ်ရှိ ရတနာပန်းကုံး ပရိယတ္တိစာသင်တိုက်နှင့် သဃ်န်းကျွန်းမြို့နယ်ရှိ ပရိယတ္တိမဥ္ဇူ ကျောင်းတိုက်တို့သို့ ဆွမ်းဆန်တော်များကိုလည်းကောင်း၊ ပဲခူးတိုင်းဒေသကြီး ပြည်မြို့နယ်ရှိ မဟာသုဒဿနာရာမကျောင်းတိုက်၊ မကွေးတိုင်းဒေသကြီး မကွေးမြို့နယ်ရှိ မြဇေယျုံကျောင်းတိုက်၊ မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ်ရှိ ရေနံချောင်းကျောင်းတိုက်နှင့် အောင်မြေသာစံမြို့နယ်ရှိ မဟာဝိသုတာရာမကျောင်းတိုက်၊ ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာ (အနောက်ပိုင်း) မြို့နယ်ရှိ ပဒုံ ပရိယတ္တိစာသင်တိုက်၊ ရှမ်းပြည်နယ် လားရှိုးမြို့နယ်ရှိ ရတနာဇေယျုံကျောင်းတိုက်တို့သို့ ဆန်ကြာဆံများကိုလည်းကောင်း ဆရာတော်၊ သံဃာတော်များအတွက် တာဝန်ရှိသူများက သွားရောက်ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

မလိုအပ်သော မီးများကို ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ

# ကြိုးဝိုင်း/ကြိုးပြင်ကာကွယ်တောများ၊ သဘာဝထိန်းသိမ်းရေးနယ်မြေများ တိုးချဲ့ဖွဲ့စည်းရေး ကြိုးပမ်းဆောင်ရွက်သွားရန်လို



**နေပြည်တော် ဇန်နဝါရီ ၁၁**

**သစ်တောဦးစီးဌာန ခရိုင်သစ်တောအရာရှိများ စီမံခန့်ခွဲမှုစွမ်းဆောင်ရည် မြှင့်တင်ရေး သင်တန်းအမှတ်စဉ် (၈) ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် သစ်တောသုတေသနဌာန စုဝေးခန်းမ ရေဆင်း၌ ကျင်းပသည်။**

ဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီက သစ်တောထိန်းသိမ်းရေး၊ သစ်တောများ စီမံအုပ်ချုပ်ရေးနှင့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် မူဝါဒ၊ ရည်မှန်းချက်များ ချမှတ်ဆောင်ရွက်လျက်ရှိရာ မြန်မာ့သစ်တော စီမံအုပ်ချုပ်မှု၏ ခရိုင်အဆင့် Forest Management Unit တွင် တာဝန်ယူဆောင်ရွက်နေကြသည့် ခရိုင်သစ်တော အရာရှိများအနေဖြင့် သစ်တောသယံဇာတများကို အကောင်းဆုံး စီမံခန့်ခွဲနိုင်စေရန်၊ လုပ်ငန်း စွမ်းဆောင်ရည်မြင့်မားစေရန်နှင့် ဌာနလုပ်ထုံးလုပ်နည်း၊ စည်းမျဉ်း စည်းကမ်းများအတိုင်း လိုက်နာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ သင်တန်းဖွင့်လှစ်ရခြင်း ဖြစ်ကြောင်း။

နိုင်ငံတော်၏ သစ်တောဖုံးလွှမ်းမှုပြန်လည်ကောင်းမွန်လာစေရန်နှင့် ရာသီဥတုပြောင်းလဲမှု လျှော့ချနိုင်ရေးအတွက် မြန်မာနိုင်ငံ သစ်တောများ ပြန်လည်တည်ထောင်ခြင်း စီမံကိန်းနှင့် တောရိုင်း တိရစ္ဆာန်များအတွက် နေရင်းဒေသများ ပြန်လည်တည်ထောင်ခြင်း လုပ်ငန်းအစီအစဉ် စီမံကိန်းများကို အောင်မြင်အောင် အထူးအလေးထားဆောင်ရွက်ရန် လိုအပ်သလို ခွင့်ပြုရန်ပုံငွေများကိုလည်း ဘဏ္ဍာရေး စည်းမျဉ်း စည်းကမ်းများနှင့်အညီ စနစ်တကျသုံးစွဲကြရန် မှာကြားလိုကြောင်း၊ ကြိုးဝိုင်း/ကြိုးပြင်ကာကွယ်တောများ၊ သဘာဝထိန်းသိမ်းရေးနယ်မြေများ တိုးချဲ့ဖွဲ့စည်းရေး ကြိုးပမ်းဆောင်ရွက်သွားရန်လိုကြောင်း၊ ပုဂ္ဂလိကစိုက်ခင်းတည်ထောင်ခြင်း လုပ်ငန်းများတွင် လုပ်ထုံးလုပ်နည်း၊ စာချုပ်ပါစည်းကမ်းများနှင့်အညီ လိုက်နာစေရန် ခရိုင်တာဝန်ခံများက အနီးကပ် ကြီးကြပ်ကွပ်ကဲသွားရန်လိုကြောင်း၊ ၂၀၂၂ ခုနှစ် ဇန်နဝါရီလမှ ဒီဇင်ဘာလကုန်အထိ တရားမဝင်သစ်ကျွန်း ၄၅၄၉ တန်၊ သစ်မာနှင့်အခြား ၆၉၂၆ တန် ဖမ်းဆီးရမိခဲ့ပြီး တရားမဝင်သစ် တာဆီးကာကွယ်ရေးအား အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားရန်ဖြစ်ကြောင်း၊ ခရိုင်တာဝန်ခံများ အနေဖြင့် ဝန်ထမ်းကောင်းတစ်ဦး၏ လိုအပ်ချက်ဖြစ်သည့် စိတ်ဓာတ်နှင့် ခံယူချက်၊ အတွေးအခေါ်နှင့် စိတ်နေစိတ်ထား၊ ကျင့်ဝတ်သိက္ခာတို့နှင့် ပြည့်စုံစေပြီး နိုင်ငံအကျိုး၊ ဌာနအကျိုးကို စွမ်းဆောင်ရည်မြင့်မားစွာဖြင့် ဆောင်ရွက်နိုင်သူများဖြစ်အောင် အလေးထားကြိုးစားကြရန် မှာကြားလိုကြောင်း ပြောကြားသည်။

အခမ်းအနားသို့ ဒုတိယဝန်ကြီးများ၊ ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ၊ ခရိုင်အဆင့်သင်တန်းသား ၂၀ တက်ရောက်ပြီး အဆိုပါ သင်တန်းအား ဇန်နဝါရီ ၁၁ ရက်မှ ၂၄ ရက်အထိ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာပွင့်ဆန်း ပြည်ထောင်စုနယ်မြေ (နေပြည်တော်) ရှိ လူမှုဖူလုံရေး-ကဲဝဲလ်အထွေထွေရောဂါကု ဆေးခန်းများ ကွင်းဆင်းစစ်ဆေး၊ CMP လုပ်ငန်းများကြီးကြပ်ရေးကော်မတီ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေး တက်ရောက်

**နေပြည်တော် ဇန်နဝါရီ ၁၁**

အလုပ်သမားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာပွင့်ဆန်းသည် ဒုတိယဝန်ကြီး ဦးဝင်းရှိန်နှင့်အတူ ယနေ့နံနက်ပိုင်းတွင် လူမှုဖူလုံရေးအဖွဲ့စာချုပ်ဆေးခန်းများဖြစ်သည့် ပြည်ထောင်စုနယ်မြေ (နေပြည်တော်) ဒက္ခိဏသီရိမြို့နယ်ရှိ လူမှုဖူလုံရေး-ကဲဝဲလ်အထွေထွေရောဂါကု ဆေးခန်းနှင့် ဇမ္ဗူသီရိမြို့နယ် ဘောဂသိဒ္ဓိရပ်ကွက်ရှိ လူမှုဖူလုံရေး-ကဲဝဲလ်အထွေထွေရောဂါကု ဆေးခန်းများတွင် အကျုံးဝင်အာမခံအလုပ်သမားများအား ကျန်းမာရေး စောင့်ရှောက်မှုပေးနေမှုများကို ကွင်းဆင်းစစ်ဆေး၍ အာမခံအလုပ်သမားများကို တွေ့ဆုံအားပေးသည်။ **(ယာပုံ)**



ပြည်ထောင်စုနယ်မြေ (နေပြည်တော်) တွင် အကျုံးဝင်အာမခံအလုပ်သမား ၂၆၀၆၁ ဦးရှိပြီး အဆိုပါ အာမခံအလုပ်သမားများ၏ ကျန်းမာရေး စောင့်ရှောက်မှုအတွက် မြို့နယ် လူမှုဖူလုံရေး ဆေးခန်း သုံးခန်း၊ လူမှုဖူလုံရေးအဖွဲ့ စာချုပ်ဆေးခန်းများဖြစ်သည့် လူမှုဖူလုံရေး-ကဲဝဲလ် အထွေထွေရောဂါကုဆေးခန်း နှစ်ခန်းနှင့် လူမှုဖူလုံရေး-လင်း အထွေထွေ ရောဂါကုဆေးခန်းတို့ဖြင့် ကျန်းမာရေး စောင့်ရှောက်မှုပေးလျက်ရှိသည်။

လူမှုဖူလုံရေးအဖွဲ့အနေဖြင့် အကျုံးဝင်အာမခံ အလုပ်သမားများ၏ ကျန်းမာရေးစောင့်ရှောက်မှုကို ပိုမိုထိရောက်လွယ်ကူစေရန် ပုဂ္ဂလိကဆေးရုံ၊ ဆေးခန်းများနှင့် စာချုပ် ချုပ်ဆိုဆောင်ရွက်လျက်ရှိရာ ယခုအခါတွင် Fee For Service Payment ဆေးခန်း ၁၂ ခန်း၊ Capitation Payment ဆေးခန်း ၂၅ ခန်း နှင့် မီးဖွားမှုဝန်ဆောင်မှုဆေးခန်း ရှစ်ခန်းဖြင့် ကျန်းမာရေးဝန်ဆောင်မှုပေးလျက်ရှိရာ ပြည်ထောင်စုနယ်မြေ (နေပြည်တော်) တွင် ၃/၂၀၂၂ လမှ ၁၂/၂၀၂၂ လအထိ ဆေးဖိုးအမှုတွဲပေါင်း ၂၄၇၃ မှုအတွက် ဆေးဖိုးကုန်ကျငွေ ကျပ်သန်း ၄၁၆ ဒသမ ၉၂၆ သန်း ပေးအပ်ခဲ့ပြီးဖြစ်သည်။

မွန်းလွဲပိုင်းတွင် အလုပ်သမားဝန်ကြီးဌာန CMP လုပ်ငန်းများကြီးကြပ်ရေးကော်မတီမှ CMP လုပ်ငန်းများ ငွေကြေးဆိုင်ရာ အဆင်ပြေချောမွေ့စွာ လည်ပတ်နိုင်ရန်အတွက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို အလုပ်သမားဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ Virtual ဖြင့် ကျင်းပသည်။

အစည်းအဝေးသို့ အလုပ်သမားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာပွင့်ဆန်း၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဒေါ်သန်းသန်းဆွေ၊ CMP လုပ်ငန်းများ ကြီးကြပ်ရေးကော်မတီဝင် ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ကုန်သွယ်မှုနှင့် ကုန်စည်စီးဆင်းမှုများ မှန်ကန်မြန်ဆန်စေရေးဗဟိုကော်မတီ အတွင်းရေးမှူး၊ အသင်းအဖွဲ့များမှ တာဝန်ရှိသူများ၊ CMP အထည်ချုပ်လုပ်ငန်းရှင်များ၊ CMP Other လုပ်ငန်းရှင်များ၊ ကော်မတီဝင်များနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက CMP လုပ်ငန်းများကြီးကြပ်ရေးကော်မတီ၏ အဓိက လုပ်ငန်းတာဝန်များမှာ CMP စနစ်ဖြင့် လုပ်ငန်း လုပ်ကိုင်လိုကြောင်း လျှောက်ထားလာမှုများကို မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်က ခွင့်ပြုမိန့် ထုတ်ပေးနိုင်ရေးအတွက် သဘောထားမှတ်ချက်နှင့် တကွ စိစစ်ဆောင်ရွက်ပေးခြင်း၊ CMP စနစ်ဖြင့် ဆောင်ရွက်ခွင့်ပြုမိန့်ရရှိသည့် လုပ်ငန်းများအား တည်ဆဲဥပဒေများနှင့်အညီ လုပ်ကိုင်ဆောင်ရွက်ခြင်း ရှိ/မရှိ၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနက ထုတ်ပြန်သည့် အမိန့်ကြော်ငြာစာများနှင့်အညီ လိုက်နာဆောင်ရွက်ခြင်း ရှိ/မရှိ၊ သတ်မှတ်ညွှန်ကြားချက်များနှင့်အညီ အခွန်ပေးဆောင်ခြင်း ရှိ/မရှိ၊ ရရှိသောလုပ်ခများကို ဘဏ်သို့ မှန်ကန်စွာ ပေးသွင်းခြင်း ရှိ/မရှိ၊ အလုပ်သမားများအတွက် ရသင့်ရထိုက်သော လုပ်ခခံစားခွင့်များ အပြည့်အဝ ထုတ်ပေးခြင်း ရှိ/မရှိ၊ စာရင်းဇယားများ စနစ်တကျထားရှိခြင်း ရှိ/မရှိတို့ကို စစ်ဆေးကြပ်မတ်ဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း။

မြန်မာနိုင်ငံတွင် CMP စက်ရုံ၊ အလုပ်ရုံပေါင်း ၇၃၈ ရုံ ရှိသည့်အနက် နိုင်ငံခြားငွေ ဝင်ရောက်မှုများကို မြန်မာနိုင်ငံတော်ဗဟိုဘဏ်နှင့် တိုက်ဆိုင်စစ်ဆေးမှုများပြုလုပ်ခဲ့ကြောင်း၊ ထိုသို့စိစစ်ခဲ့ရာတွင် ၂၀၂၂ ခုနှစ် စက်တင်ဘာ ၂၂ ရက်မှ နိုဝင်ဘာ ၁၄ ရက်အထိ ငွေစာရင်းဖွင့်လှစ်ထားရှိသည့် စက်ရုံများတွင် နိုင်ငံခြားငွေဝင်ရောက်သည့် စက်ရုံ ၃၆၂ ရုံရှိကြောင်း၊ နိုင်ငံခြားငွေဝင်ရောက်ခြင်းမရှိသည့် စက်ရုံ ၂၈၄ ရုံ တွေ့ရှိခဲ့ရပြီး ငွေစာရင်း ဖွင့်လှစ်ထားခြင်းမရှိသည့် စက်ရုံ ၉၂ ရုံ တွေ့ရှိခဲ့ကြောင်း၊ ငွေစာရင်းဖွင့်လှစ်ထားခြင်းမရှိသော စက်ရုံများ ငွေကြေးလည်ပတ်သုံးစွဲရာတွင် ဘဏ်စနစ် အသုံးပြုရမည်ဖြစ်ကြောင်း၊ နိုင်ငံခြားငွေဝင်ရောက်ခြင်းမရှိသော စက်ရုံများသည် ပြည်ပမှ အသုံးစရိတ်များ လွှဲပြောင်းသုံးစွဲရာတွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ စည်းမျဉ်းစည်းကမ်းများနှင့်အညီ ဆောင်ရွက်ရမည်ဖြစ်ကြောင်း။

နိုင်ငံတော်၏ ဘဏ္ဍာရေးလုပ်ငန်းစဉ်များတွင် နိုင်ငံခြားဝင်ငွေ စီးဆင်းမှုသည်လည်း နိုင်ငံတော် စီးပွားဖွံ့ဖြိုးတိုးတက်မှုအတွက် အရေးကြီးသော ကဏ္ဍမှ ပါဝင်ကြောင်း၊ တက်ရောက်လာကြသော CMP အထည်ချုပ်လုပ်ငန်းရှင်များ၊ CMP Other လုပ်ငန်းရှင်များမှ မိမိတို့တွေ့ကြုံရသော အခက်အခဲများ ဖြေလျှော့ပေးစေလိုသည့် အချက်များရှိပါက ရင်းနှီးပွင့်လင်းစွာတင်ပြရန် လိုအပ်မည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ CMP လုပ်ငန်းများကြီးကြပ်ရေး ကော်မတီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးနှင့် အတွင်းရေးမှူးတို့က လုပ်ငန်းပိုင်းဆိုင်ရာများ ရှင်းလင်းတင်ပြကြပြီး အစည်းအဝေးတက်ရောက်လာကြသော အသင်းအဖွဲ့နှင့် လုပ်ငန်းရှင်များက ဆွေးနွေးတင်ပြခဲ့ရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## ဗဟန်းမြို့နယ်၌ အိမ်ထောင်စုလူဦးရေစာရင်း မြေပြင်ကွင်းဆင်းကောက်ယူ

**ရန်ကုန် ဇန်နဝါရီ ၁၁**

ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ်၌ မြေပြင်ကွင်းဆင်း ကောက်ယူရေးကြီးကြပ်မှုကော်မတီနှင့် မြေပြင်ကွင်းဆင်း ကောက်ယူရေးအဖွဲ့များက အိမ်ထောင်စုလူဦးရေစာရင်း မြေပြင်ကွင်းဆင်းကောက်ယူခြင်းကို ယနေ့နံနက်ပိုင်းတွင် ဆက်လက်ဆောင်ရွက်သည်။

ဗဟန်းမြို့နယ်အတွင်းရှိ ရပ်ကွက် (၂၂) ရပ်ကွက်တွင် ကောက်ကွက် (၇၆) ကွက်အလိုက် တစ်အိမ်တက်ဆင်း ကောက်ယူမှုကို ဇန်နဝါရီ ၉ ရက်မှ ၃၁ ရက်အထိ စာရင်းကောက်ယူသွားမည်ဖြစ်ပြီး မြို့နယ်အတွင်း၌ ရပ်ကွက် (၂၂) ရပ်ကွက် ရှိသည့်အနက် အိမ်ထောင်စုလူဦးရေစာရင်း ၃၁၆၉၄ စုရှိသည့်အတွက် မြေပြင်တစ်အိမ်တက်ဆင်း ကွင်းဆင်းကောက်ယူရေး အဖွဲ့များအနေဖြင့် မှန်ကန်မြန်ဆန်စွာဆောင်ရွက်နိုင်ရေး သင်တန်းများ ဖွင့်လှစ်ပို့ချထားပြီးဖြစ်သည်။

အဆိုပါ မြေပြင်ကွင်းဆင်းကောက်ယူရာသို့ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ကမာရွတ်ခရိုင်ဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး ဒေါ်ခင်မာစန်း၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးအောင်ကိုလတ်နှင့် ဗဟန်းမြို့နယ် လဝကဦးစီးမှူး ဦးခင်မောင်သန်းတို့က လိုက်လံကြည့်ရှုခဲ့ကြောင်း သိရသည်။ **အာကာလင်း**

# ရန်ကုန်မြို့ အမျိုးသားဇာတ်ရုံကြီး၌ “အသက်ထက်မြတ်သော ဂုဏ်သိက္ခာဇာတ်တော်ကြီး” တင်ဆက်ဖျော်ဖြေ





**ရန်ကုန် ဇန်နဝါရီ ၁၁**

အများပြည်သူများ စိတ်အပန်းပြေစေရန်နှင့် စိတ်ခွန်အားရရှိစေရန်အတွက် ရန်ကုန်မြို့ အမျိုးသားဇာတ်ရုံကြီး၌ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနက စီစဉ်တင်ဆက်သည့် “အသက်ထက်မြတ်သော ဂုဏ်သိက္ခာ ဇာတ်တော်ကြီး” တင်ဆက်ဖျော်ဖြနေမှုကို ယနေ့မွန်းလွဲပိုင်းက ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမိုးဇော်ထွန်း၊ တိုင်းဒေသကြီးဝန်ကြီးများ၊ တက္ကသိုလ်အသီးသီးမှ ပါမောက္ခချုပ်များ၊ ကျောင်းသား ကျောင်းသူများ ကြည့်ရှုအားပေးကြသည်။

“အသက်ထက် မြတ်သော ဂုဏ်သိက္ခာ ဇာတ်တော်ကြီး” သည် မြန်မာ့သမိုင်းတွင် ရတုရေးသားရာ၌ တံခွန်စိုက်ထူခဲ့သည့် တောင်ငူဘုရင် နတ်သျှင်နောင်နှင့် ရာဇဓာတုကလျာ မင်းသမီးတို့၏ အချစ်ဇာတ်ကြောင်း၊ ပဒေသရာဇ်များ၏ အားပြိုင်မှုမှဖြစ်ပေါ်လာသော နိုင်ငံရေး၊ စစ်ရေး၊ အခင်းအကျင်းများကို နောက်ခံလျက် စစ်ရေးစစ်ရာတွင် ရဲစွမ်းသတ္တိရှိသည်သာမက အနုသုခုမပညာတွင်လည်း လက်ရာပြောင်မြောက်သော နတ်သျှင်နောင်သည် မိမိတို့၏ နိုင်ငံအတွင်း ပြဿနာကို ဖြေရှင်းရန် ကြိုးပမ်းရာ၌ တိုင်းတစ်ပါးသားကို အကြွင်းမဲ့ယုံစား၍ ပူးပေါင်းဆောင်ရွက်မိသဖြင့် မလှပသော သမိုင်းနိဂုံးဖြင့် ဇာတ်သိမ်းရသည်ကို သမိုင်းတစ်ကွေ့၏ သတိမူစရာ သင်ခန်းစာဖြစ်ရပ် တစ်ခုအနေဖြင့် တင်ဆက်ကပြရခြင်း ဖြစ်သည်။

ဇာတ်တော်ကြီး အပြီးတွင် တက္ကသိုလ် ကျောင်းသား ကျောင်းသူများကို အဆိုပါဇာတ်တော်ကြီးမှ ကိုယ်စီရရှိလိုက်သည့် သင်ခန်းစာယူစရာအချက်များကို မေးမြန်းပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တိုင်းဒေသကြီးဝန်ကြီးများက ကျောင်းသား ကျောင်းသူများကို ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ကြသည်။

ဇန်နဝါရီ ၁၂ ရက်နှင့် ၁၄ ရက်များတွင် အဆိုပါဇာတ်တော်ကြီးကို အများပြည်သူများ၊ နိုင်ငံ့တာဝန် ထမ်းဆောင်နေကြသော ဌာနဆိုင်ရာ ဝန်ထမ်းများ၊ တပ်ရင်းတပ်ဖွဲ့ အသီးသီးမှ တပ်မတော်သားများနှင့် မိသားစုများ၊ ရဲတပ်ဖွဲ့ဝင်များနှင့် မိသားစုများ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် မိသားစုများကို မွန်းလွဲ ၁ နာရီမှစ၍ တင်ဆက်ကပြဖျော်ဖြေမည်ဖြစ်ကြောင်း သိရသည်။

**ဆန်းကျော်ဦး(ပြန်/ဆက်)**

# မြန်မာ့ဆန်စပါးညီလာခံ - ၂၀၂၂ ၏ သုံးသပ်ဖော်ထုတ်ချက်များနှင့်စပ်လျဉ်း၍ ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်ရန် ရေးဆွဲလျာထားသည့် လုပ်ငန်းစီမံချက်များနှင့် ပတ်သက်၍ ညှိနှိုင်းအစည်းအဝေးကျင်းပ



**နေပြည်တော် ဇန်နဝါရီ ၁၁**

မြန်မာ့ဆန်စပါးညီလာခံ - ၂၀၂၂ ၏ သုံးသပ်ဖော်ထုတ်ချက်များနှင့် စပ်လျဉ်း၍ ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်ရန် ရေးဆွဲလျာထားသည့် လုပ်ငန်းစီမံချက်များနှင့် ပတ်သက်သည့် ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ ၂ နာရီတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန အစည်းအဝေးခန်းမ (၂) ၌ ကျင်းပသည်။

ဦးစွာ ဒုတိယဝန်ကြီး ဦးညွှန့်အောင်က စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနအနေဖြင့် နိုင်ငံတော်ဝန်ကြီးချုပ်၏ လမ်းညွှန်မှုများဖြစ်သည့် မြန်မာနိုင်ငံ၏ ဆန်စပါး ထုတ်လုပ်တင်ပို့မှုကို အရည်အသွေးအားဖြင့် ပိုမိုကောင်းမွန်ရေး၊ အရေအတွက်အားဖြင့် တိုးမြှင့်ထုတ်လုပ်တင်ပို့နိုင်ရေးကို ဆက်လက်အကောင်အထည် ဖော်နိုင်ရန်အတွက် မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်နှင့် ပူးပေါင်းပြီး “မြန်မာ့ဆန်စပါးညီလာခံ - ၂၀၂၂ ” ကို ၂၀၂၂ ခုနှစ် အောက်တိုဘာ ၆ ရက်မှ ၇ ရက်အထိ နေပြည်တော် မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန (၂) ၌ ကျင်းပခဲ့ပြီးဖြစ်ပါကြောင်း။

ညီလာခံမှ ဖော်ထုတ်ချက်များအရ ဆက်လက်ဆောင်ရွက်သွားသင့်သည့် စိုက်ပျိုးထုတ်လုပ်မှုကဏ္ဍအတွက် ဖော်ထုတ်ချက် ၁၅ ချက်၊ ကြိတ်ခွဲထုတ်လုပ်မှုကဏ္ဍအတွက် ၁၀ ချက်နှင့် ပို့ကုန်မြှင့်တင်ရေးနှင့် ကုန်သွယ်မှုကဏ္ဍအတွက် ၁၈ ချက် စုစုပေါင်း ဖော်ထုတ်ချက် ၄၃ ချက်နှင့် ပတ်သက်ပြီး အကောင်အထည်ဖော် ဆောင်ရွက်သွားရန်အတွက် လုပ်ငန်းစီမံချက် (Action Plan) ကို ငါးနှစ်တာကာလအတွက် (မူကြမ်း)ရေးဆွဲပြုစုထားပြီး ဖြစ်ပါကြောင်း၊ မြန်မာ့ဆန်စပါးကဏ္ဍ ပို့ကုန်တိုးမြှင့် တင်ပို့နိုင်ရေးအတွက် လုပ်ငန်းစီမံချက်ကို အားလုံးအတည်ပြုချက် ရရှိပြီးသည့်အချိန်တွင် သက်ဆိုင်သည့် ဌာနများ၊ အသင်းအဖွဲ့များအနေဖြင့် ဦးဆောင်ခြင်း၊ အထောက်အကူပြု ပူးပေါင်းဆောင်ရွက်ခြင်းများပြုလုပ်၍ အစိုးရ-ပုဂ္ဂလိက ပူးပေါင်း၍ အောင်မြင်အောင် ဝိုင်းဝန်းကြိုးပမ်း အကောင်အထည်ဖော် ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ မြန်မာ့ဆန်စပါးပို့ကုန် တိုးမြှင့်နိုင်ရေးအတွက် မြန်မာနိုင်ငံ၏ ဆန်စပါးသီးနှံ ဈေးကွက်တိုးချဲ့နိုင်ရေး၊ ဈေးကွက်ယှဉ်ပြိုင်နိုင်စွမ်း တိုးတက်ရေးနှင့် စဉ်ဆက်မပြတ် တည်ရှိစေရေးအတွက်လည်းကောင်း၊ အရည်အသွေးသတ်မှတ်ချက် နိုင်ငံတကာ အဆင့်ဝင်သည့် ပို့ကုန်များကို ထုတ်လုပ် တင်ပို့နိုင်ရေးအတွက်လည်းကောင်း၊ ဌာနဆိုင်ရာများ၊ စိုက်ပျိုး ထုတ်လုပ်သူများနှင့် ကုန်သည် လုပ်ငန်းရှင်များက ဟန်ချက်ညီညီ ဖော်ဆောင်သွားရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် အစည်းအဝေးတက်ရောက်လာသူများက လုပ်ငန်းစီမံချက် လျာထားမှုများအပေါ် ဝိုင်းဝန်းအကြံပြု ဆွေးနွေးခဲ့ကြပြီး ဒုတိယဝန်ကြီးက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ရှောင်မြို့နယ်အတွင်း လျှပ်စစ်ဓာတ်အားပျောက်ဆုံးမှု လျှော့ချနိုင်ရေး ကွင်းဆင်းဆောင်ရွက်

**ရှောင် ဇန်နဝါရီ ၁၁**

ရှမ်းပြည်နယ်(တောင်ပိုင်း) ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ဒေသ ရှောင်မြို့နယ်အတွင်း လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးလုပ်ငန်းမှ လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး ၊ ဓာတ်အားပြည့်ဝစွာသုံးစွဲနိုင်ရေး၊ လျှပ်စစ်ဓာတ်အားပျောက်ဆုံးမှုများ လျှော့ချနိုင်ရေးနှင့်တရားမဝင်ဓာတ်အားသုံးစွဲမှုများ မရှိစေရေး ဆောင်ရွက်လျက်ရှိရာ ယနေ့နံနက်ပိုင်းကစတင်ကာ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးဇော်ဝင်းအောင်နှင့် ဝန်ထမ်းများက ဓာတ်အားလိုင်းနှင့်မလွတ်ကင်းသော သစ်ပင်သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်းခြင်းနှင့်မီတာစစ်ဆေးခြင်းလုပ်ငန်းများကို ကွင်းဆင်းဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်လျှပ်စစ်အင်ဂျင်နီယာနှင့် ဝန်ထမ်းများက လျှပ်စစ်ဓာတ်အားပျောက်ဆုံးမှုများ လျှော့ချနိုင်ရေးအတွက် လျှပ်စစ်အသုံးပြုလျက်ရှိကြသော ရှောင်မြို့နယ်နှင့် မြို့ကြီးရှိ ရပ်ကွက်၊ ကျေးရွာများအတွင်း လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး ၊ ဓာတ်အားပြည့်ဝစွာ အသုံးပြုနိုင်ရေးနှင့် အသုံးပြုလျက်ရှိသော မီတာများ ရပ် ၊ ပျက် ၊ နေး ဖြစ်ပေါ်မှု ရှိ/မရှိကို ကွင်းဆင်းဆောင်ရွက်ကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# အသက်(၅)နှစ်မှ (၁၂)နှစ်အတွင်းရှိသော အခြေခံပညာ ကျောင်းသား ကျောင်းသူများအား ကျောင်းအခြေပြု ကိုဗစ်-၁၉ ရောဂါ ထပ်ဆောင်းကာကွယ်ဆေး ထိုးနှံပေးလျက်ရှိ

**နေပြည်တော် ဇန်နဝါရီ ၁၁**

ကျန်းမာရေး ဝန်ကြီးဌာနသည် နေပြည်တော်ကောင်စီနယ်မြေနှင့် တိုင်းဒေသကြီး/ ပြည်နယ်အားလုံးတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံခြင်းလုပ်ငန်းကို အရှိန်အဟုန် မြှင့်တင်ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ အသက်(၅)နှစ်မှ(၁၂)နှစ်အတွင်းရှိ အခြေခံပညာ ကျောင်းသား ကျောင်းသူများကို ၂၀၂၂ ခုနှစ် ဇွန် ၂ ရက်တွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး စတင်ထိုးနှံပေးခဲ့ပြီး ၂၀၂၂ ခုနှစ် ဒီဇင်ဘာ ၂၂ ရက်အထိ ကာကွယ်ဆေး အကြိမ်ပြည့် ထိုးနှံပြီးစီးသူ အသက်(၅) နှစ်မှ (၁၂)နှစ်အတွင်းရှိ အခြေခံပညာကျောင်းသား ကျောင်းသူ စုစုပေါင်း ၃၈၂၁၃၆၉ ဦး ရှိပြီးဖြစ်သည်။

အဆိုပါ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံပြီးစီးသည့် အသက်(၅) နှစ်မှ (၁၂) နှစ်အတွင်းရှိ အခြေခံပညာ ကျောင်းသား ကျောင်းသူများ အနက် ကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံပြီးစီးမှုကာလ ငါးလပြည့်ပြီးသူ ကျောင်းသား ကျောင်းသူ ၃၁၈၁၉၆၄ ဦးအား ထပ်ဆောင်း ကာကွယ်ဆေးကို နေပြည်တော် ကောင်စီနယ်မြေ အပါအဝင် တနင်္သာရီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရောဝတီတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ရှမ်းပြည်နယ်(တောင်ပိုင်း) နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့တွင် ဇန်နဝါရီ ၉ ရက်မှစတင်၍ ထိုးနှံပေးလျက်ရှိပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ အဆိုပါ အသက်အုပ်စုအတွင်းရှိသော ကျောင်းသားကျောင်းသူများကို ၂၀၂၃ ခုနှစ် ဇန်နဝါရီလအတွင်း ထပ်ဆောင်းကာကွယ်ဆေး ထိုးနှံခြင်းကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။



**သတင်းစဉ်**

# လူ့အဖွဲ့အစည်းအတွက် လွတ်လပ်စွာ စဉ်းစားဆင်ခြင်မှု . . .

သိန်းထွန်း (IR)

## ဘဝအတွက် အရေးပါမှု

လူတစ်ယောက်ရဲ့ စဉ်းစားဆင်ခြင်မှုတွေဟာ သူရဲ့ အပြောအဆို၊ အပြုအမူတွေအပေါ် လွှမ်းမိုးနေကြပါတယ်။ ကိုယ်ရည်ကိုယ်သွေး မြင့်တင်ဖို့ဆိုရင်လည်း ကိုယ့်ရဲ့ စဉ်းစားဆင်ခြင်မှုကို အခြေခံပြီး တည်ဆောက်ကြရပါတယ်။ ဒါဟာ ဘဝတစ်ခုအတွက် စဉ်းစားဆင်ခြင်မှုရဲ့ အရေးပါမှုပဲ ဖြစ်ပါတယ်။ ဒါ့အပြင် တစ်ဦးနဲ့တစ်ဦး စဉ်းစားဆင်ခြင်မှုပုံစံတွေ မတူညီကြတဲ့အတွက် ဘဝနေထိုင်ပုံနည်းလမ်းတွေ၊ တန်ဖိုးထားတာတွေ၊ ရည်မှန်းချက်တွေနဲ့ လူမှုစရိုက်တွေလည်း ကွဲပြားလာပြီး လူ့အဖွဲ့အစည်းအပေါ်သက်ရောက်တဲ့ ပုံစံတွေနဲ့ အတိမ်အနက်တွေလည်း ကွဲပြားလာကြပါတယ်။

ဒီတော့ လူတစ်ယောက်ရဲ့ စဉ်းစားဆင်ခြင်မှုဟာ ဘယ်လောက်အရေးကြီးပြီး အရေးပါတယ်ဆိုတာ သတိနဲ့ကြည့်မယ်ဆိုရင် ပိုပြီးသိသိသာသာ မြင်နိုင်ပါတယ်။ "အကောင်းမြင် စဉ်းစားဆင်ခြင်ကြပါ။ ဘာကြောင့်လဲဆိုတော့ စဉ်းစားဆင်ခြင်မှုတွေဟာ ကျွန်တော်တို့ရဲ့ဘဝတွေကို လမ်းကြောင်းမှန်ဆီရောက်ဖို့ ထိန်းကျောင်းနေတဲ့ စတီယာရင်နဲ့တူလို့ ဖြစ်ပါတယ်" ဆိုတဲ့ စကားလိုပါပဲ။ ဒါကြောင့်လည်း ပညာရေးမှာ စဉ်းစားဆင်ခြင်မှု စွမ်းရည်တွေ တိုးတက်ဖို့ အခြေခံလိုအပ်ချက်တစ်ခုအနေနဲ့ သင်ကြားပေးဖို့ လိုအပ်တာဖြစ်ပါတယ်။ အဲဒီစဉ်းစားဆင်ခြင်မှု အရည်အသွေးတွေ ပိုပြီးထက်မြက်လာဖို့အတွက် အခြေခံလိုအပ်ချက်တွေထဲမှာ လွတ်လပ်စွာ စဉ်းစားဆင်ခြင်ခြင်း သို့မဟုတ် အမှီအခိုကင်းစွာ စဉ်းစားဆင်ခြင်ခြင်းလည်း ပါဝင်ပါတယ်။

## လွတ်လပ်စွာ စဉ်းစားဆင်ခြင်ခြင်း

လွတ်လပ်စွာ စဉ်းစားဆင်ခြင်တဲ့အတွက်ကြောင့် ပြဿနာတွေဖြေရှင်းရာမှာ ကျိုးကြောင်းဆင်ခြင်မှုနဲ့ ဆန်းသစ်တွေးခေါ်မှုတွေ ရရှိလာစေပါတယ်။ ဒါ့ကြောင့် ကိုယ်ရည်ကိုယ်သွေး တိုးတက်လိုသူတွေ၊ တီထွင်ဖန်တီးမှု လိုလားသူတွေအတွက် လွတ်လပ်တဲ့စဉ်းစားဆင်ခြင်မှုက အဓိက လိုအပ်ချက်အဖြစ် တွေ့ရပါတယ်။ ဖွံ့ဖြိုးတိုးတက်တဲ့ လူ့အဖွဲ့အစည်းတွေမှာဆိုရင် လွတ်လပ်တဲ့စဉ်းစားဆင်ခြင်မှုကို ငယ်စဉ်ကတည်းက ပြုစုပျိုးထောင်မြေတောင်မြှောက်ပေးကြပါတယ်။

လွတ်လွတ်လပ်လပ် စဉ်းစားဆင်ခြင်သူ ဒါမှမဟုတ် အမှီအခိုကင်းတဲ့ စဉ်းစားတွေးခေါ်သူတွေဟာ အများသူငှာ ထင်မြင်ယူဆချက်တွေ၊ သဘောထားတွေအပေါ် မှီခို/ရေလိုက်ငါးလိုက် နေတတ်ကြတာထက် သူတို့ရဲ့ ကိုယ်ပိုင်ဆုံးဖြတ်ချက်ကိုသုံးပြီး အခြေအနေတွေကို ခွဲခြမ်းစိတ်ဖြာ စဉ်းစားတတ်သူတွေ ဖြစ်ကြပါတယ်။ လွတ်လပ်စွာ စဉ်းစားဆင်ခြင်သူတွေဟာ စဉ်းစားတွေးခေါ်မှုတစ်ခု ဒါမှမဟုတ် ပြဿနာတစ်ရပ်ကို ချဉ်းကပ်ရာမှာ ရှုထောင့်မျိုးစုံကနေ အကဲဖြတ်နိုင်ဖို့အတွက် လက်လှမ်းမီသမျှ အထောက်အထားယူတာ၊ မေးခွန်းမေးတာတွေနဲ့ ဝေဖန်ပိုင်းခြားတွေးခေါ်တဲ့ စွမ်းရည်တွေကို အသုံးပြုကြလေ့ရှိပါတယ်။

လွတ်လပ်စွာ စဉ်းစားဆင်ခြင်ခြင်းဟာ အခြားသူတွေရဲ့အမြင်နဲ့ ကွဲလွဲနေချိန်မှာတောင် ကိုယ့်ရဲ့ဝေဖန်ပိုင်းခြားနိုင်တဲ့စွမ်းရည်ကို အသုံးပြုပြီး ကိုယ့်ကိုယ်ကိုယ် သစ္စာစောင့်သိနေခြင်းလည်း ဖြစ်ပါတယ်။ တစ်ခါတစ်ရံမှာ လွတ်လပ်စွာ ဆင်ခြင်သူတွေရဲ့ဆုံးဖြတ်ချက်တွေဟာ အခြားသူတွေရဲ့ အမြင်သဘောထားတွေနဲ့ ကွဲလွဲနေပေမယ့် သူတို့ဟာ သူတို့တန်ဖိုးထားတာတွေအပေါ် ယုံကြည်မှုထားကြပါတယ်။ ဒါကြောင့်မို့ တိုးတက်ပြောင်းလဲလိုတဲ့ လူ့အဖွဲ့အစည်းတွေ၊ စီးပွားရေးလုပ်ငန်းရှင်တွေနဲ့ ဦးဆောင်သူတွေဟာ လွတ်လပ်စွာ စဉ်းစားဆင်ခြင်သူတွေရဲ့ ထူးခြားတဲ့ ချဉ်းကပ်ဖြေရှင်းနိုင်မှုတွေနဲ့ ဆန်းသစ်တဲ့ဖြေရှင်းမှုတွေကြောင့် သူတို့ကို တန်ဖိုးထားကြပါတယ်။ ဒါ့အပြင် လွတ်လပ်စွာ စဉ်းစားဆင်ခြင်သူတွေဟာ သူတို့ရဲ့ဆုံးဖြတ်နိုင်တဲ့ သဘောသဘာဝနဲ့ ကိုယ်တိုင်ဦးဆောင်လုပ်နိုင်တဲ့ စွမ်းရည်တွေကြောင့် တန်ဖိုးထားခံရသူတွေ ဖြစ်ကြပါတယ်။

အဲဒီလို လွတ်လပ်စွာ စဉ်းစားဆင်ခြင်သူတွေမှာ အခြားစဉ်းစားမှုပုံစံတွေနဲ့ မတူတဲ့အချက်တွေ ရှိကြပါတယ်။ သူတို့ရဲ့ထူးခြားတဲ့ အရည်အသွေးလို့လည်း ဆိုနိုင်ပါတယ်။

## ပိုင်းခြားစိတ်ဖြာ ဆင်ခြင်ခြင်း

လွတ်လပ်စွာ စဉ်းစားဆင်ခြင်တာနဲ့ ဝေဖန်ပိုင်းခြားစဉ်းစားမှုတို့ဟာ တစ်ခုနဲ့တစ်ခု ချိတ်ဆက်နေကြပါတယ်။ ပိုင်းခြားစိတ်ဖြာ စဉ်းစားခြင်းဆိုတာက ဘက်လိုက်မှုနဲ့ မျက်ကန်းယုံကြည်မှုမရှိဘဲ သတင်းအချက်အလက်တွေကို အခြေခံပြီး ဆန်းစစ်အကဲဖြတ်ခြင်း ဖြစ်ပါတယ်။ ဆိုလိုတာက သက်သေအထောက်အထားအခြေပြုပြီး ကောက်ချက်ဆွဲခြင်းဖြစ်ပါတယ်။ လွတ်လပ်စွာ စဉ်းစားဆင်ခြင်သူတွေဟာ နိုင်ငံရေး၊ ဘာသာရေး၊ သူတို့ရဲ့လုပ်ငန်း ဒါမှမဟုတ် ကိုယ်ရေးကိုယ်တာ ဘဝတွေနဲ့ ပတ်သက်နေရင်တောင်မှ အခြေအနေတစ်ရပ်ကို ပိုင်းခြားစိတ်ဖြာ စဉ်းစားသုံးသပ်ဖို့ အမြဲကြိုးစားတတ်ကြပါတယ်။

> **"လူတစ်ယောက်ရဲ့ စဉ်းစားဆင်ခြင်မှုဟာ ဘယ်လောက်အရေးကြီးပြီး အရေးပါတယ်ဆိုတာ သတိနဲ့ကြည့်မယ်ဆိုရင် ပိုပြီးသိသိသာသာ မြင်နိုင်ပါတယ်။ "အကောင်းမြင် စဉ်းစားဆင်ခြင်ကြပါ။ ဘာကြောင့်လဲဆိုတော့ စဉ်းစားဆင်ခြင်မှုတွေဟာ ကျွန်တော်တို့ရဲ့ဘဝတွေကို လမ်းကြောင်းမှန်ဆီရောက်ဖို့ ထိန်းကျောင်းနေတဲ့ စတီယာရင်နဲ့တူလို့ ဖြစ်ပါတယ်" ဆိုတဲ့ စကားလိုပါပဲ။ ဒါကြောင့်လည်း ပညာရေးမှာ စဉ်းစားဆင်ခြင်မှု စွမ်းရည်တွေတိုးတက်ဖို့ အခြေခံလိုအပ်ချက်တစ်ခုအနေနဲ့ သင်ကြားပေးဖို့ လိုအပ်တာဖြစ်ပါတယ်။ အဲဒီစဉ်းစားဆင်ခြင်မှု အရည်အသွေးတွေ ပိုပြီးထက်မြက်လာဖို့အတွက် အခြေခံလိုအပ်ချက်တွေထဲမှာ လွတ်လပ်စွာ စဉ်းစားဆင်ခြင်ခြင်းသို့မဟုတ် အမှီအခိုကင်းစွာ စဉ်းစားဆင်ခြင်ခြင်းလည်း ပါဝင်ပါတယ်"**

## သံသယအမြဲထားတတ်ခြင်း

လွတ်လပ်စွာ စဉ်းစားဆင်ခြင်သူတွေဟာ မစူးစမ်းမဆင်ခြင်ဘဲ မယုံကြည်တတ်ကြပါဘူး။ အခြေအနေနဲ့ အဖြစ်အပျက်တွေဆိုတာ အခြားသူတွေထင်မြင်ထားတဲ့အတိုင်း အမြဲမဟုတ်နိုင်သလို အမှန်တရားဆိုတာကလည်း အကြွင်းမဲ့ဖြစ်ခဲ့တာကြောင့် သံသယနဲ့ အမြဲစူးစမ်းဆင်ခြင်စဉ်းစားကြလေ့ရှိပါတယ်။

## အများရဲ့အမြင်သဘောထားကို အမြဲအားမကိုးတတ်ခြင်း

လွတ်လပ်စွာ စဉ်းစားသူတွေဟာ အများသူငှာ ထင်မြင်ချက်တွေကို မေးခွန်းထုတ်ဆန်းစစ်မှု မရှိဘဲ လက်ခံလေ့မရှိကြပါဘူး။ အဲဒီလိုလုပ်တာက အများရဲ့အမြင်မှာ ထင်ပေါ်လိုတဲ့ သဘောမဟုတ်ပါဘူး။ သူတို့ဟာ အမှန်တရားကိုသာ အာရုံစိုက်လေ့ရှိကြပါတယ်။ ဒါကြောင့် သူတို့ဟာ မိုးခါးရေမသောက်တဲ့သူတွေမဟုတ်ဘဲ ဝေဖန်ပိုင်းခြားစဉ်းစားပြီး ကျိုးကြောင်းညီညွတ်တဲ့ အဖြေကိုသာ ရှာဖွေကြဖို့ ကြိုးစားလေ့ရှိပါတယ်။

## တစ်ယူမသန်ခြင်း

လွတ်လပ်စွာ စဉ်းစားဆင်ခြင်သူတွေရဲ့ ထူးခြားချက်တွေထဲမှာ တစ်ယူမသန်ခြင်းလည်း ပါပါတယ်။ တစ်ယူသန်စိတ်နဲ့ အဖွဲ့အစည်း၊ ဂိုဏ်းဂဏ၊ နိုင်ငံရေး၊ ဘာသာရေး စတာတွေကို မျက်စိစုံမှိတ်သစ္စာရှိတဲ့ ပုံစံမရှိတတ်ကြပါဘူး။ အများအားဖြင့် သူတို့ဟာ သတ်မှတ်ထားတဲ့အမြင်တွေနဲ့ ဆုံးဖြတ်လေ့မရှိကြပါဘူး။ သဘောက သူတို့ဟာ သူတို့ရဲ့ခံယူချက်တွေကို သတ်မှတ်ထားတဲ့ ပုံစံခွက်ထဲ ထိုးသိပ်ထည့်တာကို လက်မခံတတ်သူတွေပဲဖြစ်ပါတယ်။

## အခြားသူပြောတိုင်း မလုပ်ခြင်း

လွတ်လပ်တဲ့ စဉ်းစားဆင်ခြင်မှုဆိုတာ မစဉ်းစားမဆင်ခြင်ဘဲ လက်ခံလိုက်နာခြင်းထက် မိမိကိုယ်တိုင်ရဲ့ ဆင်ခြင်တွေးတောမှုအပေါ် ရပ်တည်ခြင်းဖြစ်ပါတယ်။ လွတ်လွတ်လပ်လပ် စဉ်းစားဆင်ခြင်သူတွေဟာ စိတ်ဓာတ်တက်ကြွစေဖို့ လှုံ့ဆော်တဲ့ လေလုံးသက်သက် ပြောဆိုမှုတွေကို မျက်စိမှိတ်ယုံကြည်လေ့မရှိကြပါဘူး။ သူတို့ဟာ တစ်စုံတစ်ခုကို ဘာကြောင့်လုပ်ဖို့လိုအပ်တယ်ဆိုတာကို ရှင်းရှင်းလင်းလင်းသိအောင် ကြိုးစားကြပြီး သူတို့ကိုယ်တိုင် ယုံကြည်လက်ခံမှ လုပ်ကိုင်တတ်သူတွေပါတယ်။

## သဘောထားပြောင်းလဲရန် မလွယ်ကူခြင်း

လွတ်လွတ်လပ်လပ် စဉ်းစားဆင်ခြင်သူတွေဟာ အခြားသူတွေပြောကြားတာကို နားထောင်တတ်ကြပြီး အခြားသူတွေရဲ့ အမြင်နဲ့ရှုထောင့်ကိုလည်း ထည့်သွင်းစဉ်းစားကြပါတယ်။ ဒါပေမယ့် အခြားသူတစ်ယောက်က သူ့ရဲ့သဘောထားနဲ့ ထင်မြင်ယူဆချက်ကို ပြောဆိုဖို့ ကြိုးစားနေရုံနဲ့ကတော့ လွတ်လွတ်လပ်လပ် စဉ်းစားသူတွေရဲ့ စိတ်ကို အလွယ်တကူပြောင်းလဲဖို့ ခက်ခဲပါတယ်။ အဲဒီလိုဆိုလို့ လွတ်လပ်စွာ စဉ်းစားဆင်ခြင်သူတွေဟာ သဘောထားတင်းမာသူ၊ ခေါင်းမာသူနဲ့ အစွန်းရောက်တဲ့သူတွေ မဟုတ်ကြပါဘူး။ သူတို့ဟာ အခြေအနေတစ်ရပ်ကို သူတို့ကိုယ်တိုင်ရဲ့ ချင့်ချိန်စဉ်းစားမှု မပါဘဲ မျက်စိမှိတ် လက်မခံတတ်ကြခြင်းဘဲ ဖြစ်ပါတယ်။ အခြားသူတွေရဲ့ ပြောဆိုမှုတွေ ဘယ်လောက်ခိုင်မာနေပါစေ၊ လွတ်လပ်စွာ စဉ်းစားဆင်ခြင်သူဟာ ဆုံးဖြတ်ချက်တွေမချခင်မှာ အကြောင်းအရာတွေရဲ့ ဘက်ပေါင်းစုံကို ဆင်ခြင်အကဲဖြတ်ကြလေ့ရှိပါတယ်။

## လိုက်လျောညီထွေမရှိခြင်း

လွတ်လပ်စွာ စဉ်းစားဆင်ခြင်မှုဟာ လိုက်လျောညီထွေဖြစ်မှု နည်းပါးကြပါတယ်။ အကြောင်းကတော့ သူတို့ဟာ အခြားသူတွေလုပ်နေတိုင်း ဆင်ခြင်စဉ်းစားမှု မပါဘဲ မလုပ်တတ်ကြလို့ဘဲ ဖြစ်ပါတယ်။ ပတ်ဝန်းကျင်ရဲ့ဖိအားတွေ ပြင်းထန်နေချိန်တောင်မှ မှီခိုမှုကင်းတဲ့ စဉ်းစားဆင်ခြင်သူတွေဟာ ထပ်မံဆင်ခြင်စဉ်းစားတာမရှိဘဲ အခြားသူတွေနောက်ကို လိုက်ရမယ့်အစား အခြားသူတွေရဲ့ လုပ်ဆောင်မှုတွေကို ဆန်းစစ်မေးခွန်းထုတ်တတ်ကြပါတယ်။ ဒါကြောင့် လိုက်လျောညီထွေမှု မရှိတာဟာ လွတ်လပ်စွာ စဉ်းစားဆင်ခြင်သူတွေရဲ့ အဓိက လက္ခဏာတစ်ရပ်အဖြစ် တွေ့နိုင်ပါတယ်။ ဒါပေမယ့် လိုက်လျောညီထွေမှုမရှိတိုင်း လွတ်လပ်စွာ စဉ်းစားဆင်ခြင်သူလို့ ဆိုလို့မရပါဘူး။

## အတည်ပြုချက်မရှာခြင်း

လွတ်လပ်စွာ စဉ်းစားဆင်ခြင်သူတွေဟာ အခြားသူတွေရဲ့ ထောက်ခံမှုမရလည်း သူတို့ဘာလုပ်ရမယ်ဆိုတာကို သူတို့ကိုယ်တိုင်သိကြပါတယ်။ တစ်ခုခုမှန်တယ်လို့ သူတို့ခံစားရရင် ပတ်ဝန်းကျင်က လူတွေ (ဒါမှမဟုတ် အများစု) က သူရွေးချယ်ဆုံးဖြတ်တာကို သဘောမတူခဲ့ရင်တောင်မှ သူတို့ ယုံကြည်ရာကို ဆက်လက်လုပ်ကိုင်တတ်ကြပါတယ်။ ဒီတော့ အမှီအခိုကင်းကင်း လွတ်လွတ်လပ်လပ် စဉ်းစားဆင်ခြင်တာဟာ လူတစ်ဦးရဲ့ ကိုယ်ပိုင်ဆုံးဖြတ်ချက်ကို ပထမဦးစားပေးနေရာမှာ ထားခြင်းလို့လည်း ဆိုနိုင်ပါတယ်။

## မျက်ကန်းယုံကြည်မှုမရှိခြင်း

လွတ်လွတ်လပ်လပ် စဉ်းစားဆင်ခြင်သူတွေရဲ့ လက္ခဏာတွေထဲမှာ မျက်ကန်းယုံကြည်မှုမရှိခြင်းဟာ အဓိကအချက်တစ်ရပ်အနေနဲ့ တွေ့ရပါတယ်။ သူတို့ဟာ သူတို့ရဲ့ သူဌေးဖြစ်လို့၊ ဆရာဖြစ်လို့၊ အဆင့်မြင့်အရာရှိဖြစ်လို့၊ သူတို့အဖွဲ့အစည်းဖြစ်လို့ဆိုပြီး တစ်ဖက်သတ်ပြောသမျှကို ကျိုးကြောင်းမဲ့ မယုံတတ်ကြပါဘူး။ လူတွေရဲ့ သဘာဝအရ ဘယ်သူမဆိုမှားနိုင်တယ်ဆိုတာကို နားလည်လက်ခံထားကြပြီး တစ်ခါတစ်ရံမှာ လူတွေဟာ ထင်ထားတာထက် မတူညီတဲ့ရည်ရွယ်ချက်တွေကြောင့် ဖိအားပေးခံရတယ်ဆိုတာ လက်ခံထားသူတွေဖြစ်ကြပါတယ်။ နောက်ဆုံးကတော့ မြင့်မားတဲ့လူမှုရေးအခြေအနေ ဒါမှမဟုတ် ရာထူးအခြေအနေတွေရှိနေခြင်းကြောင့် အမြဲတမ်းမှန်ရမယ်လို့ အာမခံချက်ပေးထားခြင်းမရှိပါဘူး။ နောက်ပြီး အဲဒါဟာ မှန်ကန်တဲ့ လူသားတစ်ယောက်ဖြစ်ရမယ်လို့ ဆိုလိုတာမဟုတ်ကြောင်း လွတ်လွတ်လပ်လပ် အမှီအခိုကင်းကင်း စဉ်းစားဆင်ခြင်သူတွေက လက်ခံထားကြပါတယ်။

## တံဆိပ်ကပ်ခြင်းနှင့် ပုံသေအစွဲပြုစဉ်းစားမှု မပြုလုပ်ခြင်း

တံဆိပ်ကပ်ခြင်းနဲ့ တရားသေအစွဲပြုစဉ်းစားတဲ့ နည်းလမ်းက ခက်ခက်ခဲခဲ မစဉ်းစားရဘဲ ပိုမိုလွယ်ကူတဲ့နည်းလမ်းဖြစ်လို့ လူအများစုဟာ အဲဒီလွယ်ကူတဲ့ နည်းလမ်းတွေနဲ့ ဘက်လိုက်ကြတဲ့အတွက် တွေးခေါ်မှုဆိုင်ရာ သားကောင်တွေဖြစ်သွားတတ်ကြပါတယ်။ တချို့ဟာ အားမစိုက်ရတဲ့ အသိအမြင်ဆိုင်ရာဖြတ်လမ်းတွေကို လိုက်ကြတဲ့အတွက် ကိုယ်တိုင်နက်နက်နဲနဲ မတွေးတောမဆင်ခြင်ကြတော့ပါဘူး။

ဒါဟာ အမှီအခိုကင်းတဲ့ စဉ်းစားဆင်ခြင်သူတွေနဲ့ အဓိကကွဲပြားတဲ့ပုံစံ ဖြစ်ပါတယ်။ အမှီအခိုကင်းကင်း စဉ်းစားသူတွေကတော့ မျက်စိမှိတ်ဘက်လိုက်ခြင်း၊ တံဆိပ်ကပ်ခြင်း၊ အသိအမြင်နဲ့ ပတ်သက်လို့ လိုရာဆွဲပြောဆိုခြင်းတို့လို လွတ်လပ်စွာ စဉ်းစားဆင်ခြင်မှုကို အကန့်အသတ်ဖြစ်စေတဲ့ ဘယ်လိုအရာတွေကိုမှ မနှစ်သက်ကြပါဘူး။

## သတင်းအချက်အလက်တွေကို အပြန်အလှန်စစ်ဆေးခြင်း

အမှီအခိုကင်းတဲ့ စဉ်းစားဆင်ခြင်သူတွေဟာ ဆုံးဖြတ်ချက်မချမီ သို့မဟုတ် နောက်ဆုံးကောက်ချက်မချမီ အချက်အလက်အားလုံးကို ဂရုတစိုက်အကဲဖြတ်တတ်ကြပါတယ်။ ရည်ရွယ်ချက်ကတော့ သူရရှိတဲ့ သတင်းအချက်အလက်တွေက မှန်ကန်ဖို့နဲ့ ဓမ္မဓိဋ္ဌာန်ကျစေဖို့ဖြစ်ပါတယ်။

*စာမျက်နှာ ၁၁ သို့*

# မွန်ပြည်နယ်ဝန်ကြီးချုပ် မော်လမြိုင်မြို့နယ်အတွင်း တစ်အိမ်တက်ဆင်း စာရင်းကောက်ယူရေးအဖွဲ့များ၏ မြေပြင်ကွင်းဆင်းမှုအခြေအနေများအား ကွင်းဆင်းကြည့်ရှု

**မော်လမြိုင် ဇန်နဝါရီ ၁၁** မွန်ပြည်နယ်အတွင်း အခြေခံလူဦးရေစာရင်းများ မှန်ကန်မှုရှိစေရေးအတွက် မြို့နယ်အသီးသီးအလိုက် မြေပြင်တစ်အိမ်တက်ဆင်း ကွင်းဆင်းစာရင်းကောက်ယူရေး အဖွဲ့များဖြင့် စာရင်း ကောက်ယူခြင်းများကို ကောက်ယူ ဆောင်ရွက်လျက်ရှိရာ မွန်ပြည်နယ် ဝန်ကြီးချုပ် ဦးဇော်လင်းထွန်း၊ ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူများသည် ဇန်နဝါရီ ၁၀ ရက်က မော်လမြိုင်မြို့ ရိုးဂိုးကျေးရွာ၌ မြေပြင် တစ်အိမ်တက်ဆင်း စာရင်းကောက်ယူရေးအဖွဲ့များ၏ မြေပြင်ကွင်းဆင်း စာရင်းကောက်ယူနေမှုများကို ကြည့်ရှုစစ်ဆေး၍ ပြည်နယ်ဝန်ကြီးချုပ်က လူဦးရေစာရင်းများ တိကျမှန်ကန်မှုရှိစေရေး အထူးအလေးထား ဆောင်ရွက်ရန်၊ မြေပြင်ကွင်းဆင်း စာရင်းကောက်ယူရေး လုပ်ငန်းစဉ်များကို ပြည်သူများ ကျယ်ကျယ်ပြန့်ပြန့် သိရှိပြီး ပူးပေါင်းပါဝင်လာစေရန်နှင့် သတ်မှတ်အချိန်အတွင်း အချိန်မီပြီးစီးနိုင်ရေး တစိုက်မတ်မတ် ဆောင်ရွက်ကြရန် မှာကြားခဲ့သည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် မော်လမြိုင်မြို့နယ် ဈေးကြို ရပ်ကွက်အတွင်း မြေပြင်ကွင်းဆင်း စာရင်း ကောက်ယူနေမှုများကို ကြည့်ရှုစစ်ဆေးခဲ့ပြီး မွန်ပြည်နယ် အနေဖြင့် မြေပြင်ကွင်းဆင်း စာရင်း ကောက်ယူရန် အိမ်ထောင်စုပေါင်း ၅၂၅၆၉၅ စု ရှိရာ ဇန်နဝါရီ ၉ ရက်မှ စတင်၍ မြေပြင်တစ်အိမ်တက်ဆင်းစာရင်း ကောက်ယူရေးအဖွဲ့ ၁၀၉၃ ဖွဲ့ဖြင့် စာရင်းကောက်ယူခဲ့ပြီး ဇန်နဝါရီ ၁၀ ရက်အထိ အိမ်ထောင်စု ၁၇၀၀၀ ကျော် ကောက်ယူပြီးစီးခဲ့ကြောင်း သိရသည်။

မွန်ပြည်နယ်အတွင်း ကိုဗစ်-၁၉ ကာကွယ်ဆေးထိုး လွှမ်းခြုံမှုမြင့်မားရေးအတွက် မြို့နယ်များအလိုက် အခြေခံပညာကျောင်းများရှိ ကျောင်းသား ကျောင်းသူများကို ဦးစားပေးသတ်မှတ်၍ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထပ်ဆောင်း (Booster Dose)များ ထိုးနှံပေးလျက်ရှိရာ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ဇန်နဝါရီ ၁၀ ရက်က မော်လမြိုင်မြို့ ဖားအောက်ကျေးရွာ အခြေခံပညာ အလယ်တန်းကျောင်း (ခွဲ) ၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးအကြိမ်ပြည့် ထိုးနှံပြီးစီးမှု ငါးလပြည့်ပြီးသော အသက် ငါးနှစ်မှ ၁၂ နှစ်အတွင်းရှိ ကျောင်းသား ကျောင်းသူများအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထပ်ဆောင်းထိုးနှံပေးနေမှု အခြေအနေကို ကြည့်ရှုအားပေးခဲ့ကြကာ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် မော်လမြိုင်မြို့နယ် စမ်းကြီးကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း (ခွဲ)၌ ကျန်းမာရေး ဝန်ထမ်းများမှ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထပ်ဆောင်းထိုးနှံပေးနေမှုတို့ကို ကြည့်ရှုအားပေးသည်။



ခရိုင်(ပြန်/ဆက်)

# ကျိုင်းတုံမြို့နယ်၌ မြေသားလမ်းနှင့် ကျောက်ဖြုန်းခင်းခြင်းလုပ်ငန်း ၉၀ ရာခိုင်နှုန်းခန့် ပြီးစီး

ကျိုင်းတုံ ဇန်နဝါရီ ၁၁

**နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် နယ်စပ်ဒေသဖွံ့ဖြိုးရေး ပြည်ထောင်စုခွင့်ပြု ရန်ပုံငွေကျပ် ၂၀၃ ဒသမ ၄၂၅ သန်း အကုန်အကျခံကာ ကျိုင်းတုံမြို့နယ် မိုင်းပန်လယ်အုပ်စု ယန်းလုံ-ဝမ်ဖြတ်-ဟိုနားကျေးရွာချင်းဆက် မြေသားလမ်း တာချဲ့ခြင်းနှင့် ကျောက်ဖြုန်းခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။**



အဆိုပါ ကျေးရွာချင်းဆက် မြေသားလမ်း (၇/၃) မိုင်ပေါ်မှ (၃/၁)မိုင်ကို မြေသားလမ်း တာချဲ့ခြင်း၊ ကျောက်ဖြုန်းခင်းခြင်းလုပ်ငန်းနှင့် ရေထုတ်ပြွန်ခြောက်စင်း တည်ဆောက်ခြင်း လုပ်ငန်းများကို တင်ဒါအောင်မြင်သည့် ကုမ္ပဏီမှ ၂၀၂၂ ခုနှစ် ဇွန်လတွင် လုပ်ငန်းများ စတင်ဆောင်ရွက်ခဲ့ရာ လက်ရှိတွင် လုပ်ငန်းများ ၉၀ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ကြောင်း သိရပြီး လုပ်ငန်းများ ဆောင်ရွက်ရာတွင် ရေရှည်တည်တံ့ ကောင်းမွန်ရေးနှင့် သတ်မှတ်ကာလအတွင်း လုပ်ငန်းများ ပြီးစီးနိုင်ရန်အတွက် ရှမ်းပြည်နယ် ဖွံ့ဖြိုးမှုကြီးကြပ်ရေးမှူးရုံး (ကျိုင်းတုံ)မှ ဒေသကြီးကြပ်ရေးမှူးနှင့်အဖွဲ့က ဇန်နဝါရီ ၁၀ ရက်တွင် သွားရောက်စစ်ဆေးခဲ့ကြောင်း သိရသည်။

အဆိုပါလမ်း ဆောင်ရွက်ပြီးစီးပါက ဒေသခံပြည်သူများသည် ကျိုင်းတုံမြို့သို့ အချိန်တိုအတွင်း ကူးလူးသွားလာနိုင်မည်ဖြစ်ပြီး ဒေသအတွင်း ထွက်ကုန်များကို တင်ပို့ရောင်းချနိုင်မည်ဖြစ်ကာ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေး အခွင့်အလမ်းများ တိုးတက်လာမည်ဖြစ်ကြောင်း သိရသည်။

**အောင်ဇင်မြင့် (ပြန်/ဆက်)**

## ကလောမြို့နယ်၌ အပ်ချုပ်စက် သင်တန်းဖွင့်

**ကလော ဇန်နဝါရီ ၁၁** ကျေးလက်နေ တိုင်းရင်းသူလေးများအား အသက်မွေးဝမ်းကျောင်း အထောက်အကူပြု ပညာရပ်များ သင်ကြားတတ်မြောက်ပြီး မိမိတို့ရပ်ရွာဒေသအတွင်း တစ်နိုင်တစ်ပိုင် စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးအတွက် ကလောမြို့နယ်၌ မြို့နယ်ကျေးလက် ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကြီးမှူးဖွင့်လှစ်သည့် အသက်မွေးဝမ်းကျောင်း အထောက်အကူပြု အပ်ချုပ်စက် သင်တန်းဖွင့်ပွဲကို ဇန်နဝါရီ ၁၀ ရက်က နန်းတိုင်းကျေးရွာအုပ်စု ဈေးကုန်းရွာမခန်းမ၌ ကျင်းပသည်။ **ကျော်ဝင်း(ပြန်/ဆက်)**

*စာမျက်နှာ ၁၀ မှ*

### စိတ်ကိုဖွင့်ထားပြီး လိုရာဆွဲ ကောက်ချက်မချခြင်း

ဥပမာအနေနဲ့ လုပ်ငန်းခွင်ထဲက လူတစ်ဦးဟာ သူတို့သူ့ငွေအကြောင်းနဲ့ ပတ်သက်လို့ လုပ်ဖော်ကိုင်ဖက်တစ်ဦးထံကနေ အတင်းအဖျင်းစကားကြားပြီး အခြေအနေ အလုံးစုံမဆန်းစစ်ဘဲ ကောက်ချက်ချဖို့ လွယ်ကူပါတယ်။ အမှီအခိုကင်းတဲ့ စဉ်းစားဆင်ခြင်သူတစ်ဦးကတော့ အဲဒီလိုလုပ်မှာ မဟုတ်ပါဘူး။ အဲဒီလိုဖြစ်စဉ်တွေမှာ ရှုထောင့်တစ်ခုထက် ပိုရှိတတ်တဲ့သဘာဝကို အမှီအခိုကင်းကင်း စဉ်းစားသူတွေက သိရှိထားကြပါတယ်။ ဒါကြောင့် သူတို့ဟာ ဖြစ်စဉ်တစ်ခုကို ရှုထောင့်ပေါင်းစုံကနေ သုံးသပ်နိုင်ဖို့အတွက် စိတ်ကို အမြဲဖွင့်ထားဖို့ ကြိုးစားကြပါတယ်။ စိတ်ကိုဖွင့်ထားတဲ့ ပုံစံဟာ အမှီအခိုကင်းကင်းစဉ်းစားသူတွေရဲ့ အရေးကြီးဆုံး လက္ခဏာတွေထဲက တစ်ခုဖြစ်ပါတယ်။

### လူပတဲ့ လိမ်ညာမှုတွေထက် ရုပ်ဆိုးတဲ့ အမှန်တရားတွေကို ပိုမိုနှစ်သက်ခြင်း

လွတ်လွတ်လပ်လပ် စဉ်းစားဆင်ခြင်မှုဆိုတာက အမှန်တရားတွေက ကိုယ့်အတွက် ဆွဲဆောင်မှုမရှိတဲ့အပြင် နာကျင်မှုရခဲ့ရင်တောင်မှ အဲဒီအမှန်တရားကို ဆုပ်ကိုင်ထားခြင်းလို့ ဆိုနိုင်ပါတယ်။ လွတ်လွတ်လပ်လပ်စဉ်းစားသူတွေဟာ အမှန်တရားအတွက် ကိုယ့်ရဲ့ မျှော်လင့်ချက်တွေ မပြည့်ဝနိုင်ဘူးဆိုတာကို သိခဲ့ရင်တောင်မှ အဲဒီအမှန်တရားကို ရှောင်ဖယ်မသွားတတ်ကြပါဘူး။ ဒါ့အပြင် တစ်ဝက်တစ်ပျက်အမှန်တရားတွေနဲ့ အဖြူရောင်မုသားတွေကို အသံကောင်းဟစ်ပြနေတတ်တာတွေကို လွတ်လွတ်လပ်လပ်စဉ်းစားသူတွေက လက်မခံကြပါဘူး။

### အခြားသူတွေ စဉ်းစားတာကို အလေးမထားတတ်ခြင်း

လွတ်လွတ်လပ်လပ် စဉ်းစားသူတွေဟာ အခြားသူတွေရဲ့သဘောထားတွေကို စဉ်းစားချင့်ချိန်တဲ့ အခါမှာ အခြားသူတွေက သူတို့အပေါ်ထားတဲ့ ယူဆချက်တွေနဲ့ ပတ်သက်ပြီး အထူးအလေးမထားကြပါဘူး။ လွတ်လွတ်လပ်လပ် စဉ်းစားသူတွေဟာ အခြားသူတွေက သူတို့အပေါ်နှစ်သက်မှုနဲ့ လက်ခံမှုတွေအတွက်လည်း စိတ်ပူမနေကြဘူး။ အခြားသူတွေက သူ့အပေါ်ထားတဲ့ သဘောထားတွေထက် ရိုးသားပြီး မျှတမှုရှိတဲ့ လူသားတစ်ဦးဖြစ်ဖို့ကို ပိုပြီး ဂရုစိုက်ကြပါတယ်။

အထက်မှာဖော်ပြခဲ့တဲ့ အချက်တွေကတော့ လွတ်လွတ်လပ်လပ် စဉ်းစားတတ်သူတွေမှာ တွေ့ရှိရလေ့ရှိတဲ့ လက္ခဏာတွေပဲ ဖြစ်ပါတယ်။ လွတ်လွတ်လပ်လပ် စဉ်းစားဆင်ခြင်မှုနဲ့ မတူတဲ့ ပုံစံတစ်ခုကတော့ မှီခိုစဉ်းစားတွေးခေါ်ခြင်း ဖြစ်ပါတယ်။

### မှီခိုစဉ်းစားတွေးခေါ်ခြင်း

လွတ်လွတ်လပ်လပ် ဒါမှမဟုတ် အမှီအခိုကင်းကင်း စဉ်းစားဆင်ခြင်ခြင်းရဲ့ ဆန့်ကျင်ဘက်ကတော့ မှီခိုစဉ်းစားတွေးခေါ်ခြင်း ဖြစ်ပါတယ်။ အမှီအခိုကင်းကင်း စဉ်းစားဆင်ခြင်သူက သူ့ရဲ့ ကိုယ်ပိုင် စဉ်းစားဆုံးဖြတ်နိုင်စွမ်းနဲ့ ကျိုးကြောင်းဆီလျော်မှုအပေါ် ရပ်တည်ပြီး အမှန်တရားကို ရှာဖွေပေမယ့် မှီခိုစဉ်းစားတွေးခေါ်သူကတော့ အခြားသူတွေရဲ့ အကြံဉာဏ်၊ ရှုမြင်မှု၊ စဉ်းစားတွေးခေါ်မှု၊ အသိအမြင်တွေကတစ်ဆင့် သူတို့အတွက် အတွေးအမြင်၊ အကြံဉာဏ်၊ ညွှန်ကြားမှု၊ အသိအမြင်တွေကို ရယူစုဆောင်းကြသူတွေပဲ ဖြစ်ပါတယ်။

တစ်နည်းအားဖြင့် ကိုယ်တိုင်စဉ်းစား ဆုံးဖြတ်မှုထက် အခြားသူတွေရဲ့စဉ်းစား ဆုံးဖြတ်တာတွေအပေါ် တစ်ဆင့်ခံမှီခိုနေသူတွေ ဖြစ်ပါတယ်။ အဲဒီလို မှီခိုစဉ်းစားတွေးခေါ်သူမှာ ကိုယ်ပိုင်အသိအမြင် မပိုင်ဆိုင်ထားကြသူတွေရှိသလို အသုံးမချတတ်သူတွေနဲ့ အသုံးမချနိုင်တဲ့သူတွေလည်း ရှိကြပါတယ်။ အတွေးအခေါ်မှီခိုသူတွေမှာ တွေ့ရလေ့ရှိတဲ့ ပုံစံတွေထဲမှာဆိုရင် ကိုယ်တိုင်ဆုံးဖြတ်နိုင်စွမ်း အားနည်းမှု၊ သူတစ်ပါး/ အများရဲ့ လောင်းရိပ်မိမှု သို့မဟုတ် မလွန်ဆန်နိုင်မှု၊ မိမိကိုယ်မိမိ မယုံကြည်မှု၊ ကိုယ်ကျိုးစီးပွားအတွက် မှီခိုမှုစတဲ့ ပုံစံတွေ ဖြစ်ပါတယ်။

### လူ့အဖွဲ့အစည်းအတွက်

ဒီကနေ့ ကမ္ဘာကြီးဟာ ဘယ်သူမှ သီးသန့်ခွဲခြား ရပ်တည်လို့ မရတော့ပါဘူး။ ကဏ္ဍတိုင်းဟာ အပြန်အလှန် ဆက်နွှယ်နေကြပါတယ်။ ဒါကြောင့် ကမ္ဘာကြီးရဲ့တစ်ဖက်ခြမ်းက အဖြစ်အပျက်တွေက ကိုယ်နဲ့တိုက်ရိုက်မသက်ဆိုင်ပေမယ့် အကျိုးဆက်တွေကတော့ ရိုက်ခတ်တတ်ကြပါတယ်။ Butterfly Effect လိုပါပဲ။ ကမ္ဘာကြီး တစ်ဖက်ခြမ်းက လိပ်ပြာတစ်ကောင်ရဲ့ အတောင်ခတ်သံကတစ်ဆင့်ဖြစ်လာတဲ့ ဆင့်ကဲအကျိုးဆက်တွေက ကမ္ဘာ့အခြားတစ်ဖက်ခြမ်းမှာ ပြင်းထန်တဲ့ လေမုန်တိုင်းတွေကို ဖြစ်စေတယ်လို့ ဆိုပါတယ်။

ဒီလိုပါပဲ တစ်ဦးတစ်ယောက်ချင်းစီရဲ့ စဉ်းစားတွေးခေါ်မှုနဲ့ ပြုမူဆောင်ရွက်မှုတွေက သေးငယ်တယ် ထင်ရပေမယ့်ဖြစ်လာတဲ့ အကျိုးဆက်တွေကတော့ လူ့အဖွဲ့အစည်းတစ်ခုလုံးအပေါ် အကျိုးသက်ရောက်စေနိုင်ပါတယ်။ အခုဆိုရင် ကမ္ဘာကြီးမှာ တိုးတက်မှု၊ ဖွံ့ဖြိုးမှုတွေရှိနေပေမယ့် တစ်ဖက်မှာ လူသားတွေဟာ နိုင်ငံရေး၊ စီးပွားရေးနဲ့ဆိုင်တဲ့ ရှုပ်ထွေးတဲ့ ပြဿနာတွေ၊ သတင်းဖောင်းပွမှုတွေ၊ လူမှုရေးတရားမျှတမှု ကင်းမဲ့လာတာ စတဲ့အခက်အခဲ အကျပ်အတည်းတွေနဲ့ ရင်ဆိုင်နေကြရပါတယ်။

ဒီလိုအကျပ်အတည်းတွေကို ရင်ဆိုင်ကျော်လွှားဖို့နဲ့ နိုင်ငံတကာမှာ ရင်ပေါင်တန်းနိုင်ဖို့ဆိုရင် သမားရိုးကျစဉ်းစားတွေးခေါ်တဲ့ပုံစံတွေ၊ ဘောင်ခတ်ထား တဲ့စဉ်းစားမှုပုံစံတွေ၊ မှီခိုစဉ်းစားတဲ့ပုံစံတွေထက် ပြဿနာဖြေရှင်းရေးဆိုင်ရာ ပိုမိုမြင့်မားတဲ့ စွမ်းရည်နဲ့ စဉ်းစားဆင်ခြင်မှုပုံစံတွေ လိုအပ်ပါလိမ့်မယ်။ အဲဒီလို တွေးခေါ်မှုစွမ်းရည်တွေ မြင့်တက်လာမှ တစ်ဦးနဲ့တစ်ဦးအကြား အပြန်အလှန် တန်ဖိုးထားလေးစားမှု၊ စာနာနားလည်မှု၊ ဆန်းသစ်တဲ့ အသိအမြင်တွေနဲ့ လူ့အဖွဲ့အစည်းကို ပိုမိုအကျိုးပြုနိုင်မှာဖြစ်ပါတယ်။ ။

**ကိုးကား**

- https:// www .learning-mind.com/ independent-thinker-definition-signs/

## လယ်ယာသုံးစက်ကိရိယာ မောင်းနှင်ထိန်းသိမ်းမှု(အထူး) တောင်သူသင်တန်း အမှတ်စဉ်(၃/၂၀၂၂-၂၃)ဖွင့်



ပဲခူး ဇန်နဝါရီ ၁၁

လယ်ယာသုံး စက်ကိရိယာ မောင်းနှင်ထိန်းသိမ်းမှု (အထူး) တောင်သူသင်တန်း အမှတ်စဉ် (၃/၂၀၂၂-၂၀၂၃) ဖွင့်ပွဲအခမ်းအနားကို ပဲခူးမြို့နယ် ဘုရားကြီးမြို့ စက်မှုလယ်ယာ သင်တန်းကျောင်း သင်တန်းခန်းမ၌ ဇန်နဝါရီ ၁၀ ရက် မွန်းလွဲပိုင်းက ကျင်းပသည်။ (ယာပုံ)

ရှေးဦးစွာ ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းက နိုင်ငံတော်၏ စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ရာတွင် လက်မှုလယ်ယာစနစ်မှ စက်မှုလယ်ယာစနစ်သို့ ကူးပြောင်းရေးသည် မဖြစ်မနေဆောင်ရွက်ရမည့် လုပ်ငန်းစဉ်တစ်ခုဖြစ်ကြောင်း၊ စိုက်ပျိုးရေးကဏ္ဍ ဘက်စုံဖွံ့ဖြိုးတိုးတက်စေရေး အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ဌာနဆိုင်ရာများ၏ အင်အားတစ်ခုတည်းနှင့် ဆောင်ရွက်၍ မရဘဲ လယ်ယာလုပ်ငန်းခွင်တွင် လက်တွေ့လုပ်ကိုင်နေသည့် တောင်သူလယ်သမားများ ပူးပေါင်းပါဝင်မှုသာ အောင်မြင်မည်ဖြစ်ကြောင်း၊ မိမိတို့ တိုင်းဒေသကြီး အစိုးရအဖွဲ့အနေဖြင့် စက်မှုလယ်ယာ စနစ်ကျလယ်ယာမြေများ ဖော်ထုတ်ပေးလျက်ရှိပြီး စနစ်ကျလယ်ယာမြေ ဖော်ထုတ်ရန်ဆန္ဒရှိသည့် ကျေးရွာများရှိပါက သက်ဆိုင်ရာ မြို့နယ်ထွန်စက်စခန်းများနှင့် ချိတ်ဆက်ဆောင်ရွက်နိုင်သည်ကို သတင်းစကားပေးလိုကြောင်း၊ တောင်သူအကျိုးပြု လယ်ယာသုံးစက်ကိရိယာ မောင်းနှင်ထိန်းသိမ်းမှု သင်တန်းမှ ရရှိလာသည့် အသိပညာ၊ အတတ်ပညာများကို မိမိတို့ရပ်ရွာများတွင်ပြန်လည်အသုံးချပြီး လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေး ကြိုးစားဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ဘုရားကြီးမြို့ စက်မှုလယ်ယာသင်တန်းကျောင်း၊ ကျောင်းအုပ်ကြီး ဦးသန်းထွန်းက သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်၊ သင်တန်းဖွင့်လှစ်ပြီးစီးခဲ့မှု အခြေအနေများကို ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က လိုအပ်သည်များ မှာကြားခဲ့သည်။

အဆိုပါ လယ်ယာသုံးစက်ကိရိယာ မောင်းနှင်ထိန်းသိမ်းမှု (အထူး) တောင်သူသင်တန်း အမှတ်စဉ် (၃/ ၂၀၂၂-၂၀၂၃)ကို ဇန်နဝါရီ ၁၀ ရက်မှ မတ် ၃ ရက်အထိ ဖွင့်လှစ်မည်ဖြစ်ပြီး ပဲခူးတိုင်းဒေသကြီးမှ ၁၆ ဦး၊ ရန်ကုန်တိုင်းဒေသကြီးမှ သုံးဦး၊ ဧရာဝတီတိုင်းဒေသကြီးမှ သုံးဦး၊ ရခိုင်ပြည်နယ်မှ ၃၁ ဦးနှင့် ကရင်ပြည်နယ်မှ လေးဦး စုစုပေါင်း သင်တန်းသား ၅၇ ဦးတို့ကို စာတွေ့၊ လက်တွေ့ သင်ကြားပို့ချပေးသွားမည် ဖြစ်ကြောင်း သိရသည်။ **တင်စိုး(ပဲခူး)**

## တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ဆေးများ ဆက်လက်ထိုးနှံ

နေပြည်တော် ဇန်နဝါရီ ၁၁

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့၌ ကာကွယ်ဆေးထိုးနှံခြင်းကို အင်တိုက်အားတိုက် ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်တို့၌ ဒေသခံပြည်သူ ၂၆၄၃၀၊ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင်ခုနစ်ခုတို့မှ ဒေသခံပြည်သူ ၁၁၉၈၁ ဦးတို့ကို တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံပေးခြင်းများ ဆောင်ရွက်ပေးသည်။ (အောက်ပုံ)

ထို့အတူ ကျောင်းသား ကျောင်းသူများကိုလည်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများ ထိုးနှံပေးလျက်ရှိရာ ယနေ့တွင် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်တို့၌ ကျောင်းသား ကျောင်းသူ ၂၈၀၊ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင်ခုနစ်ခုတို့၌ ကျောင်းသားကျောင်းသူ ၃၉၀ တို့ကို တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့်ပူးပေါင်း၍ ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးခြင်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



## မြို့သစ်မြို့နယ် ကြီးကံ - ဆည်လည်(န)ကျေးရွာလမ်း ကျောက်ရောမြေသားလမ်းခင်းခြင်းလုပ်ငန်း ရာနှုန်းပြည့်ပြီးစီး



မြို့သစ် ဇန်နဝါရီ ၁၁

မကွေးတိုင်းဒေသကြီး မြို့သစ်မြို့နယ် ကြီးကံ-ဆည်လည်(န)ကျေးရွာလမ်း (နေပြည်တော်-မြို့သစ် - ကံပြား)လမ်းနှင့် ဆက်သွယ်ထားသော ကျောက်ရောမြေသား လမ်းခင်းခြင်းလုပ်ငန်းများ ရာနှုန်းပြည့် ပြီးစီးပြီဖြစ်ကြောင်း သိရသည်။ (ဝဲပုံ)

အဆိုပါ ကျောက်ရောမြေသား လမ်းပိုင်းအား ကျေးလက်လမ်း ဖွံ့ဖြိုးရေးဦးစီးဌာနက ပြည်ထောင်စုငွေလုံးငွေရင်း ရန်ပုံငွေဖြင့် ၂၈-၈-၂၀၂၂ ရက်က စတင်ဆောင်ရွက်ခဲ့သော လမ်းအရှည် ၂ ဒသမ ၅၅၅ km နှင့် လိုအပ်သောနေရာများတွင် မြေသားတာပေါင်တင်ရန် အကျယ် ၅ ဒသမ ၄၉ mm၊ ထု ၂၀၀ mm ဖြစ်သော ကျောက်ရော မြေခင်းခြင်းလုပ်ငန်းများကို ပြည်ထောင်စုရန်ပုံငွေ ကျပ်သန်း ၄၁ ဒသမ ၅၅၂ သန်းဖြင့် ကျောက်ရောမြေသား လမ်းခင်းခြင်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့ရာ ယခုဆိုလျှင် ရာနှုန်းပြည့် ပြီးစီးပြီဖြစ်သည်။

အဆိုပါ ကျောက်ရောမြေသားလမ်း ပြီးစီးပြီဖြစ်သဖြင့် ကျေးရွာများရှိ လူဦးရေ ၁၆၃၆ ဦးတို့၏ ကျန်းမာရေး၊ လူမှုရေးနှင့် စီးပွားရေးတို့ တိုးတက်ကောင်းမွန်လာပြီး ကျေးရွာရှိ ထွက်ကုန်များကိုပါ အချိန်တိုအတွင်း အဆင်ပြေချောမွေ့စွာ ပို့ဆောင်နိုင်မည်ဖြစ်ကြောင်း ကျေးလက်လမ်း ဖွံ့ဖြိုးရေးဦးစီးဌာနက သိရသည်။

**ကိုဇော်**

**(ပြန်/ဆက်)**

❒ *ရှေ့ဖုံးမှ*

မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင်နှင့် မြို့နယ်အတွင်းရှိ ပြည်သူများအားလုံး လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် အသက်မွေးဝမ်းကျောင်း အထောက်ကူပြုပညာရပ်များ ဖွင့်လှစ်သင်ကြားပေးခြင်းကြောင့် ကျေးလက်ဒေသရှိ ပြည်သူများအနေဖြင့် ကိုယ်ပိုင်စီးပွားရေးလုပ်ငန်းများ ဖော်ဆောင်ကာ မိမိဘဝ၊ မိမိဒေသ ဖွံ့ဖြိုးတိုးတက်ရေးတွင် လက်တွေ့ကျကျ ပါဝင်ဆောင်ရွက်နိုင်ရေး၊ ကျေးလက်နေပြည်သူများ၏ အလုပ်အကိုင် အခွင့်အလမ်းများ ဖန်တီးပေးနိုင်ရေး၊ တစ်ဦးချင်း ဝင်ငွေ တိုးပွားခြင်းဖြင့် ဆင်းရဲနွမ်းပါးမှု လျှော့ချနိုင်ရေး၊ တတ်မြောက်ထားသော အတတ်ပညာရပ်များကို မှန်ကန်စွာအသုံးချ၍ မိသားစုဝင်ငွေကို တစ်ဖက်တစ်လမ်းမှ ရှာဖွေနိုင်ရေးတို့အတွက် ရည်ရွယ်ဖွင့်လှစ် သင်ကြားပေးခြင်းဖြစ်ကြောင်း ရက်ကန်းနှင့် အသက်မွေးပညာသင်တန်းကျောင်း (ပခုက္ကူ) မှ ကျောင်းအုပ်ဆရာမကြီး ဒေါ်သန္တာယုက ပြောသည်။



သင်တန်းသူများ ရက်ကန်းနှင့် အသက်မွေးပညာသင်တန်းကျောင်း(ပခုက္ကူ)၌ ရက်ကန်းပညာများ လက်တွေ့သင်ကြားပေးနေမှုကို တွေ့ရစဉ်။

သင်တန်းကျောင်းတွင် ချည်မျှင်နှင့် အထည်အလိပ် ကျွမ်းကျင်သူ တစ်နှစ်သင်တန်းနှင့် လက်ရက်ကန်းပညာရပ် ခြောက်လသင်တန်းများအပြင် အခြေခံစားသောက်ကုန်သင်တန်း၊ တန်ဖိုးမြင့် စားသောက်ကုန် ထုတ်လုပ်မှုသင်တန်း၊ လူသုံးကုန်ထုတ်လုပ်မှု နည်းပညာသင်တန်း၊ ရက်ကန်းပညာရပ်ဆိုင်ရာ အခေါ်အဝေါ်၊ အကိုင်အတွယ်၊ အတွက်အချက်များမှ စတင်ပြီး ကျွမ်းကျင်ပိုင်နိုင်စွာ ဆွဲတတ်၊ ချုပ်တတ်သော အဆင့်ရောက်သည်အထိ ကျေးလက်ဒေသမှ အလုပ်အကိုင်အခွင့်အလမ်း နည်းပါးသော ပြည်သူများကို နေထိုင်စားသောက်ရေးနှင့် သင်ထောက်ကူပစ္စည်းများအား စရိတ်ငြိမ်းဖြင့် စာတွေ့၊ လက်တွေ့ စနစ်တကျသင်ကြားပေးလျက်ရှိပြီး သင်တန်းပြီးဆုံးပါက ရက်ကန်းပညာရပ်များဖြင့် အသက်မွေးဝမ်းကျောင်း လုပ်ကိုင်နိုင်ရန်၊ သင်တန်းထူးချွန်ဆုရရှိသူများအား ရက်ကန်းစင်တစ်စုံစီ ချီးမြှင့်ပေးခြင်း၊ အခြားစားသောက်ကုန်နှင့် လူသုံးကုန်ထုတ်လုပ်မှုနည်းပညာသင်တန်း ပြီးဆုံးသူများအား သင်တန်းဆင်းလက်မှတ်၊ အထောက်အကူပြုပစ္စည်းနှင့် နည်းပညာပံ့ပိုးကူညီခြင်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ကျောင်းတွင်းသင်တန်းများအပြင် ပြင်ပအသိပညာဗဟုသုတများ တိုးပွားရရှိစေရန် သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်းပြီး အသိပညာပေး ဟောပြောပွဲများ ဆောင်ရွက်ပေးလျက်ရှိကြောင်း ၎င်းက ဆက်လက်ပြောသည်။

အဆိုပါသင်တန်းကျောင်းတွင် ၂၀၁၅ ခုနှစ်မှ ၂၀၂၂ ခုနှစ်အထိ တိုင်းရင်းသားရိုးရာဂျပ်ခုတ်သင်တန်း၊ စက်ရက်ကန်းသင်တန်း၊ လက်ရက်ကန်းသင်တန်း၊ ဓာတုနှင့် သဘာဝဆိုးဆေးသင်တန်း၊ ဓာတုဆိုးဆေးသင်တန်းများ တစ်ကြိမ်စီ၊ အခြေခံစက်ချုပ်သင်တန်း၊ အထည်ဆေးရေးနည်းနှင့် ပုံရိုက်အခြေခံသင်တန်းများနှစ်ကြိမ်စီ၊ ဝါးအခြေခံလက်မှုထည်သင်တန်းလေးကြိမ်၊ သဘာဝ ဆိုးဆေးသင်တန်း ခုနစ်ကြိမ်၊ တန်ဖိုးမြင့်စားသောက်ကုန် ထုတ်လုပ်မှုသင်တန်းခြောက်ကြိမ်၊ သစ်သီးဝလံအခြေခံစားသောက်ကုန်သင်တန်း ၁၇ ကြိမ်၊ လူသုံးကုန်ထုတ်လုပ်မှုနည်းပညာသင်တန်း ၁၉ ကြိမ် စသည့် အသက်မွေးဝမ်းကျောင်းအထောက်အကူပြု ကာလတို သင်တန်းများ ၆၂ ကြိမ်အထိ ဖွင့်လှစ်ပြီး စုစုပေါင်း သင်တန်းသား သင်တန်းသူ ၁၁၇၃ ဦးကို သင်ကြားမွေးထုတ်ပေးနိုင်ခဲ့ပြီဖြစ်ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# နီပေါလွှတ်တော်က ဝန်ကြီးချုပ်သစ်ကို အတည်ပြု

**ခတ္တမန္ဒူ ဇန်နဝါရီ ၁၁**
နီပေါဝန်ကြီးချုပ်သစ် ပွတ်ရှ်ပါ ကာမယ် ဒါဟယ်သည် လွှတ်တော်တွင် တရားဝင် ထောက်ခံမဲဖြင့် အနိုင်ရရှိခဲ့သည်။ ဝန်ကြီးချုပ်သစ်သည် နီပေါနိုင်ငံ၏ ကွန်မြူနစ်ပါတီကို ဦးဆောင်မည်ဖြစ်သည်။

ဒါဟယ်သည် ဇန်နဝါရီ ၁၀ ရက်က အောက်လွှတ်တော် မဲပေးမှုတွင် ထောက်ခံမဲများ တညီတညွတ်တည်း ရရှိခဲ့သည်။

ပြီးခဲ့သော နိုဝင်ဘာလက လွှတ်တော်ရွေးကောက်ပွဲများကို ကျင်းပခဲ့သည်။ သို့သော်လည်း မည်သည့်ပါတီမှ လွှတ်တော် အမတ်နေရာ အများစုမရရှိခဲ့ပေ။ ထို့ကြောင့် ညွန့်ပေါင်းအစိုးရဖွဲ့စည်းမှုကို ဦးတည်ဖြစ်ပေါ်စေခဲ့သည်။

အစိုးရသစ်ဖွဲ့စည်းရန် လက်ဝဲစွန်းပါတီများက သဘောတူညီမှု ရရှိခဲ့ပြီး ဒါဟယ်က ဝန်ကြီးချုပ်သစ်အဖြစ် ကျမ်းသစ္စာ ကျိန်ဆိုခဲ့သည်။

ဒါဟယ်သည် ယခင်က ဝန်ကြီးချုပ် နှစ်ကြိမ် ဖြစ်ခဲ့ဖူးသူဖြစ်သည်။

နီပေါနိုင်ငံသည် တရုတ်နိုင်ငံနှင့်သာမက အိန္ဒိယနိုင်ငံတို့နှင့်ပါ နယ်စပ်ချင်း ထိစပ်လျက်ရှိသည်။ အင်အားကြီးနိုင်ငံများ ဖြစ်ကြသည့် အိန္ဒိယနှင့် တရုတ်နိုင်ငံကြား နိုင်ငံရေးမျှခြေရှိအောင် လုပ်ဆောင်ရန် ဝန်ကြီးချုပ်သစ်အတွက် စိန်ခေါ်မှုတစ်ရပ် ဖြစ်လာသည်။ **အင်န်အိတ်ချ်ကေ**



နီပေါနိုင်ငံ၏ ဝန်ကြီးချုပ်သစ်ဖြစ်လာသည့် ပွတ်ရှ်ပါ ကာမယ် ဒါဟယ်။

# လာအိုနှင့် ဗီယက်နမ်တို့ ဘက်စုံပူးပေါင်းဆောင်ရွက်ရေးမြှင့်တင်ရန် ကတိပြု

**ဗီယင်ကျန်း ဇန်နဝါရီ ၁၁**
လာအိုဝန်ကြီးချုပ် ဆွန်နက်ဇေ စီဖန်တုန်းသည် ဗီယက်နမ်ဝန်ကြီးချုပ် ဖမ်မင်ချင်းအား ဇန်နဝါရီ ၁၁ ရက်က လာအိုနိုင်ငံ၏ မြို့တော် ဗီယင်ကျန်း၌ တွေ့ဆုံခဲ့ပြီး လာအိုနှင့် ဗီယက်နမ် နှစ်နိုင်ငံကြား ဆက်ဆံရေးနှင့် ဘက်စုံပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်လုပ်ဆောင်သွားရန် ကတိပြုခဲ့ကြကြောင်း သိရသည်။

ဗီယက်နမ် ဝန်ကြီးချုပ်သည် လာအိုနိုင်ငံသို့ တရားဝင်အလည်အပတ်ခရီး ရောက်နေခြင်းဖြစ်ကြောင်း လာအိုသတင်းအေဂျင်စီ၏ ဖော်ပြချက်အရ သိရသည်။ ဆွေးနွေးပွဲအတွင်း နှစ်နိုင်ငံခေါင်းဆောင်များသည် နယ်ပယ်စုံကဏ္ဍစုံတွင် ပူးပေါင်းဆောင်ရွက်မှု ဆက်လက်လုပ်ဆောင်သွားကြရန် သဘောတူညီခဲ့ကြသည်။

အဆိုပါဝန်ကြီးချုပ် နှစ်ဦး ရှေ့မှောက်တွင် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေး သဘောတူညီချက်များစွာကို လက်မှတ်ရေးထိုးခဲ့ကြကြောင်း သိရသည်။

**ဆင်ဟွာ**



# မွန်ဂိုလီးယားနိုင်ငံ၌ ပြင်းထန်သော ရာသီဥတုသတိပေးချက်ထုတ်ပြန်

**အူလန်ဘာတာ ဇန်နဝါရီ ၁၁**
အအေးလွန်ကဲမှုအပြင် သဲမုန်တိုင်းနှင့် နှင်းမုန်တိုင်း တိုက်ခတ်ခြင်းနှင့် ပတ်သက်ပြီး မိုးလေဝသနှင့် သဘာဝပတ်ဝန်းကျင် စောင့်ကြည့်ရေးဆိုင်ရာ မွန်ဂိုလီးယားအမျိုးသားအေဂျင်စီက ဇန်နဝါရီ ၁၁ ရက်တွင် သတိပေးချက် ထုတ်ပြန်ခဲ့သည်။

ဇန်နဝါရီ ၁၂ ရက်မှ လာမည့်သီတင်းပတ်အစပိုင်းအထိ ညအပူချိန်များမှာ မွန်ဂိုလီးယားနိုင်ငံ ဒေသအနှံ့အပြား၌ အနုတ် ၄၀ မှ ၄၅ ဒီဂရီဆဲလ်စီးယပ်စ်အထိ ရောက်ရှိနိုင်သည်ဟု ခန့်မှန်းထားကြောင်း အဆိုပါအေဂျင်စီ၏ ထုတ်ပြန်ချက်အရ သိရသည်။

ထို့အပြင် နှင်းထူထပ်စွာကျဆင်းမှုနှင့်အတူ သဲမုန်တိုင်းများသည် လာမည့်ရက်များအတွင်း ဂိုဘီသဲကန္တာရတောင်ပိုင်းနှင့် နိုင်ငံအရှေ့ပိုင်း လွင်ပြင်ဒေသများသို့ ဝင်ရောက်တိုက်ခတ်နိုင်ကြောင်း ခန့်မှန်းထားသည်။ ဖြစ်ပေါ်လာနိုင်သောဘေးအန္တရာယ်များနှင့်ပတ်သက်ပြီး အထူးသတိထားရန် ပြည်သူများကို အမျိုးသားအေဂျင်စီက တိုက်တွန်းနှိုးဆော်ထားသည်။ **ဆင်ဟွာ**

# ယခုသီတင်းပတ်ကုန်တွင် ဂျပန်နိုင်ငံတစ်ဝန်း ရာသီဥတု ပူနွေးလာလိမ့်မည်ဟု ခန့်မှန်းထား

**တိုကျို ဇန်နဝါရီ ၁၁**
ယခုသီတင်းပတ်ကုန်တွင် ဂျပန်နိုင်ငံတစ်ဝန်း ပုံမှန်မဟုတ်သည့် ရာသီဥတု ပူနွေးလာမည်ဖြစ်ပြီး နွေဦးရာသီကဲ့သို့ အပူချိန်ရှိမည်ဟု ခန့်မှန်းထားသည်။ နှင်းများ ထူထပ်စွာရှိနေသည့် ဒေသများရှိ ဒေသခံများမှာ နှင်းများပြိုဆင်းလာမှုနှင့် နှင်းအရည်ပျော်မှုကြောင့် မြစ်ချောင်းများ ရေလျှံလာမှုကို သတိထားသင့်ကြောင်း မိုးလေဝသအေဂျင်စီက သတိပေးထားသည်။

ဇန်နဝါရီ ၁၁ ရက်တွင် ဂျပန်နိုင်ငံ ဒေသအတော်များများတွင် လေဖိအားမြင့်မားနေပြီး နိုင်ငံအနောက်ပိုင်းနှင့် အရှေ့ပိုင်းတို့တွင် ရာသီဥတုမှာ နေသာနေသည်။ ယခုသီတင်းပတ်ကုန်တွင် ဂျပန်နိုင်ငံတစ်ဝန်း လေဖိအားနည်းရပ်ဝန်းဖြစ်ပေါ်နိုင်ပြီး ဂျပန်နိုင်ငံအနောက်ပိုင်းမှ အရှေ့ပိုင်း တစ်လျှောက် မိုးရွာခြင်းနှင့် တိမ်ထူထပ်ခြင်းတို့ ဖြစ်ပေါ်လာမည်ဟု မိုးလေဝသအေဂျင်စီက ခန့်မှန်းထားသည်။

ဂျပန်နိုင်ငံ မြောက်ပိုင်း တောင်ထူထပ်သည့် ဒေသတွင် နှင်းများ ကျဆင်းနိုင်သည်။ နှင်းထူထပ်သည့် ဒေသတွင် နေထိုင်သူ ဒေသခံများသည် ခေါင်မိုးပေါ်မှ နှင်းများ ပြိုဆင်းကျလာခြင်းနှင့် နှင်းများကိုဖယ်ရှားရင်း ဖြစ်ပေါ်လာနိုင်သည့် မတော်တဆမှုများကို ဂရုစိုက်ကြရန် သတိပေးထားသည်။

**အင်န်အိတ်ချ်ကေ**

## ၂၀၂၃ ခုနှစ်အတွက် တရုတ် - ဥရောပ ကုန်တင်ရထား ရှန်ဟိုင်းမှ စတင်ပြေးဆွဲ

**ရှန်ဟိုင်း ဇန်နဝါရီ ၁၁**
၂၀၂၃ ခုနှစ်အတွက် တရုတ်-ဥရောပ ကုန်တင်ရထားကို ရှန်ဟိုင်းမြို့မှ စတင်ပြေးဆွဲခဲ့ပြီး အာရှအလယ်ပိုင်းရှိ ဂိတ်များတွင် ရပ်နားခဲ့သည်ဟု ဒေသခံအကောက်ခွန်အရာရှိများက ပြောသည်။

အဆိုပါကုန်တင်ရထားသည် ဆေးဘက်ဆိုင်ရာပစ္စည်းများ၊ ဓာတ်လှေကားများ၊ မော်တော်ယာဉ်ဆိုင်ရာပစ္စည်းများ စုစုပေါင်း တန်ချိန် ၈၈၀ ကျော် (တန်ဖိုးအားဖြင့် ယွမ် ၁၈ ဒသမ ၇ သန်း)ကို တင်ဆောင်ခဲ့သည်ဟု သိရသည်။ ရှန်ဟိုင်းသည် ၂၀၂၁ ခုနှစ် စက်တင်ဘာလကလည်း ၎င်းတို့၏ ပထမဦးဆုံး တရုတ် - ဥရောပ ကုန်တင်ရထားကို ပြေးဆွဲခဲ့သည်။

၂၀၂၂ ခုနှစ်ကလည်း တရုတ်-ဥရောပ ကုန်တင်ရထား ၅၃ စင်း ပြေးဆွဲခဲ့ပြီး တန်ချိန်ပေါင်း ၄၀၀၀၀ အလေးချိန်ရှိပြီး တန်ဖိုးအားဖြင့် ယွမ် ၁ ဒသမ ၃ ဘီလီယံရှိသည်ဟု သိရသည်။

**ဆင်ဟွာ**

# ပြင်သစ်နိုင်ငံ ပါရီမြို့ ဘူတာရုံ၌ ဓားဖြင့်တိုက်ခိုက်မှုကြောင့် လူခြောက်ဦး ဒဏ်ရာရ

**ပါရီ ဇန်နဝါရီ ၁၁**
ပြင်သစ်နိုင်ငံ ပါရီမြို့မြောက်ပိုင်း ဘူတာရုံ၌ ဇန်နဝါရီ ၁၁ ရက် နံနက်ပိုင်းက ဓားဖြင့် တိုက်ခိုက်မှုကြောင့် လူခြောက်ဦး ဒဏ်ရာရရှိခဲ့သည်ဟု ပြင်သစ်သတင်းအေဂျင်စီဖြစ်သည့် ဘီအက်ဖ်အမ်တီဗွီတွင် ဖော်ပြထားသည်။

ရဲအရာရှိနှစ်ဦးက သေနတ်သုံးကြိမ် ပစ်ဖောက်ခဲ့ပြီး အခြေအနေကိုထိန်းချုပ်ရန် ကြိုးပမ်းခဲ့သည်ဟု ဘီအက်ဖ်အမ်တီဗွီတွင် ဖော်ပြထားသည်။

နံနက် ၆ နာရီ ၄၅ မိနစ်တွင် လူတစ်ဦးမှာ ဘူတာရုံအတွင်း စတင်တိုက်ခိုက်ခဲ့ပြီး ၎င်းတွင်လည်း စိုးရိမ်ရသည့် ဒဏ်ရာရရှိခဲ့သည်ဟု သိရသည်။

သေနတ်ဖြင့် တိုက်ခိုက်သူ ကိုယ်တိုင်မှာလည်း ဒဏ်ရာများရရှိခဲ့သည့်အတွက် ဆေးရုံသို့ ပို့ဆောင်ပေးခဲ့ရသည်။ မည်သည့်ရည်ရွယ်ချက်ဖြင့် တိုက်ခိုက်ခြင်းဖြစ်ကြောင်းကိုမူ မသိရသေးချေ။



ဘူတာရုံ၌ တာဝန်ထမ်းဆောင်နေသည့် လုံခြုံရေးအရာရှိများကို တွေ့ရစဉ်။

ပါရီမြောက်ပိုင်း ဘူတာသို့ အဝင်အထွက် ပြေးဆွဲနေသည့် ရထားများအားလုံးမှာ ခေတ္တရပ်ဆိုင်းသွားသည်ဟု အမျိုးသား မီးရထားကုမ္ပဏီ အက်စ်အင်န်စီအက်ဖ်က ပြောသည်။

**ဆင်ဟွာ**

# ပဲခူးဘူတာမှ ဇင်းကျိုက်ဘူတာသို့ ထွက်ခွာလာသည့် မြန်မာ့မီးရထား ကျောက်ရထားကို PDF အမည်ခံ အကြမ်းဖက်သမားများက မိုင်းထောင်ဖောက်ခွဲ ဖျက်ဆီးတိုက်ခိုက်

**နေပြည်တော် ဇန်နဝါရီ ၁၁**

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားအနေဖြင့် နိုင်ငံအနှံ့ရှိ ပြည်သူအများ၏ ခရီးသွားလာမှု၊ ကုန်စည်ပို့ဆောင်မှုများ အဆင်ပြေစေရေး၊ ပြည်တွင်းထုတ်ကုန်များနှင့် နယ်စပ်ဒေသမှ တင်သွင်းလာသည့် ကုန်ပစ္စည်းများ အဆင်ပြေချောမွေ့စွာ စီးဆင်းနိုင်ရေး စသည့်ရည်မှန်းချက်တာဝန်များချမှတ်၍ ရထားကွန်ရက်ကြီးတစ်ခုလုံးတွင် အမြန်လူစီးရထားခရီးစဉ် ၁၆ စင်း၊ စာပို့ရထားခရီးစဉ် ၁၂ စင်း၊ လူစီးကုန်တင်ရထားခရီးစဉ် ရှစ်စင်းတို့နှင့် ရန်ကုန်မြို့ပတ်နှင့် ဆင်ခြေဖုံးရထားခရီးစဉ် အစင်း ၃၀ စုစုပေါင်း ရထားခရီးစဉ် ၆၆ စင်းတို့နှင့် ကုန်ရထားခရီးစဉ်များကို နေ့စဉ်စီစဉ်ပြေးဆွဲလျက်ရှိသကဲ့သို့ ရထားလမ်းပိုင်းများကြံ့ခိုင်ရေးနှင့် အဆင့်မြှင့်တင်နိုင်ရေးတို့အတွက် ကျောက်ရထားများ၊ အင်ဂျင်နီယာရထားခရီးစဉ်များဖြင့်လည်း သယ်ယူပို့ဆောင်ပေးလျက်ရှိသည်။



**မိုင်းပေါက်ကွဲမှုကြောင့် ရထားတွဲလမ်းချော်**

ထိုသို့ ဆောင်ရွက်လျက်ရှိရာတွင် ပဲခူး-မော်လမြိုင်လမ်းပိုင်းရှိ မွန်ပြည်နယ် ဇင်းကျိုက်ဘူတာ၌ ဌာန၏ လမ်းခင်းကျောက်များသယ်ယူရန် ဇန်နဝါရီ ၁၀ ရက် နံနက်ပိုင်းတွင် ပဲခူးမှထွက်ခွာလာသည့် ကျောက်တင်တွဲလွတ် ၁၃ တွဲ ချိတ်ဆက်ပါရှိသော အမှတ်(၃၇၅)အဆန် ကျောက်ရထားသည် ပေါင်မြို့နယ် ဇင်းကျိုက်ဘူတာနှင့် ရင်းငြိမ်ဘူတာအကြား မိုင်တိုင်အမှတ် ၁၄၈/၂၁-၂၄ သို့ ညနေ ၆ နာရီခန့်တွင် ဖြတ်သန်းစဉ် PDF အမည်ခံအကြမ်းဖက်သမားများ ထောင်ထားသည့် မိုင်းပေါက်ကွဲမှုကြောင့် ရထားတွဲဆိုင်းပါ စက်ခေါင်း၊ ကျောက်တင်တွဲ သုံးတွဲနှင့် ကုန်တွဲတစ်တွဲတို့ လမ်းချော်ကျ၍ ရထားလမ်းပိတ်ဆို့မှုဖြစ်စဉ် ဖြစ်ပွားခဲ့ရာ လမ်းချော်ကျခဲ့သည့် စက်ခေါင်းနှင့် တွဲများအား ပြန်လည်မတင်ပြီး လမ်းပိုင်းပြုပြင်ကာ**(အပေါ်ပုံ)** ယနေ့နံနက်ပိုင်းမှစ၍ ရထားများ ပုံမှန်ပြန်လည်ပြေးဆွဲပေးနေပြီဖြစ်သည်။

**ခရီးသည်များ အခက်အခဲတွေ့**

အဆိုပါ မိုင်းဖြစ်စဉ်ကြောင့် စက်ခေါင်းနှင့်တွဲများ၊ ရထားသံလမ်းများ၊ ကွန်ကရစ်ဇလီဖားတုံးနှင့် လမ်းခင်းကျောက်တို့ ချို့ယွင်းပျက်စီးမှုဖြစ်ပေါ်ခဲ့ကာ ရထားလမ်းပိတ်ဆို့မှုကြောင့် လူစီးရထားများဖြင့် လိုက်ပါလာသည့် ခရီးသည် ၁၅၀၀ ကျော်တို့သည် လမ်းခရီး၌ အခက်အခဲများစွာ ကြုံတွေ့ခဲ့ရကြောင်း သိရသည်။

အလားတူပင် PDF အမည်ခံအကြမ်းဖက်သမားများအနေဖြင့် မြန်မာ့မီးရထား၏ ပဲခူး-မော်လမြိုင် လမ်းပိုင်းအတွင်း ဇန်နဝါရီ ၂ ရက် ညနေပိုင်းတွင်လည်း မွန်ပြည်နယ် ပေါင်မြို့နယ် ဇင်းကျိုက်ဘူတာမှ ဌာနပိုင် လမ်းခင်းကျောက်များသယ်ဆောင်ထွက်ခွာလာသည့် အမှတ်(၆၈၇) အစုန် ကျောက်ရထားတွဲဆိုင်းအား သထုံမြို့နယ် ရင်းငြိမ်နှင့် သထုံဘူတာအကြားတွင် PDF အမည်ခံ အကြမ်းဖက်သမားများက မိုင်းထောင်ဖောက်ခွဲမှုပြုလုပ်ခဲ့သောကြောင့် ကျောက်တင်ထားသည့် ရထားတွဲသုံးတွဲ လမ်းချော်ကျမှုဖြစ်ပွားခဲ့ပြီး ကွန်ကရစ်ဇလီဖားတုံး ၁၁၅ တုံး၊ သံလမ်း ငါးပေခန့် ပြတ်ထွက်၍ သံလမ်းခြောက်ချောင်း ပျက်စီးသွားခဲ့ပြီး အဆိုပါဖြစ်စဉ်ကြောင့် လူစီးရထားခရီးစဉ်များ ကြန့်ကြာခဲ့ရပြီး ခရီးသည်ပေါင်း ၂၅၀၀ အခက်အခဲ ကြုံတွေ့ခဲ့ရသည်။

PDF အမည်ခံအကြမ်းဖက်သမားများအနေဖြင့် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်မှစ၍ ယခုအချိန်အထိ မြန်မာ့မီးရထား၏ ရန်ကုန်-ပဲခူး-မော်လမြိုင် လမ်းပိုင်းအတွင်း ရထားလမ်းများ၊ တံတားများအား ရည်ရွယ်ချက်ရှိရှိဖြင့် တံတားမိုင်းခွဲခံရမှု ငါးကြိမ်၊ သံလမ်းမိုင်းခွဲခံရမှု သုံးကြိမ်၊ လက်လုပ်မိုင်းပေါက်ကွဲ/တွေ့ရှိမှုခြောက်ကြိမ် စုစုပေါင်း (၁၄)ကြိမ်နှင့် ဘူတာ/ဝန်ထမ်းနေအိမ်များအား မီးရှို့ဖျက်ဆီးခြင်း တစ်ကြိမ်တို့ကို ကျူးလွန်ခဲ့ကြသည်။

ထို့အတူ မြန်မာ့မီးရထား လမ်းကွန်ရက်တစ်ခုလုံးအနေဖြင့် ရထားလမ်းနှင့် ရထားဘူတာနယ်မြေများအတွင်း ဗုံးထောင်၊ မိုင်းခွဲ ဖျက်ဆီးခြင်း (၁၀၅) ကြိမ်၊ ရထားတံတားများအား မိုင်းခွဲဖျက်ဆီးခြင်း(၃၄)ကြိမ်၊ ဘူတာများအား မီးရှို့ဖျက်ဆီးခြင်း ကိုးကြိမ်တို့ကို ကျူးလွန်ခဲ့ကြပြီးဖြစ်သည်။

**အကြိမ်ကြိမ် မိုင်းထောင်ဖောက်ခွဲဖျက်ဆီး**

ယခုကဲ့သို့ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့ရှိ အများပြည်သူ ခရီးသွားလာမှုနှင့် ကုန်စည်ပို့ဆောင်မှု အဆင်ပြေချောမွေ့စေရေးအတွက် အဓိကအားထားနေရသည့် ပဲခူး-မော်လမြိုင် ရထားလမ်းပိုင်းတွင် လူစီးရထားများ၊ ကုန်ရထားခရီးစဉ်များ ပြေးဆွဲမှုနှောင့်နှေးကြန့်ကြာစေရေး၊ ခရီးသွားပြည်သူများနှင့် ကုန်စည်များ ထိခိုက်ဆုံးရှုံးမှု ဖြစ်ပေါ်စေရေးအတွက်သာမက ပြည်သူလူထုအတွက် ရထားလမ်းစနစ် ပိုမိုကြံ့ခိုင်တောင့်တင်းလာအောင် စီစဉ်ဆောင်ရွက်နေသည့် ဌာနပိုင်လမ်းခင်းကျောက် သယ်ဆောင်သည့် ရထားခရီးစဉ်များကိုပါ ယုတ်မာရက်စက်စွာ အကြိမ်ကြိမ် မိုင်းထောင်ဖောက်ခွဲဖျက်ဆီးမှု ကျူးလွန်နေကြသည့် PDF အမည်ခံအကြမ်းဖက်သမားများအား ဒေသခံပြည်သူတစ်ရပ်လုံးမှ စက်ဆုပ်ရွံရှာပြီး ပြင်းထန်စွာ ဆန့်ကျင် ကန့်ကွက်ရှုတ်ချလျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# KKO(ခွဲထွက်)အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သမားများက ကော့ကရိတ် - မြဝတီသွား အာရှလမ်းမကြီးပေါ်၌ ခရီးသွားပြည်သူများထံမှ ဖုန်းများနှင့် ငွေများအား အတင်းအဓမ္မ လုယက်ယူဆောင်

**နေပြည်တော် ဇန်နဝါရီ ၁၁**

NUG ၊ CRPH အဖွဲ့၏ လက်ဝေခံဖြစ်သော PDF အမည်ခံ အကြမ်းဖက်သမားများအနေဖြင့် အကြမ်းဖက်လုပ်ရပ်များ လုပ်ဆောင်ရန်နှင့် ကိုယ်ကျိုးစီးပွားတွင် အသုံးပြုရန်အတွက် ပြည်သူလူထုထံမှ အတင်းအဓမ္မ ဆက်ကြေးကောက်ခံခြင်း၊ ခရီးသွားမော်တော်ယာဉ်များအား လက်နက်ကိုင်ဆောင်၍ ခြေပြတိုက်ခြင်းများကို လုပ်ဆောင်လျက်ရှိသည်။

ထိုသို့ အကြမ်းဖက်လုပ်ရပ်များ လုပ်ဆောင်လျက်ရှိရာ ကရင်ပြည်နယ် ကော့ကရိတ်မြို့ဘက်မှ မြဝတီမြို့ဘက်သို့ ယာဉ်မောင်း ဦးသန့်ဇင်(ဘ)ဦးမြင့်စိန် မောင်းနှင်ပြီး ယာဉ်နောက်လိုက် ဦးသန့်ဇင်ဖြိုးနှင့်အတူ ခရီးသည် အမျိုးသား ၁၀ ဦး၊ အမျိုးသမီး ငါးဦးတို့ လိုက်ပါလာသည့် ရွှေလရောင် မှန်လုံယာဉ်အမှတ် MDY 3I/------- (အပြာရောင်)သည် ယနေ့နံနက် ၆ နာရီ ၁၅ မိနစ်ခန့်တွင် ကော့ကရိတ် - မြဝတီသွား အာရှလမ်းမကြီးပေါ်ရှိ တံတန်ကူးကျေးရွာ၏ အရှေ့မြောက်ဘက် မိုင် ၅၅၀၀ ခန့် အကွာနေရာသို့ ရောက်ရှိစဉ် KKO (ခွဲထွက်)အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သမားများက ကားလမ်းမ၏ အရှေ့တောင်ဘက်မှ ရောက်ရှိလာကာ မော်တော်ယာဉ်အား ရပ်တန့်စေပြီး ခရီးသည်များထံမှ ဖုန်း ၁၈ လုံးနှင့် ငွေကျပ်သိန်း ၅၀ ခန့်တို့အား လုယက်ယူဆောင်သွားကာ ယာဉ်များသွားလာမှု ရပ်တန့်စေရန် မော်တော်ယာဉ်၏ အရှေ့ဘက် မီတာ ၃၀ ခန့်အကွာ အာရှလမ်းမကြီးပေါ်၌ ဒေသန္တရလက်လုပ်မိုင်းတစ်လုံးဖြင့် ဖောက်ခွဲဖျက်ဆီးခဲ့ပြီး နံနက် ၆ နာရီ ၄၅ မိနစ်ခန့်တွင် ကားလမ်း၏ အရှေ့တောင်ဘက်သို့ ပြန်လည်ထွက်ခွာသွားခဲ့ကြောင်း သိရသည်။




KKO(ခွဲထွက်)အဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်သမားများ၏ အကြမ်းဖက်လုယက်ခံရသည့် ရွှေလရောင်မှန်လုံယာဉ် မှတ်တမ်းဓာတ်ပုံ။



KKO(ခွဲထွက်) အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သမားများက မိုင်းဖောက်ခွဲသည့် အာရှလမ်းသစ် မှတ်တမ်းဓာတ်ပုံ။

အဆိုပါ မိုင်းဖောက်ခွဲခဲ့မှုကြောင့် ခရီးသည်များနှင့် ယာဉ်မောင်း၊ ယာဉ်နောက်လိုက်တို့တွင် ထိခိုက်ဒဏ်ရာရရှိမှုမရှိဘဲ မော်တော်ယာဉ်၏ ဘယ်ဘက်လေကာ မှန်တံခါး တစ်ချက် မိုင်းစထိမှန်ပျက်စီးခဲ့ပြီး မိုင်းပေါက်ကွဲမှုကြောင့် ကားလမ်းမပေါ်တွင် အကျယ် လေးပေ၊ အနက် တစ်ပေခန့် ချိုင့်ဝင်ပျက်စီးခဲ့ကြောင်း သိရှိရပြီး ဖြစ်စဉ်နေရာတစ်ဝိုက်အား လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သည့် လုံခြုံရေးလုပ်ငန်းများ ဆက်လက် ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH ၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအား လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

**နေပြည်တော် ဇန်နဝါရီ ၁၁**

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့် ဖြစ်စေ အများပြည်သူ အနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေး ဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့် သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှု တိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ် သံလျက်မှော်အနောက်ရပ်ကွက်နေ နေဦးသည် ၎င်းအသုံးပြုသည့် “Nay Oo” Facebook အကောင့်၊ ရန်ကုန်တိုင်းဒေသကြီး စမ်းချောင်းမြို့နယ်နေ ထိန်လင်းနိုင်သည် ၎င်းအသုံးပြုသည့် “Htein Lin Naing” Facebook အကောင့်ဖြင့် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွား မည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် လေးဦး တွေ့ရှိ

## ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၀.၀၈) ရာခိုင်နှုန်းရှိ

**(၁၁-၁-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီ**

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစစ်ဆေးခြင်း ပုံမှန်ဆောင်ရွက်လျက်ရှိပြီး(၁၀-၁-၂၀၂၃) ရက်နေ့၊ ည(၈:၀၀)နာရီမှ (၁၁-၁-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၄,၇၈၂)ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၄) ဦး တွေ့ရှိရသဖြင့် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၀.၀၈) ရာခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၉,၈၆၂,၉၉၂) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၆၃၃,၇၃၀) ဦး ရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင်သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၃၂) ဦးရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူ စုစုပေါင်း (၆၁၄,၁၉၇) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူမရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၉၀) ဦး ရှိပါသည်။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးအတွက် တိုင်းဒေသကြီး/ပြည်နယ်များတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို ဦးတည်အုပ်စုများသတ်မှတ်၍ ထိုးနှံပေးလျက်ရှိရာ (၁၀-၁-၂၀၂၃) ရက်နေ့အထိ အသက် (၁၈) နှစ်နှင့်အထက် လူဦးရေစုစုပေါင်း (၃၀,၈၆၀,၁၃၆) ဦး နှင့် အသက် (၁၈) နှစ်အောက် လူဦးရေစုစုပေါင်း (၆,၈၀၂,၇၉၅) ဦးတို့အား ထိုးနှံထားရှိပြီး ဖြစ်ပါသည်။

**ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပြီးစီးမှု**
**(၁၀-၁-၂၀၂၃ ရက်နေ့အထိ)**

| | |
|---|---|
| အသက် (၁၈) နှစ်နှင့်အထက် ထိုးနှံထားသည့် လူဦးရေစုစုပေါင်း | ၃၀,၈၆၀,၁၃၆ |
| အသက် (၁၈) နှစ်အောက် ထိုးနှံထားသည့် လူဦးရေစုစုပေါင်း | ၆,၈၀၂,၇၉၅ |

သုတေသနတွေ့ရှိချက်များအရ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံထားသူများတွင် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံယူရမှုနှင့် သေဆုံးမှုတို့ကို လျှော့ချနိုင်ပြီး ထပ်ဆောင်းကာကွယ်ဆေးထိုးနှံထားခြင်းဖြင့် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံရမှုနှင့် သေဆုံးမှုတို့ကို ပိုမို လျှော့ချနိုင်ကြောင်းကို တွေ့ရှိရပါသည်။

ယခုအခါ ကမ္ဘာ့နိုင်ငံအချို့နှင့် အိမ်နီးချင်းနိုင်ငံအချို့တွင် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု ပြန်လည်မြင့်တက်နေသည့်အပြင် အိုမီခရွန်ဗီဇပြောင်းမျိုးကွဲအသစ်များ လျင်မြန်စွာကူးစက်မှုများရှိနေ၍ မြန်မာနိုင်ငံတွင်လည်း ပြည်သူလူထုအနေဖြင့် ကိုဗစ်-၁၉ ရောဂါနှင့်အတူယှဉ်တွဲပြီး (Living with COVID) နေထိုင်ရာတွင် နေထိုင်မှုပုံစံသစ် (New Normal) နည်းလမ်းအား လိုက်နာ၍ နေထိုင်ရမည်ဖြစ်သဖြင့် -

- အသက် (၅) နှစ်နှင့်အထက် ပြည်သူများအားလုံးသည် ကျန်းမာရေးဝန်ကြီးဌာနမှ အခမဲ့ထိုးနှံပေးလျက်ရှိသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို အကြိမ်ပြည့်ထိုးနှံခြင်းနှင့် ကာကွယ်ဆေးထိုးနှံပြီး (၆) လပြည့်ပြီးပါက ထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံခြင်းတို့ကို နီးစပ်ရာကျန်းမာရေးဌာနများ၊ ကျေးရွာ/ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများနှင့် ဆက်သွယ်၍ မပျက်မကွက်ခံယူကြရန်၊
- အလုံပိတ်အခန်းများ၊ လူထူထပ်သောနေရာများ၊ အများပြည်သူနှင့်သက်ဆိုင်သော နေရာများ၌ ရှိနေစဉ် ပါးစပ်နှင့်နှာခေါင်းစည်းကို စနစ်တကျတပ်ဆင်ရန်၊
- အလုံပိတ်အခန်း၌ လူတစ်ဦးထက်ပို၍ ရှိနေစဉ် လေဝင်/လေထွက်ကောင်းမွန်စေရေးအတွက် ဖြစ်နိုင်ပါက ပြတင်းပေါက်များအား ဖွင့်ထားရန်၊
- လက်ကို ဆပ်ပြာ၊ ရေ (သို့မဟုတ်) အယ်လ်ကိုဟော (အနည်းဆုံး ၆၀ ရာခိုင်နှုန်း) ပါဝင်သော လက်သန့်ဆေးရည်ဖြင့် စက္ကန့် (၂၀) ကြာ မကြာခဏ ဆေးကြောရန်၊
- လူတစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေရန်၊
- တတ်နိုင်သမျှ လူစုလူဝေးရှောင်ကြဉ်ရန်၊
- ပါးစပ်နှင့်နှာခေါင်းစည်း တပ်ဆင်မထားချိန်၌ ချောင်းဆိုး၊ နှာချေလျှင် တံတောင်ဆစ်ကွေးနှင့် အုပ်၍ ချောင်းဆိုး၊ နှာချေခြင်း စသည့်တစ်ကိုယ်ရေကာကွယ်ရေးနည်းလမ်းများကို ဆက်လက်လိုက်နာကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

**ကိုဗစ် - ၁၉ ရောဂါ ကာကွယ်ဆေးအကြိမ်ပြည့်ထိုးနှံမှု ခံယူခြင်းနှင့် ထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံမှုခံယူခြင်းဖြင့် ရောဂါကူးစက်ခံရမှု၊ ရောဂါပြင်းထန်စွာခံစားရမှုနှင့် ရောဂါကြောင့် သေဆုံးရမှုတို့ကို ထိရောက်စွာလျှော့ချနိုင်ပါ၍ ကာကွယ်ဆေးထိုးနှံမှု မပျက်မကွက်ခံယူကြပါရန် တိုက်တွန်းအပ်ပါသည်။**

# ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၂-၁-၂၀၂၃

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၀၃၅ | ၂၀၈၅ | ၂၀၈၀ | ၂၀၄၅ | ၂၀၈၅ | ၂၁၀၅ | ၂၀၉၀ | ၂၀၇၀ | ၂၁၇၀ | ၂၁၈၅ | ၂၀၇၅ | ၂၀၈၅ | ၂၁၂၀ | ၂၁၂၀ | ၂၁၂၅ | ၂၃၅၅ | ၂၇၇၅ |
| 95 Ron | ၂၀၉၀ | ၂၁၄၀ | ၂၁၄၀ | ၂၁၀၀ | ၂၁၄၀ | ၂၁၆၅ | ၂၁၄၅ | ၂၁၂၅ | ၂၂၂၅ | ၂၂၄၀ | ၂၁၃၀ | ၂၁၅၀ | ၂၁၇၅ | ၂၁၈၀ | ၂၁၈၀ | ၂၄၁၀ | ၂၈၅၅ |
| HSD (500 ppm) | ၂၃၁၀ | ၂၃၆၀ | ၂၃၅၅ | ၂၃၂၀ | ၂၃၆၀ | ၂၃၈၀ | ၂၃၇၅ | ၂၃၄၅ | ၂၄၆၅ | ၂၄၆၀ | ၂၃၅၀ | ၂၃၆၀ | ၂၃၉၅ | ၂၃၉၅ | ၂၄၀၀ | ၂၆၃၀ | ၃၃၇၅ |
| HSD (50 ppm) | ၂၃၉၀ | ၂၄၄၀ | ၂၄၃၅ | ၂၄၀၀ | ၂၄၄၀ | ၂၄၆၀ | ၂၄၅၅ | ၂၄၂၅ | ၂၅၄၅ | ၂၅၄၀ | ၂၄၃၀ | ၂၄၄၀ | ၂၄၇၅ | ၂၄၇၅ | ၂၄၈၀ | ၂၇၁၀ | ၃၄၀၅ |
| HSD (10 ppm) | ၂၃၉၀ | ၂၄၄၀ | ၂၄၃၅ | ၂၄၀၀ | ၂၄၄၀ | ၂၄၆၀ | ၂၄၅၅ | ၂၄၂၅ | ၂၅၄၅ | ၂၅၄၀ | ၂၄၃၀ | ၂၄၄၀ | ၂၄၇၅ | ၂၄၇၅ | ၂၄၈၀ | ၂၇၁၀ | ၃၄၀၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၁၉၃၁ | ၂၀၀၃ |
| 95 Ron | ၁၉၈၄ | ၂၀၅၈ |
| HSD (500 ppm) | ၂၂၀၀ | ၂၂၇၃ |
| HSD (50 ppm) | ၂၂၇၄ | ၂၃၄၆ |
| HSD (10 ppm) | ၂၂၇၄ | ၂၃၄၆ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူ မိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၀၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

# ရာသီမရွေး စိုက်ပျိုးရေရရှိရေး ဆင်တပ် လျှပ်စစ်မြစ်ရေတင်အား ဆိုလာစနစ် တွဲဖက်တပ်ဆင်ပေး

**စစ်ကိုင်းတိုင်းဒေသကြီးသည် မြန်မာနိုင်ငံ၏ အနောက်မြောက်ဒေသတွင်တည်ရှိပြီး ရှမ်းပြည်နယ်ပြီးလျှင် ဒုတိယအကြီးဆုံးသော တိုင်းဒေသကြီးတစ်ခုဖြစ်ပြီး မြန်မာနိုင်ငံ၏ ဒုတိယစပါးကျီဟုလည်း တင်စားရမည် ဖြစ်သည်။**

ဒေါက်တာ တင်မာမာဦး

စစ်ကိုင်းတိုင်းဒေသကြီး၏ အဓိက စိုက်ပျိုးသီးနှံများအနေဖြင့် စပါးသီးနှံအပါအဝင် ပဲမျိုးစုံ၊ ဆီထွက်သီးနှံ၊ စက်မှုကုန်ကြမ်းသီးနှံ၊ နှစ်ရှည်သီးနှံနှင့် ဥယျာဉ်ခြံသီးနှံများ စုံလင်စွာ စိုက်ပျိုးထုတ်လုပ်လျက်ရှိပြီး တိုင်းဒေသကြီး၏ လယ်ယာစိုက်ပျိုးရေးကဏ္ဍအနေဖြင့် စုစုပေါင်း မြေရိယာ ဧက ၂၃၁ သိန်းကျော်ရှိသည့်အနက် အသားတင် စိုက်ပျိုးမြေ ၄၅ ဒသမ ၆ သိန်းကျော်ရှိရာ သီးထပ်၊ သီးညှပ် ဧက သိန်း ၉၀ ခန့် စိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့် တိုင်းဒေသကြီးဖြစ်သည့်အတွက် လယ်ယာကဏ္ဍသည် တိုင်းဒေသကြီး၏ အဓိက အားထားရာ ကဏ္ဍတစ်ခုဖြစ်သည်။

စစ်ကိုင်းတိုင်းဒေသကြီးတွင် ပုံမှန်မိုးရွာသွန်းမှုရှိပါက တည်ဆောက်ထိန်းသိမ်းထားသော ဆည်များ၊ ဒေသန္တရဆည်များ၊ မြစ်ရေတင်နှင့် မြေအောက်ရေလုပ်ငန်းများအရ အကျိုးသက်ရောက်သည့် ဧရိယာများနှင့် မိုးကောင်းသောက်ဧရိယာများတွင် စပါး ၂ ဒသမ ၁ သန်း၊ ပဲမျိုးစုံ ၂ ဒသမ ၅ သန်း၊ ဆီထွက်သီးနှံ ၂ ဒသမ ၄ သန်း၊ အစေ့ထုတ်ပြောင်းသီးနှံတွင် ၁ ဒသမ ၉ သိန်း၊ ကြံ သုံးသိန်းနှင့် အခြားစက်မှုကုန်ကြမ်းသီးနှံများ၊ နှစ်ရှည်သီးနှံများဖြင့် စုစုပေါင်း စိုက်ပျိုးဧရိယာ ကိုးသန်းခန့်ဖြင့် သီးနှံစုံလင်စွာ စိုက်ပျိုးသော တိုင်းဒေသကြီးတစ်ခုဖြစ်သည်။

### ဆိုလာစွမ်းအင်သုံး ရေတင်စနစ်ကို အသုံးပြုလျက်ရှိ

ထိုသို့ သီးနှံစုံ စိုက်ပျိုးထုတ်လုပ်ရာတွင် လိုအပ်သည့် စိုက်ပျိုးရေအား အဓိကအားဖြင့် မိုးရေနှင့် ဆည်ရေကိုသာ အဓိကထား စိုက်ပျိုးကြသည့်အပြင် ယခုလက်ရှိအချိန်တွင် လျှပ်စစ်၊ လောင်စာဆီနှင့် သဘာဝနေရောင်ခြည်ဖြစ်သည့် ဆိုလာစွမ်းအင်သုံး ရေတင်စနစ်များကို အသုံးပြု၍ စိုက်ပျိုးရေရရှိရေး ဆောင်ရွက်လျက်ရှိသည်။

၂၅-၁၀-၂၀၂၁ ရက်တွင် ကျင်းပသည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၂/၂၀၂၁) တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က **"မြစ်ချောင်းများအနီး စိုက်ပျိုးရေးလုပ်ငန်းများတွင် ရာသီမရွေး စိုက်ပျိုးရေလုံလောက်စွာရရှိရေးအတွက် မြစ်ရေတင်စီမံကိန်းများအားထိထိရောက်ရောက် အကောင်အထည်ဖော်ဆောင်ရွက်ရန်လိုကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ဖြစ်သည့် နေရောင်ခြည်စွမ်းအင်သုံး မြစ်ရေတင်စီမံကိန်းများ ဆောင်ရွက်နိုင်မည်ဆိုပါက စိုက်ပျိုးရေများ လုံလောက်စွာရရှိပြီး အကျိုးဖြစ်ထွန်းစေမည်ဖြစ်ကြောင်း "** လမ်းညွှန်ချက်နှင့်အညီ စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့အနေဖြင့် တိုင်းဒေသကြီးအတွင်း စိုက်ပျိုးရေဖူလုံစွာ သုံးစွဲနိုင်ရေးနှင့် သဘာဝအရင်းအမြစ်များကို စရိတ်သက်သာစွာ ရေရှည်အသုံးပြုနိုင်ရေးအတွက် လက်ရှိအသုံးပြုလျက်ရှိနေသည့် လျှပ်စစ်မြစ်ရေတင်စီမံကိန်းများကို ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်နေရောင်ခြည်သုံး ဆိုလာစနစ်ဖြင့် ပြောင်းလဲအသုံးပြုနိုင်ရေး စီမံဆောင်ရွက်လျက်ရှိသည်။



စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်မှ ဆင်တပ်ရေတင်အဆင့်-၂ ရှိ ၂၀ ကျူးဆက်(၄၅၀၀၀၀ ဂါလန်/နာရီ)ပန့် + ၁၆၀ကီလိုဝပ်မော်တာ နှစ်စုံနှင့် ၂၀ကျူးဆက်(၄၅၀၀၀၀ ဂါလန်/နာရီ)ပန့် + ၁၃၂ ကီလိုဝပ်မော်တာလေးစုံကို ကြည့်ရှုစစ်ဆေးနေစဉ်။

**❂ စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့အနေဖြင့် တိုင်းဒေသကြီးအတွင်း စိုက်ပျိုးရေဖူလုံစွာ သုံးစွဲနိုင်ရေးနှင့် သဘာဝအရင်းအမြစ်များကို စရိတ်သက်သာစွာ ရေရှည်အသုံးပြုနိုင်ရေးအတွက် လက်ရှိအသုံးပြုလျက်ရှိနေသည့် လျှပ်စစ်မြစ်ရေတင်စီမံကိန်းများကို ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်နေရောင်ခြည်သုံး ဆိုလာစနစ်ဖြင့် ပြောင်းလဲအသုံးပြုနိုင်ရေး စီမံဆောင်ရွက်လျက်ရှိ**

ထိုသို့ စီမံဆောင်ရွက်လျက်ရှိရာ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ကြီးကြပ်ဆောင်ရွက်မှုဖြင့် ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန (ရေအရင်းအမြစ်) မှ စစ်ကိုင်းခရိုင် စစ်ကိုင်းမြို့နယ် ဆင်တပ် လျှပ်စစ်မြစ်ရေတင် အဆင့်(၂)ရှိ ၁၆၀ ကီလိုဝပ် မော်တာနှစ်စုံကို ဆိုလာစနစ်တွဲဖက်တပ်ဆင်ခြင်းဖွင့်ပွဲအား ၂၀၂၂ ခုနှစ် ဒီဇင်ဘာ ၂၁ ရက်တွင် ကျင်းပရာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များ၊ တိုင်းဒေသကြီး၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ဒေသခံတောင်သူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

စိုက်ပျိုးရေပေးဝေရာတွင် ဆိုလာစနစ် တွဲဖက်တပ်ဆင်အသုံးပြုခြင်းအားဖြင့် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ဖြစ်၍ အရင်းအမြစ်ကုန်ခန်းနိုင်မှု မရှိခြင်း၊ လေထု ညစ်ညမ်းမှု မရှိခြင်း၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းခြင်းကို အထောက်အကူပြုခြင်း၊ လျှပ်စစ်ဓာတ်အားခ ကုန်ကျစရိတ်သက်သာပြီး ရေတင်မှ သုံးစွဲမည့် လျှပ်စစ်ဓာတ်အားကို အခြား လိုအပ်မည့်နေရာများသို့ ဖြန့်ဝေပေးနိုင်ခြင်း၊ ဒီဇယ်အင်ဂျင်သုံး ရေတင်သော လုပ်ငန်းများတွင် အစားထိုး တပ်ဆင်အသုံးပြုနိုင်ခြင်းကြောင့် ဒီဇယ်ဆီသုံးစွဲမှု လျှော့ချနိုင်ခြင်း၊ လျှပ်စစ်ဓာတ်အား ရရှိနိုင်မှုမရှိသော ဒေသများတွင် အလွယ်တကူ တပ်ဆင်အသုံးပြုနိုင်ခြင်းကြောင့် ရေသွင်းစိုက်ပျိုးလာနိုင်ခြင်း၊ တစ်နိုင်တစ်ပိုင်ဆိုလာ ရေတင်စနစ်များတွင် တစ်နေရာမှ တစ်နေရာသို့ ရွှေ့ပြောင်း၍ အသုံးပြုနိုင်ခြင်း စသည့် အကျိုးကျေးဇူးများ ရရှိနိုင်မည်ဖြစ်သည်။

ဆင်တပ် လျှပ်စစ်မြစ်ရေတင်လုပ်ငန်းသည် စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင် စစ်ကိုင်းမြို့နယ် ဆင်တပ်ကျေးရွာအနီး ဧရာဝတီမြစ်၏ မြောက်ဘက်ခြမ်းတွင်တည်ရှိပြီး ဒေသဝမ်းစာဖူလုံရေးအတွက် စိုက်ပျိုးရေနှင့် သောက်သုံးရေပေးဝေလျက်ရှိသော လျှပ်စစ်မြစ်ရေတင် လုပ်ငန်းတစ်ခုဖြစ်ပြီး ဧရာဝတီမြစ်ရေကို ရေစုပ်စက်ကြီးများဖြင့် စုပ်တင်၍ မြောင်းမကြီးမှတစ်ဆင့် ရေတင်အဆင့် လေးဆင့်ဖြင့် ပင်မမြောင်း ၇ ဒသမ ၅၅ မိုင်၊ လက်တံ/ လက်တံခွဲမြောင်း ၆၃ ဒသမ ၃၅ မိုင်မှ စိုက်ပျိုးမြေဧက ၄၂၀၀ ကို နွေ၊ မိုး၊ ဆောင်း သုံးသီး စိုက်ပျိုးရေပေးဝေနိုင်စေရန် တည်ဆောက်ထားသည့် လျှပ်စစ်မြစ်ရေတင်တစ်ခု ဖြစ်သည်။

ဆင်တပ်လျှပ်စစ်မြစ်ရေတင် လုပ်ငန်းတွင် ရေတင်အဆင့် လေးဆင့် ပါဝင်ပြီး ရေတင်အဆင့်အလိုက် တပ်ဆင်ထားသော ရေစုပ်စက်၊ လျှပ်စစ်မော်တာနှင့် တပ်ဆင်ထားရှိသည့် အရေအတွက်မှာ အောက်ပါအတိုင်း ဖြစ်သည်။

### စိုက်ပျိုးရေဖူလုံစွာ ပေးဝေနိုင်

စစ်ကိုင်းခရိုင် စစ်ကိုင်းမြို့နယ် ဆင်တပ် လျှပ်စစ်မြစ်ရေတင် အဆင့်(၂)ရှိ ၁၆၀ ကီလိုဝပ် မော်တာနှစ်စုံကို ဆိုလာစနစ်တွဲဖက်တပ်ဆင် လုပ်ငန်းဆောင်ရွက်ပေးနိုင်ခြင်းအားဖြင့် စိုက်ပျိုးမြေဧက ၄၀၀ ကို လျှပ်စစ်မီးမလိုဘဲ ဆိုလာစနစ်ဖြင့် စိုက်ပျိုးရေဖူလုံစွာ ပေးဝေနိုင်မည် ဖြစ်သည်။

*စာမျက်နှာ ၁၇ သို့*



ဆင်တပ်ရေတင်အဆင့်-၂ ရှိ ၁၆၀ ကီလိုဝပ်မော်တာ နှစ်စုံကို ဆိုလာစနစ်ဖြင့် ရေမောင်းနှင်ရန်အတွက် ၅၄၅ ဝပ် ဆိုလာပြား (2.274 m x 1.134 m x 0.035 m ) ၇၈၄ ချပ် တပ်ဆင်ထားမှု။




ဆင်တပ်လျှပ်စစ်မြစ်ရေတင် စီမံကိန်း။

# တနင်္သာရီမြို့နယ်ရှိ အခြေခံပညာကျောင်း ၁၂၈ ကျောင်း၌ ရေသန့်စက်များ တပ်ဆင်ပေးမည်

**တနင်္သာရီ ဇန်နဝါရီ ၁၁**

ပညာရေးဝန်ကြီးဌာန အခြေခံပညာဦးစီးဌာနမှ တနင်္သာရီတိုင်းဒေသကြီး တနင်္သာရီမြို့နယ်အတွင်းမှ အခြေခံပညာကျောင်း ၁၂၈ ကျောင်းအတွက် ခွင့်ပြုချထားပေးသော ရေသန့်စက် ၁၂၈ စုံသည် ဇန်နဝါရီ ၉ ရက်တွင် တနင်္သာရီမြို့နယ်ပညာရေးမှူးရုံးသို့ ရောက်ရှိနေပြီဖြစ်ကြောင်း သိရသည်။

အခြေခံပညာကျောင်းများမှာ မြစ်ရေကို အသုံးပြုနေရခြင်း၊ စိမ့်စမ်းများမှတစ်ဆင့် ရေသွယ်တန်း၍ အသုံးပြုနေရခြင်းနှင့် တွင်းရေများမှအသုံးပြုနေရသဖြင့် ကျန်းမာရေးနှင့် မညီညွတ်သည့်အပြင် ပညာရေးဝန်ကြီးဌာန၏ သန့်(၅) သန့်ညွှန်ကြားချက်နှင့်အညီဖြစ်စေရေးအတွက် တနင်္သာရီမြို့နယ်အတွင်းမှ လျှပ်စစ်မီးရရှိနေသည့် အထက်တန်းကျောင်း ငါးကျောင်းအတွက် ဆိုလာစနစ်မပါသည့် ရေသန့်စက် ငါးစုံနှင့် လျှပ်စစ်မီးမရသေးသော အခြေခံပညာကျောင်းပေါင်း ၁၂၃ ကျောင်းအတွက် ဆိုလာစနစ်ပါရှိသည့် ရေသန့်စက် ၁၂၃ စုံ တပ်ဆင်ပေးမည်ဖြစ်သည်။ အခြေခံပညာကျောင်းများတွင် တပ်ဆင်မည့် ၁၂၈ စုံကို တင်ဒါအောင်မြင်ထားသည့် ကုမ္ပဏီမှ ဝန်ထမ်းများက မြို့နယ်ပညာရေးမှူးရုံးသို့ လာရောက်ပို့ဆောင်အပ်နှံပေးပြီး လက်ရှိတွင် သက်ဆိုင်ရာကျောင်း ၃၃ ကျောင်းတွင် ၎င်းရေသန့်စက်များကို အပြီးသတ်တပ်ဆင်ပေးပြီးဖြစ်ကြောင်းနှင့် တပ်ဆင်ရန် ကျန်ရှိနေသေးသည့် ကျောင်းများတွင် ဆက်လက်တပ်ဆင်ပေးနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။



မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများတွင် တစ်စုံလျှင် ကျပ် ၄၂ တန်ဖိုးရှိ ဆိုလာစနစ်ပါရေသန့်စက်ငါးစုံ၊ ဆိုလာစနစ် မပါရှိသည့် ရေသန့်ကန်တစ်လုံးနှင့် အခြားဆက်စပ်ပစ္စည်း ၁၀ မျိုးပါ ရေသန့်စက်တစ်စုံလျှင် ကျပ် ၃၁ သိန်း တန်ဖိုးရှိ ရေသန့်စက် ၁၂၃ စုံကို တပ်ဆင်ပေးမည်ဖြစ်ကြောင်း မြို့နယ်ပညာရေးမှူးရုံးမှ သိရသည်။

**နန်းသာရီ-ထိန်ဝင်း**



# ကံမမြို့ ဆုတောင်းပြည့် ရတနာမာန်အောင် ငါးထပ်ကြီးဘုရား ပြုပြင်မွမ်းမံရန် အလှူငွေပေးအပ်

**ကံမ ဇန်နဝါရီ ၁၁**

မကွေးတိုင်းဒေသကြီး ကံမမြို့ အမှတ်(၂)ရပ်ကွက် ကျောင်းကုန်းရပ် ဆုတောင်းပြည့် ရတနာမာန်အောင်ငါးထပ်ကြီးဘုရား ဘက်စုံပြုပြင်မွမ်းမံတည်ဆောက်ရေး (ပထမအကြိမ်) အလှူငွေပေးအပ်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၁၀ ရက်က အဆိုပါဘုရားဝန်း၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ် သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ ယွန်းကျောင်း ပရိယတ္တိစာသင်တိုက် ပဓာနနာယက ဆရာတော် ဂန္ဓဝါစကပဏ္ဍိတ ဘဒ္ဒန္တကောဝိဒထံမှ ပရိသတ်များက ငါးပါးသီလခံယူဆောက်တည်ကြပြီး မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးအုန်းဌေးက သာသနာရေးဆိုင်ရာများ လျှောက်ထားသည်။ ထို့နောက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများက စုပေါင်းအလှူငွေပေးအပ်ရာ ဂေါပကအဖွဲ့က လက်ခံရယူခဲ့ပြီးနောက် လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချ အမျှပေးဝေကြကြောင်း သိရသည်။

**ကျော်ဇေယျဝင်း(ကံမ)**

# မိတ္ထီလာမြို့နယ်၌ ဆည်ရေကန်ရေသောက်စနစ်ဖြင့် နွေစပါးနှင့် အခြားသီးနှံ စိုက်ဧက ၁၄၀၀ စိုက်ပျိုးမည်

**မိတ္ထီလာ ဇန်နဝါရီ ၁၁**

မိတ္ထီလာမြို့နယ်၌ ၂၀၂၂-၂၀၂၃ ခုနှစ်တွင် ဆည်ရေ၊ ကန်ရေသောက်စနစ်ဖြင့် နွေစပါးနှင့် အခြားသီးနှံ စိုက်ဧက ၁၄၀၀ စိုက်ပျိုးမည်ဖြစ်ကြောင်း မြို့နယ်ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ သိရသည်။

မိတ္ထီလာမြို့နယ် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၏ ထိန်းသိမ်းမှုအောက်ရှိ ဆည်၊ ကန်၊ တမံများမှ ဒေသဝမ်းစာဖူလုံရေးအတွက် နှစ်စဉ် မိုးစပါးများနှင့် နွေစပါးများကို စိုက်ပျိုးလျက်ရှိရာမှ ၂၀၂၂-၂၀၂၃ ခုနှစ်တွင် မိတ္ထီလာကန်၊ မုန်တိုင်ဆည်၊ ချောင်းကောက်ဆည်၊ ညောင်ကုန်းတမံ၊ လက်ခုပ်ပင်တမံနှင့် ရှမ်းမငယ်ဆည်ရေတို့ဖြင့် နွေစပါးစိုက်ဧက ၉၃၀နှင့် အခြားသီးနှံစိုက်ဧက ၄၇၀ တို့ကို စိုက်ပျိုးမည်ဖြစ်ရာ ၎င်းဆည်ကန်တမံများဖြင့် နွေစပါးနှင့် အခြားသီးနှံများ စိုက်ပျိုးနိုင်ရန် ပျိုးထောင်ရေကို ဖေဖော်ဝါရီ ၁၅ ရက်မှ စတင်၍ လွှတ်ပေးမည်ဖြစ်သည်။

အဆိုပါ နွေစပါးနှင့် အခြားသီးနှံများကို မိတ္ထီလာကန်ရေဖြင့် ထမုန်ကန်၊ ခင်လူး၊ ကံကြီး၊ ကွက်ငယ်၊ လျော်ဖြူကန်၊ ရှမ်းတဲ၊ မကျီးစု၊ ဇောင်ချမ်းကုန်း၊ ကဖြူ၊ ညောင်ကန်၊ ကျောင်းရွာ ကျေးရွာ အုပ်စုများရှိ ကွင်း ၂၁ ကွင်းမှ နွေစပါး စိုက်ဧက ၆၂၀၊ ဝါစိုက်ဧက ၂၇၀၊ အခြားသီးနှံ စိုက်ဧက ၁၀၀တို့နှင့် ချောင်းကောက်ဆည်ရေဖြင့် ကုက္ကိုကုန်းကျေးရွာအုပ်စုရှိ ကွင်းသုံးကွင်းမှ နွေစပါးစိုက်ဧက ၁၅၀ တို့ကို စိုက်ပျိုးသွားမည်ဖြစ်သည်။ ၎င်းအပြင် မုန်တိုင်ဆည်ရေဖြင့် မုန်တိုင်၊ သီးကုန်းကျေးရွာအုပ်စုများရှိ ကွင်းနှစ်ကွင်းမှ နွေစပါး စိုက်ဧက ၁၄၀၊ ညောင်ကုန်းတမံဖြင့် ခင်တဲကျေးရွာအုပ်စုရှိ ကွင်းတစ်ကွင်းမှ ဝါစိုက်ဧက ၅၀၊ လက်ခုပ်ပင်တမံဖြင့် အင်းကျေးရွာ အုပ်စုရှိ ကွင်းတစ်ကွင်းမှ ဝါစိုက်ဧက ၅၀ နှင့် ရှမ်းမငယ်ဆည်ရေဖြင့် ရှမ်းမငယ်ကျေးရွာအုပ်စုအတွင်းရှိ ကွင်းတစ်ကွင်းမှ နွေစပါးစိုက်ဧက ၂၀ တို့ကို စိုက်ပျိုးသွားရန် သတ်မှတ်လျာထားကြောင်း သိရသည်။

**သိန်းမြင့်ကျော်(မိတ္ထီလာ)**

## ရေချွေတာရေး နည်းလမ်းများ

- ❊ ယာဉ်များဆေးကြောလျှင် ရေပိုက်မသုံးပါနှင့်။ ရေဖြည့်ထားသော ပုံးဖြင့် ယာဉ်များကို ဆေးကြောပါ။
- ❊ ပန်းပင်ရေလောင်းလျှင် ရေပိုက်မသုံးပါနှင့်။ ရေဖြည့်ထားသော ရေလောင်းပုံး အသုံးပြုပါ။
- ❊ အဝတ်အနည်းငယ်အတွက် အဝတ်လျှော်စက် မသုံးပါနှင့်။
- ❊ အဝတ်လျှော်စက်အပြည့် အဝတ်ရှိမှသာ စက်ဖြင့်လျှော်ပါ။
- ❊ ဘုံပိုင်ခေါင်းမှ ရေစက်ကျမနေစေရန် ကျပ်အောင်ပိတ်ပါ။

# မိုင်းရယ်မြို့နယ်၌ ကွန်ကရစ်လမ်းခင်းခြင်း ရာနှုန်းပြည့်ပြီးစီး

**မိုင်းရယ် ဇန်နဝါရီ ၁၁**

ရှမ်းပြည်နယ်(မြောက်ပိုင်း) မိုင်းရယ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း ထပ်တိုးတစ်ရွာဆောင်ရွက်လျက်ရှိသည့် နောင်မိုးကျေးရွာအုပ်စု နောင်လုံ ကျေးရွာ၌ ကျေးရွာတွင်းလမ်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းရာနှုန်းပြည့် ပြီးစီးနေမှုကို မြို့နယ်ဦးစီးမှူး ဦးအောင်ဝင်းခိုင်ဦးက ဇန်နဝါရီ ၈ ရက်တွင် ကွင်းဆင်းစစ်ဆေးသည်။

အဆိုပါ ကျေးရွာ၌ အရှည်ပေ ၆၀၀ ၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို စီမံကိန်းရန်ပုံငွေကျပ် ၁၀ သန်း၊ ပြည်သူထည့်ဝင်ငွေကျပ် ၂ ဒသမ ၅ သန်းတို့ဖြင့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး ဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှု၊ ကြီးကြပ်မှုတို့ဖြင့် ကျေးရွာသူ ကျေးရွာသားများက ၂၀၂၂ ခုနှစ် ဒီဇင်ဘာလ ပထမပတ်က စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများအားလုံး ရာနှုန်းပြည့်ပြီးစီးပြီဖြစ်ကြောင်း မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

*စာမျက်နှာ ၁၆ မှ*

## လျှပ်စစ်မြစ်ရေတင် လုပ်ငန်းများကို လာမည့်ဘဏ္ဍာနှစ်များတွင် ဆက်လက် ဆောင်ရွက်သွားမည်

စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့အနေဖြင့် တိုင်းဒေသကြီးအတွင်းရှိ လျှပ်စစ်မြစ်ရေတင် လုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိရာ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် တိုင်းဒေသကြီးအထွေထွေပိုလျှံ ရန်ပုံငွေဖြင့် မြင်းမူမြို့နယ် ပျော့ရွာရေတင် အဆင့်(၂) ရှိ ၂၀ ကျူးဆက်ပန့် + ၁၃၂ ကီလိုဝပ် မော်တာ သုံးစုံ ၊ ပျော့ရွာရေတင် အဆင့်(၃) ရှိ ၁၅ ကျူးဆက်ပန့်+ ၉၀ ကီလိုဝပ်မော်တာ နှစ်စုံနှင့် ကန့်ဘလူမြို့နယ် ကတ-၉၂ ရေတင်ရှိ ၇ ဒသမ ၇ ကျူးဆက်ပန့် + ၃၀ ကီလိုဝပ် မော်တာနှစ်စုံ တို့အတွက် ဆိုလာပါဝါ ၀ ဒသမ ၉၅၄ မဂ္ဂါဝပ် တပ်ဆင်ပေးနိုင်ခဲ့ပြီး ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ် (Mini Budget) တိုင်းဒေသကြီးအထွေထွေပိုလျှံရန်ပုံငွေဖြင့် စစ်ကိုင်းမြို့နယ် တပ်ရွာရေတင်ရှိ ၃၀ ကျူးဆက်ပန့်+ ၄၅၀ ကီလိုဝပ်မော်တာ တစ်စုံ၊ ဆင်တပ်ရေတင် အဆင့်(၂)ရှိ ၂၀ ကျူးဆက်ပန့် + ၁၆၀ ကီလိုဝပ်

| စဉ် | ရေတင်အဆင့် | ရေစုပ်စက် | လျှပ်စစ်မော်တာ | အရေအတွက် |
|---|---|---|---|---|
| (က) | ရေတင်အဆင့် (၁) | ၃၀ ကျူးဆက် | ၂၅၀ ကီလိုဝပ် | ၆ စုံ |
| (ခ) | ရေတင်အဆင့် (၂) | ၂၀ ကျူးဆက် | ၁၆၀ ကီလိုဝပ် | ၄ စုံ |
| | | ၂၀ ကျူးဆက် | ၁၃၂ ကီလိုဝပ် | ၂ စုံ |
| (ဂ) | ရေတင်အဆင့် (၃) | ၂၀ ကျူးဆက် | ၁၃၂ ကီလိုဝပ် | ၅ စုံ |
| (ဃ) | ရေတင်အဆင့် (၄) | ၉ ကျူးဆက် | ၅၅ ကီလိုဝပ် | ၃ စုံ |

မော်တာနှစ်စုံနှင့် မြင်းမူမြို့နယ် ပျော့ရွာ ရေတင် အဆင့် (၁)ရှိ ၃၀ ကျူးဆက်ပန့် + ၂၅၀ ကီလိုဝပ် မော်တာနှစ်စုံတို့အတွက် ဆိုလာပါဝါ ၁ ဒသမ ၆၅၁ မဂ္ဂါဝပ် တပ်ဆင်လျက်ရှိပြီး ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် တိုင်းဒေသကြီး အထွေထွေပိုလျှံရန်ပုံငွေဖြင့် မုံရွာခရိုင် မုံရွာမြို့နယ်နှင့် ချောင်းဦးမြို့နယ်တို့ရှိ စိုက်ပျိုးရေ စက်ရေတွင်း ၂၀ အတွက် ဆိုလာပါဝါ ၀ ဒသမ ၆၄ မဂ္ဂါဝပ်တို့ကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ စုစုပေါင်းတပ်ဆင်ဆဲ ဆိုလာပါဝါ ၁ ဒသမ ၈၇၅ မဂ္ဂါဝပ်နှင့် ယခု ဆင်တပ်မြစ်ရေတင်အပါအဝင် စုစုပေါင်း ဆိုလာပါဝါ ၁ ဒသမ ၃၇ မဂ္ဂါဝပ် တပ်ဆင်ပြီးစီးပြီဖြစ်ရာ ဆင်တပ်လျှပ်စစ် မြစ်ရေတင်လုပ်ငန်းမှ ကျန်ရှိသည့် ရေတင်အဆင့်သုံးခုကိုလည်း လာမည့်ဘဏ္ဍာနှစ်များတွင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်သည်။

၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင်လည်း တိုင်းဒေသကြီး အထွေထွေပိုလျှံရန်ပုံငွေဖြင့် မုံရွာခရိုင် လျှပ်စစ်စက်ဝိုင်း လေးခုအတွင်းရှိ မုံရွာမြို့နယ်မှ စက်ရေတွင်း ၁၈ တွင်းနှင့် ချောင်းဦးမြို့နယ်မှ စက်ရေတွင်း နှစ်တွင်း စုစုပေါင်း တွင်း ၂၀ ကို ဆိုလာစနစ် တွဲဖက်တပ်ဆင်ရန် လျာထားဆောင်ရွက်လျက်ရှိရာ လျှပ်စစ်မီတာခ ကုန်ကျစရိတ် သက်သာစွာဖြင့် စိုက်ပျိုးသီးနှံများကို နွေ၊ မိုး၊ ဆောင်း တစ်နှစ်ပတ်လုံး စိုက်ပျိုးရေများပေးဝေနိုင်မည်ဖြစ်ပြီး အခြေအနေပေးသည့် ကျန်မြစ်ရေတင် စီမံကိန်းများနှင့် လျှပ်စစ်စက်ဝိုင်းများအတွင်းရှိ စက်ရေတွင်းများတွင်လည်း ဆိုလာစနစ်ဖြင့် ပြောင်းလဲအသုံးပြုနိုင်ရေးကို ဘဏ္ဍာနှစ်အလိုက် ဆောင်ရွက်ပေးသွားမည်ဖြစ်သဖြင့် ယခင်က မိုးရေကိုသာ မှီခိုအားထားစိုက်ပျိုးခဲ့ကြရသည့် တောင်သူများအနေဖြင့် ယခုအခါတွင် ဆည်များ၊ တာတမံများ၊ မြစ်ရေတင်များ၊ မြေအောက်ရေလုပ်ငန်းများ တည်ဆောက်ပေးခြင်းကြောင့် သီးနှံမျိုးစုံကို တစ်သီးစားမှ သုံးသီးစား ပြောင်းလဲ၍ တစ်နှစ်ပတ်လုံး စိုက်ပျိုးနိုင်ကြပြီဖြစ်ရာ တိုင်းဒေသကြီး၏ လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ခြင်းမှသည် ဒေသခံတောင်သူများအတွက် ရေရှည်အကျိုးစီးပွား ဖန်တီးပေးနိုင်မည်ဖြစ်ကာ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပါကြောင်း တင်ပြလိုက်ရသည်။ ။

# သုတဝေဖြာ သီရိဂေဟာ မိသားစုပြိုင်ပွဲ အသိပညာမျှဝေမှု အစီအစဉ်၊ လူ့ရှင်တော်အသင်းမှ မိသားစုများ ပါဝင်ယှဉ်ပြိုင်ကြမည်




နေပြည်တော် ဇန်နဝါရီ ၁၁

သုတဝေဖြာသီရိဂေဟာ မိသားစုပြိုင်ပွဲ အသိပညာပေးအစီအစဉ် (Family Quiz) ပွဲစဉ်(၁၀၀)ကို ဇန်နဝါရီ ၁၃ ရက်တွင် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၏ MRTV–HD Channel မှ ဆက်လက်ထုတ်လွှင့်မည်ဖြစ်သည်။

အဆိုပါ ကိုဗစ်–၁၉ ဆိုင်ရာ အသိပညာမျှဝေမှုအစီအစဉ်ကို အစီအစဉ်တင်ဆက်သူ စိုးသီဟနှင့် မိုးဂျူလိုင်တို့က တင်ဆက်ကြမည်ဖြစ်ပြီး လူ့ရှင်တော်အသင်းမှ မိသားစုများ ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်ရာ ယင်းပြိုင်ပွဲများကို ဇန်နဝါရီ ၁၃ ၊ ၁၄ နှင့် ၁၅ ရက်တို့တွင် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၏ MRTV–HD မှ ည ၇ နာရီခန့်တွင် ထုတ်လွှင့်ပြသမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# "စန္ဒရားကွန်းဇော် တေးဂီတ" ဖျော်ဖြေပွဲကို မြန်မာ့ရုပ်မြင်သံကြား၌ ပြသမည်

နေပြည်တော် ဇန်နဝါရီ ၁၁

ပြည်သူများ အပန်းပြေစေရန်၊ ပျော်ရွှင်စေရန်နှင့် စိတ်ခွန်အားသစ်များ ရရှိနိုင်ရန်အတွက် မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ ဖျော်ဖြေရေးအစီအစဉ်များကို တိုးမြှင့်တင်ဆက်လျက်ရှိရာ Friday Night Live Show အစီအစဉ်ဆန်းသစ်မှုအဖြစ် "စန္ဒရားကွန်းဇော် တေးဂီတ" ဖျော်ဖြေပွဲကို ဇန်နဝါရီ ၁၃ ရက် (သောကြာနေ့) ည ၈ နာရီ သတင်းအပြီးတွင် MRTV–HD Channel မှ ထုတ်လွှင့်ပြသမည်ဖြစ်သည်။

ယင်းအစီအစဉ်တွင် စန္ဒရားကွန်းဇော် တေးဂီတအဖွဲ့၏ တီးခတ်မှုနှင့်အတူ တေးသံရှင်များ ဖြစ်ကြသည့် ရဲထိုက်၊ ကျော်စိုးဦး၊ တက္ကသိုလ်လဲ့လဲ့၊ သီတာသိမ့်၊ ဝင်းလဲ့ချယ်ရီ၊ အိဟေမာန်၊ နေခြည်၊ ဇာခြည်၊ မြင့်မိုရ်သွန်းခနှင့် နှင်းပြည့်ပြည့်အောင်တို့က ဖျော်ဖြေတင်ဆက်ကြမည်ဖြစ်ပြီး ထိုသို့တင်ဆက်မှုကို ဇန်နဝါရီ ၁၅ ရက် (တနင်္ဂနွေနေ့) နံနက် ၁၀ နာရီခွဲတွင် ထပ်မံထုတ်လွှင့်ပြသမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်







# နိပါတ်တော်လာ ဇာတ်သဘင်မဟာ အစီအစဉ်မှ "ရေသည်ပြဇာတ်"ကို မြန်မာ့ရုပ်မြင်သံကြား၌ ပြသမည်

နေပြည်တော် ဇန်နဝါရီ ၁၁

မိဘပြည်သူများ ဇာတ်သဘင်ဖျော်ဖြေတင်ဆက်မှုဖြင့် စိတ်အပန်းပြေစေရန်၊ လူငယ်လူရွယ်များ ဗုဒ္ဓဝင်ဇာတ်နိပါတ်တော်များအကြောင်း သိရှိနားလည်ပြီး အသိပညာဗဟုသုတရရှိနိုင်ရန်နှင့် သဘင်ပညာရှင်များ၏ အနုပညာစွမ်းရည်များ ဖော်ထုတ်ပြသနိုင်ရန် ရည်ရွယ်ချက်များဖြင့် "နိပါတ်တော်လာ ဇာတ်သဘင် မဟာအစီအစဉ်" ဆန်းသစ်တင်ဆက်မှုကို အောက်တိုဘာ ၂၂ ရက်မှ စတင်၍ အပတ်စဉ်(စနေနေ့)ညတိုင်း မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ MRTV–HD Channel မှ ထုတ်လွှင့်ပြသလျက်ရှိသည်။

အဆိုပါ အစီအစဉ်မှ "ရေသည်ပြဇာတ်"ကို သဘင်ပညာရှင် ပတ္တမြားကေခိုင် စီစဉ်ပြီး Art Director ဆန်းမင်း၏ အနုပညာဖန်တီးမှု၊ ရွှာစားဝါးခယ်မ စိန်မုန့်လုံး၏ တီးခတ်မှု ဘွန်း၊ ဆန်းနေအောင်၊ ချမ်းချမ်းမိုး၊ ဦးဝါဝင်း၊ ဦးစံငွေတို့နှင့်အတူ သဘင်အနုပညာရှင်များက ပါဝင်တင်ဆက်ကြမည်ဖြစ်သည်။

ထိုသို့တင်ဆက်မှုကို ဇန်နဝါရီ ၁၄ ရက် (စနေနေ့) ည ၉ နာရီခန့်တွင် ပြသမည်ဖြစ်ပြီး ဇန်နဝါရီ ၁၈ ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၆ နာရီခွဲတွင်လည်း ပြန်လည်ပြသမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# ရသေ့တောင်မြို့နယ်၌ ကျေးရွာအဝင် ကွန်ကရစ်တံတား ရာနှုန်းပြည့်တည်ဆောက်ပြီးစီး

ရသေ့တောင် ဇန်နဝါရီ ၁၁

ရခိုင်ပြည်နယ် ရသေ့တောင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၂၂–၂၀၂၃ ဘဏ္ဍာနှစ် ပြည်ထောင်စု ခွင့်ပြုရန်ပုံငွေဖြင့် တင်ဒါအောင်ကုမ္ပဏီက တာဝန်ယူဆောင်ရွက်ခဲ့သော ဘုရားလှကျေးရွာအဝင် ကွန်ကရစ်တံတား ရာနှုန်းပြည့် တည်ဆောက်ပြီးစီးမှုကို မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဦးတင်မောင်ဦးနှင့်အဖွဲ့က ဇန်နဝါရီ ၁၀ ရက်တွင် သွားရောက် ကြည့်ရှုစစ်ဆေးသည်။

အဆိုပါ ကွန်ကရစ်တံတား အရှည် ၂၆ ပေ၊ အကျယ် ၁၄ ပေ တစ်စင်းနှင့်အတူ ရေထုတ်ပြွန်နှစ်စင်းကို ပြည်ထောင်စုအစိုးရရန်ပုံငွေကျပ် ၆၃ ဒသမ ၁၅၂ သန်းဖြင့် အကောင်အထည်ဖော် တည်ဆောက်ပြီးစီးသွားသဖြင့် ယင်းကျေးရွာမှ ကျေးလက်နေပြည်သူများ ရာသီမရွေးအဆင်ပြေချောမွေ့စွာ သွားလာနိုင်ပြီး ကုန်စည်စီးဆင်းမှုများလည်း ပိုမိုမြန်ဆန်လာတော့မည်ဖြစ်သည်။

အောင်လှဖြူ

# ချာလ်တန်ကို ဂိုးပြတ်အနိုင်ယူပြီး ကာရာဘောင်ဖလား ဆီမီးဖိုင်နယ်သို့ မန်ယူတက်လှမ်း

မန်ယူအသင်းသည် ကာရာဘောင်ဖလားပြိုင်ပွဲ ကွာတားဖိုင်နယ်တွင် လိဂ်ဝမ်းကလပ် ချာလ်တန်အသင်းကို သုံးဂိုးပြတ်အနိုင်ရရှိပြီး ဆီမီးဖိုင်နယ်သို့ တက်လှမ်းနိုင်ခဲ့ပြီဖြစ်သည်။ အဆိုပါ ပွဲစဉ်ကို ဇန်နဝါရီ ၁၁ ရက် နံနက် ၂ နာရီခွဲက အိုးထရက်ဖို့ဒ်ကွင်း၌ ယှဉ်ပြိုင်ကစားခဲ့သည်။

မန်ယူအသင်းသည် ချာလ်တန်ကို အနိုင်ရရှိခဲ့သောကြောင့် နည်းပြ ဆိုးလ်ရှားနောက်ပိုင်း ပထမဆုံးအကြိမ် ရှစ်ပွဲဆက်နိုင်ပွဲရရှိမှုအဖြစ် မှတ်တမ်းဝင်ခဲ့သည်။ အဆိုပါ ပွဲစဉ်တွင် မန်ယူအသင်းမှ အန်တိုနီနှင့် ရက်ဖို့ဒ်တို့ အထူးခြေစွမ်းပြသနိုင်ခဲ့ပြီး သွင်းဂိုးများ ရယူနိုင်ခဲ့သည်။ မန်ယူအသင်းသည် ပြီးခဲ့သည့်ပွဲစဉ်မှ ကစားသမားစာရင်းကို ရှစ်ဦးထက်မနည်း အပြောင်းအလဲပြုလုပ်ကာ ချာလ်တန်အသင်းကို ရင်ဆိုင်လာခဲ့သည်။

ပွဲစသည်နှင့်တစ်ပြိုင်နက် ချာလ်တန်အသင်းဘက်သို့ ထိုးဖောက်တိုက်စစ်ဆင်မှု ပြုလုပ်နိုင်ခဲ့ပြီး ဂိုးပေါက် ခြိမ်းခြောက်မှု (၂၁) ကြိမ်မနည်း ရှိခဲ့သည်။ ချာလ်တန်အသင်းက ရံဖန်ရံခါမှသာ မန်ယူအသင်းဘက်သို့ ထိုးဖောက်တိုက်စစ်ဆင်ကစားနိုင်ပြီး အသင်းစွမ်းဆောင်ရည်ပိုင်း လိုအပ်ချက်ရှိနေသည့်အတွက် ဂိုးပြတ်ရှုံးပွဲကြုံတွေ့ခဲ့ကာ ပြိုင်ပွဲမှ ထွက်ခွာခဲ့ရခြင်း ဖြစ်သည်။ မန်ယူအသင်းအတွက် သွင်းဂိုးများကို ပွဲချိန် ၂၁ မိနစ်တွင် အန်တိုနီနှင့် ပွဲချိန်ပြည့်ခါနီးနှင့် နာကျင်အချိန်ပိုတွင် လူစားဝင်ကစားသမား ရက်ဖို့ဒ်က တစ်ဦးတည်း သွင်းယူနိုင်ခဲ့သည်။


ချာလ်တန်အသင်းဘက်သို့ မန်ယူကစားသမား အန်တိုနီ ဦးဆောင်ဂိုးသွင်းယူစဉ်။

အခြားသောပွဲစဉ်တွင် နယူးကာဆယ်နှင့် လက်စတာအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ပြီး နယူးကာဆယ်အသင်းက နှစ်ဂိုးပြတ်အနိုင်ရရှိကာ ဆီမီးဖိုင်နယ် တက်လှမ်းနိုင်ခဲ့သည်။ အောင်ဇော်

# လက်ရည်စစ်ဂေါက်သီးရိုက်ပြိုင်ပွဲကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၁၁

မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ်နှင့် မြန်မာပီဂျီအေတို့ ပူးပေါင်းကျင်းပမည့် လက်ရည်စစ် ဂေါက်သီးရိုက်ပြိုင်ပွဲကို ဇန်နဝါရီ ၂၆ ရက်မှ ၂၇ ရက်အထိ ပြင်ဦးလွင်မြို့ရှိ ပြင်ဦးလွင်ဂေါက်ကလပ်၌ ကျင်းပမည်ဖြစ်သည်။

လက်ရည်စစ်ဂေါက်သီးရိုက်ပြိုင်ပွဲတွင် Tour Pro၊ Senior Pro နှင့် Teaching Pro ဟူ၍ သုံးမျိုး ကျင်းပမည်ဖြစ်သည်။ လက်ရည်စစ်ပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်လိုသူ အမျိုးသားကစားသမားများသည် ဝါသနာရှင်အဆင့် (H'Cap 0–12) ရှိရမည်ဖြစ်ပြီး Senior Professional အတွက်ကိုမူ ပြိုင်ပွဲကျင်းပမည့်နေ့တွင် အသက်(၅၀) ပြည့်ပြီးသူများသာ ယှဉ်ပြိုင်ခွင့်ရမည်ဖြစ်သည်။ လက်ရည်စစ်ပြိုင်ပွဲဝင်ရောက်ယှဉ်ပြိုင်ကြမည့် ကစားသမားများအနေဖြင့် နှစ်ရက်ပေါင်း ရိုက်ချက် ၁၅၂ ချက်ရရှိပါက Tour Pro အဆင့်၊ ၁၅၈ ချက်ရရှိပါက Teaching Pro အဆင့်နှင့် ၁၆၂ ချက်ရရှိပါက Senior Pro အဆင့်တို့အတွက် လက်ရည်စစ်ပွဲအောင်မြင်မည်ဖြစ်ပြီး မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ်က ကြီးမှူးကျင်းပသောပြိုင်ပွဲများတွင် ယှဉ်ပြိုင်ခွင့်ရှိမည်ဖြစ်သည်။

လက်ရည်စစ်ပွဲယှဉ်ပြိုင်မည့် ကစားသမားများသည် ဇန်နဝါရီ ၂၆ ရက်နှင့် ၂၇ ရက်တွင် ရိုက်ချက်ဖြင့် ယှဉ်ပြိုင်ရမည်ဖြစ်ပြီး ဇန်နဝါရီ ၂၇ ရက် မွန်းလွဲပိုင်းတွင် အခြေခံဂေါက်သီးစည်းမျဉ်းများ ရှင်းလင်းခြင်းနှင့်ဖြေဆိုခြင်းပြုလုပ်ရမည်ဖြစ်သည်။ အဆိုပါလက်ရည်စစ်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ကြမည့် ဂေါက်သီးရိုက်အားကစားသမားများအနေဖြင့် ပြိုင်ပွဲဝင်ကြေး ကျပ်ခြောက်သောင်း ပေးသွင်း၍ ဇန်နဝါရီ ၂၃ ရက် မွန်းလွဲ ၂ နာရီ နောက်ဆုံးထားကာ ဦးထွန်းကျော် – ရန်ကုန် ဖုန်း (၀၉–၅၁၉၃၄၂၃) နှင့် ပြင်ဦးလွင်ဂေါက်ကလပ် (၀၉–၆၇၆၆၆၀၀၀၃) တို့၌ အမည်စာရင်းများ ပေးသွင်းနိုင်မည်ဖြစ်သည်။ စာရင်းပေးသွင်း၍ ပြိုင်ပွဲဝင်ကြေးပေးသွင်းထားသူများသည် ဇန်နဝါရီ ၂၅ ရက်တွင် Official Practice Round ကစားနိုင်မည်ဖြစ်ကြောင်း သိရသည်။

ကိုညီလေး

# မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၁၂-၁-၂၀၂၃ ကြာသပတေးနေ့

**MRTV HD**

၀၆:၀၀ တောင်တန်းသာသနာပြုဆရာတော်ဘုရားကြီး၏ ပရိတ်တရားတော်(ဓဗ္ဗသုတ်)
၀၇:၀၀ နံနက်ခင်းသတင်း
၀၈:၃၅ ဒီမိုကရေစီဆိုရာဝယ်
၀၉:၁၀ NRC အစီအစဉ်
၀၉:၃၅ ရိက္ခာပြည့်ဖြိုးဝင်ငွေတိုး ပုလုံကြွယ်ဝသားငါး ကဏ္ဍပြည်လုံးပြန့်ပွားခရမ်းငါး
၁၀:၀၀ သတင်းထဲကသတင်း
၁၁:၁၅ မြန်မာ့ရိုးရာဝါးလက်မှုပညာ
၁၂:၃၀ နိုင်ငံခြားဇာတ်လမ်းတွဲ 'ချစ်ပန်းရနံ့လွှင့်ပျံ့ အမှုန်း' (အပိုင်း-၅၁)
၁၃:၃၀ MRTV National News
၁၄:၀၀ နိုင်ငံခြားဇာတ်လမ်းတွဲ 'အောင်ပွဲပဏ္ဍိုင် ရင်ဆိုင်ချီတက်' (အပိုင်း-၂၅)
၁၆:၃၅ မြန်မာ့သနပ်ခါး
၁၇:၂၀ Soccer View
၁၇:၃၅ ဒုတိယအကြိမ်မြောက်တစ်နိုင်ငံလုံးဆိုင်ရာ စိတ်တွက်သင်္ချာစွမ်းရည်ပြိုင်ပွဲ
၁၈:၀၀ ပြည်တွင်းသတင်း
၁၈:၃၅ သံစဉ်ချိုမြမြန်မာတေးအလှ
၁၉:၁၅ နိုင်ငံခြားဇာတ်လမ်းတွဲ 'အတိတ်ဒါးဒါး အချစ်ချိုချို' (အပိုင်း-၁၆)
၂၀:၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
၂၁:၀၀ သံစဉ်ဝေဖြာစတီရီယိုတေးကမ္ဘာ
၂၁:၂၀ နိုင်ငံခြားဇာတ်လမ်းတွဲ 'အောင်ပွဲပဏ္ဍိုင် ရင်ဆိုင်ချီတက်' (အပိုင်း-၂၇)

**mitv**

07:01 Evergreen Classic: Kyun Nawt Htar Nay Bagan Pyay (Ye Htike)
07:08 Thatbyinnyu Temple
07:21 Goldsmith
07:27 Nature's Progeny Town: December Garden
07:52 Sweet Delicacy of Pathein
08:01 News
08:28 Myanmar Traditional Festival
09:01 Palm-leaf Inscriptions and Parabaiks from Inlay Region
09:11 Ecotourism: Shwebo & Hanlin (Ancient Pyu City)
09:26 Colourful Threads
09:35 Myanmar Guitarist
10:01 News
10:27 Myanmar Cultural Identities (Hintha or Hamsa)

**MRTV NRC**

**ချင်း (လိုင်ဇိုး) (၀၆:၀၀ မှ ၀၇:၀၀)**
ရာဇဂြိုဟ်မြို့သို့ အလည်တစ်ခေါက်

**ချင်း (ချိုး) (၀၇:၀၀ မှ ၀၈:၀၀)**
ချင်းသီချင်းကြီး (အပိုင်း-၂)

**မွန် (၀၈:၀၀ မှ ၁၀:၀၀)**
လူသားတို့ရဲ့ကျေးဇူးရှင်များ

**ရခိုင် (၁၀:၀၀ မှ ၁၂:၀၀)**
နားမွှေတော်ဓာတ်တက်ပွဲ

**ရှမ်း (၁၂:၀၀ မှ ၁၄:၀၀)**
အလှမှာယဉ် ဆေးဖက်ဝင်တဲ့ တရုတ်စံကားပွင့်

**ပအိုဝ်း (၁၄:၀၀ မှ ၁၆:၀၀)**
ကွမ်းလုံမြို့သို့ အလည်တစ်ခေါက်

**ကချင် (၁၆:၀၀ မှ ၁၈:၀၀)**
အလှပြာဝေ မနော့မြေ

**ကယား (၁၈:၀၀ မှ ၂၀:၀၀)**
လန်းဆန်းပျော်ရွှင် ရေလမ်းကြောင်းခရီးစဉ်

**ဝကော်ကရင် (၂၀:၀၀ မှ ၂၁:၀၀)**
အစာအိမ်ရောင် ရောဂါအကြောင်းသိကောင်းစရာ

**အနောက်ပိုးကရင် (၂၁:၀၀ မှ ၂၂:၀၀)**
ထူးကဲအရသာ ကော်သူးလေဟင်းလျာ

**အရှေ့ပိုးကရင် (၂၂:၀၀ မှ ၂၃:၀၀)**
ဆွေညီနောင်များဘာသာစကားဖြင့် ချစ်ကြည်စေမည် (အပိုင်း-၉)

**MRTV NEWS**

၀၆:၀၀ အဖွင့်၊ တေးသီချင်း
၀၆:၄၀ အားကစားသတင်း
၀၈:၃၀ နိုင်ငံတကာသတင်း (LIVE)
၀၈:၄၅ ဒုတိယအကြိမ်မြောက် တစ်နိုင်ငံလုံးဆိုင်ရာ စိတ်တွက်သင်္ချာစွမ်းရည်ပြိုင်ပွဲ
၀၉:၀၀ ပြည်တွင်းသတင်း (LIVE)
၀၉:၃၀ နိုင်ငံတကာသတင်း (LIVE)
၁၄:၀၀ MRTV National News
၁၅:၀၀ ပြည်တွင်းသတင်း (LIVE)
၁၆:၀၀ သတင်းမှန်ကဏ္ဍ (LIVE)
၁၉:၀၀ ပြည်တွင်းသတင်း (LIVE)
၂၀:၀၀ ပြည်တွင်းသတင်း (LIVE)
၂၁:၀၀ ပြည်တွင်းသတင်း (LIVE)

**MRTV PARLIAMENT**

၀၉:၀၀ အဖွင့်၊ အလံ
၀၉:၃၀ ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို 'တာဝန်နဲ့လူ'
၁၀:၀၀ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ကြေညာချက်သတင်းများ
၁၀:၃၀ ဥပဒေဆိုင်ရာ သိမှတ်ဖွယ်ရာ ဆွေးနွေးခန်း (အပိုင်း-၅)
၁၁:၀၀ နိုင်ငံတကာရွေးကောက်ပွဲများအကြောင်း (အင်ဒိုနီးရှားနိုင်ငံ)
၁၁:၃၀ အတွေးအမြင် (အပိုင်း-၅)

**MRTV FARMERS'**

၀၆:၀၀ အဖွင့်၊ နိုင်ငံတော်သီချင်း၊ နှုတ်ခွန်းဆက်
၀၆:၀၂ တောင်သူလယ်သမားရေးရာသတင်း
၀၆:၂၅ အထွက်နှုန်းပိုတိုးဖို့ စမ်းသပ်စိုက်ပျိုးစို့
၀၇:၁၀ ကျန်းမာရေးနှင့် ကိုက်ညီ စားသုံးဆီ နေကြာဆီ
၀၈:၅၅ တစ်ပိုင်တစ်နိုင် ဇီဝဓာတ်ငွေ့ထုတ်လုပ်ခြင်း
၀၉:၁၅ ကျန်းမာကြံ့ခိုင်အာဟာရပြည့်စေဖို့ ပဲမှန့်မျိုးစုံစားသုံးကြပါစို့

**MRTV SPORTS**

၀၆:၀၀ အဖွင့်
၀၆:၃၀ အခြေခံအားကစားနည်းစနစ်များ
၀၇:၀၀ Sports News
၀၇:၃၀ Soccer View/ Weekly Sports Info/ Sports Diary/ Weekly MNL Review
၀၇:၄၅ အားကစားလောကထဲက သူတို့အကြောင်း
၀၈:၀၀ ပြန်လည်ခံစား မြန်မာနေရှင်နယ်လိဂ် ဘောလုံးပွဲစဉ်များ
၂၀:၀၀ ပြည်တွင်းသတင်း

Education Channel ကို နေ့စဉ် နံနက် (၉:၀၀) နာရီမှ တစ်ကြိမ်လျှင် (၄) နာရီ (၆) ကြိမ်နှုန်း (၂၄) နာရီ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်၊
SCAN ME
www.mrtv.gov.mm t.me/mrtvnews twitter.com/mrtvwebportal

# မြန်မာ MMA ဖိုက်တာ အောင်လအန်ဆန် ONE FIGHT NIGHT 6 ပြိုင်ပွဲတွင် ထိုးသတ်ရန် ထိုင်းနိုင်ငံ၌ အပြီးသတ်လေ့ကျင့်ပြင်ဆင်နေ



**ရန်ကုန် ဇန်နဝါရီ ၁၁**

မြန်မာ MMA ဖိုက်တာ အောင်လအန်ဆန်သည် မြန်မာစံတော်ချိန် ဇန်နဝါရီ ၁၄ ရက် နံနက်ပိုင်းတွင် ကျင်းပမည့် ONE FIGHT NIGHT 6 ပြိုင်ပွဲတွင် Catchweight စိန်ခေါ်ပွဲထိုးသတ်ရန် ထိုင်းနိုင်ငံသို့ ရောက်ရှိနေပြီး အပြီးသတ်လေ့ကျင့်ပြင်ဆင်လျက်ရှိသည်။

ONE FIGHT NIGHT 6 ပြိုင်ပွဲတွင် တွဲဆိုင်းကိုးပွဲ ပါဝင်မည်ဖြစ်ပြီး အဓိကတွဲဆိုင်းအဖြစ် ကစ်ဘောင်ဆင် ဖယ်သာဝိတ်တန်း ကမ္ဘာ့ချန်ပီယံလုပွဲအဖြစ် ထိုင်းနိုင်ငံသား ဆူပါဘွန်နှင့် အဇာဘိုင်ဂျန်/ဘီလာရုစ်နိုင်ငံသား အယ်လာဇော့ဗ်တို့ ယှဉ်ပြိုင်ထိုးသတ်မည်ဖြစ်သည်။ အောင်လအန်ဆန်သည် ယင်းပြိုင်ပွဲတွင် Catchweight စိန်ခေါ်ပွဲအဖြစ် ဘရာဇီးနိုင်ငံသား ဂယ်လ်ဗိုနှင့် ယှဉ်ပြိုင်ထိုးသတ်မည်ဖြစ်ပြီး အနိုင်ရပါက မစ်ဒယ်ဝိတ်တန်း ကမ္ဘာ့ချန်ပီယံဆု ပြန်လည်စိန်ခေါ်နိုင်ရန် အခွင့်အရေး ရလာဖွယ်ရှိနေသည်။ အောင်လအန်ဆန်သည် ပြီးခဲ့သည့်ရက်ပိုင်းက ထိုင်းနိုင်ငံသို့ ရောက်ရှိလာကာ အပြီးသတ်ပြင်ဆင်မှုများ ပြုလုပ်လျက်ရှိသည်။

အောင်လအန်ဆန် သည် ယခင်က တရုတ်နိုင်ငံသား ဖန်ယုံနှင့် ထိုးသတ်ရမည်ဖြစ်သော်လည်း ပြိုင်ဘက်ပြောင်းလဲခဲ့ခြင်းဖြစ်ပြီး ဂယ်လ်ဗိုနှင့် ယှဉ်ပြိုင်ထိုးသတ်ရမည်ဖြစ်သည်။ ဂယ်လ်ဗိုသည် ပြိုင်ပွဲများနှင့် နှစ်အနည်းငယ်ကြာဝေးကွာနေသူ ဖြစ်သော်လည်း အတွေ့အကြုံရှိသူ ဖြစ်သောကြောင့် အောင်လအန်ဆန်အတွက် ခက်ခဲသည့် ပြိုင်ဘက်ဖြစ်လာနိုင်သည်။ အောင်လအန်ဆန်အတွက် ယခုပွဲမှာ ၂၀၂၃ ခုနှစ်အတွင်း ပထမဆုံးထိုးသတ်ရသည့် ပွဲဖြစ်ပြီး နောက်ဆုံးထိုးသတ်ခဲ့သည့်ပွဲနှင့် နှစ်လဝန်းကျင်သာ ကြာမြင့်ခဲ့သည်။

ယင်းပြိုင်ပွဲကို အမေရိကန်နှင့် ကနေဒါနိုင်ငံတို့မှ ပရိသတ်များအတွက် ကျင်းပခြင်းဖြစ်ပြီး ယင်းနိုင်ငံများတွင် ဇန်နဝါရီ ၁၃ ရက် ညပိုင်းကြည့်ရှုနိုင်ရန် မြန်မာစံတော်ချိန် ဇန်နဝါရီ ၁၄ ရက် နံနက် ၇ နာရီခွဲတွင် ထိုင်းနိုင်ငံ၌ ကျင်းပခြင်းဖြစ်သည်။ **ရဲရင့်လွင်**

**ဓာတ်ပုံ – အောင်လအန်ဆန် Facebook**

# အများအားဖြင့် သာယာမည်

**နေပြည်တော် ဇန်နဝါရီ ၁၁** – နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။ မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ တနင်္သာရီတိုင်းဒေသကြီးတွင် နေရာကွက်ကျား မိုးအနည်းငယ် ထစ်ချုန်းရွာနိုင်သည်။ မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် သုံးပေမှ ငါးပေခန့် ရှိနိုင်သည်။ **မိုး/ဇလ**

# ယနေ့ဈေးကွက်ပေါက်ဈေးများ

၁၁ – ၁ – ၂၀၂၃

**ရွှေ**

| | |
|---|---|
| အကယ်ဒမီမီးလင်းရွှေအဖွင့်ဈေး | တစ်ကျပ်သား ကျပ် ၂၂၀၀၀၀၀ |
| အကယ်ဒမီမီးလင်းရွှေအပိတ်ဈေး | တစ်ကျပ်သား ကျပ် ၂၂၀၇၂၀၀ |
| ကမ္ဘာ့ရွှေဈေးအဖွင့်ဈေး | တစ်အောင်စ အမေရိကန်ဒေါ်လာ ၁၈၇၆ |
| ကမ္ဘာ့ရွှေဈေးအပိတ်ဈေး | တစ်အောင်စ အမေရိကန်ဒေါ်လာ ၁၈၈၂ |

(ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်းမှ ရယူပါသည်)

**စက်သုံးဆီ(လက်လီဈေးနှုန်းများ)**

| စက်သုံးဆီ | (ရန်ကုန်) | (မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၂၂၄၅ ကျပ် | ၂၂၉၅ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၂၃၂၅ ကျပ် | ၂၃၇၅ ကျပ် |
| အောက်တိန်း ၉၂ | ၁၉၉၀ ကျပ် | ၂၀၄၀ ကျပ် |
| အောက်တိန်း ၉၅ | ၂၀၆၀ ကျပ် | ၂၁၀၅ ကျပ် |

(Moon Sun စက်သုံးဆီအရောင်းဆိုင်မှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၂၁၀၀ . ၀ |
| ဥရောပ | တစ်ယူရို | ကျပ် | ၂၂၅၆ . ၅ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၅၇၇ . ၆ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၆၃ . ၀၃၅ |
| ဂျပန် | ယန်း ၁၀၀ | ကျပ် | ၁၅၈၅ . ၀ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၄၈၀ . ၄၄ |
| တရုတ် | တစ်ယွမ် | ကျပ် | ၃၁၀ . ၁၁ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၂၅ . ၇၃၅ |

(မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ရယူပါသည်)

# ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈၆၀၀ | ၈၆၀၀ | ၈၂၀ | ၇၀၅၂၀၀၀ |
| MTSH | ၃၂၅၀ | ၃၃၀၀ | ၅၁၁ | ၁၆၈၆၇၅၀ |
| MCB | ၀ | ၀ | ၀ | ၀ |
| FPB | ၀ | ၀ | ၀ | ၀ |
| TMH | ၂၆၀၀ | ၂၆၅၀ | ၁၇၄ | ၄၅၂၄၅၀ |
| EFR | ၂၆၀၀ | ၂၆၀၀ | ၂၇၇ | ၇၂၀၂၀၀ |
| AHP | ၄၉၀၀ | ၄၉၀၀ | ၂၀၀ | ၉၈၀၀၀၀ |

ညီညီ – စုစည်းသည်

မြန်မာ့အလင်း

စာတည်းမှူးချုပ် – အောင်နိုင်ဦး
ခေတ္တစာတည်းမှူး – မြင့်စိုး
သတင်းထောက်မှူး – ခင်ရတနာ
စာတည်းများ – ကြည်ဝင်း၊ ဝင်းကျော်၊ သိမ့်သိမ့်မိုး
ဘာသာပြန်စာတည်း – ခြူးစန္ဒီနွေး၊ တင်လင်းအောင်
အကြီးတန်းသတင်းထောက်များ – ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂)
အငယ်တန်းသတင်းထောက်များ – ဝေသူနွယ်၊ ဇော်ဝိုင်းအောင်၊ ခင်ဖြူထွေး
ဓာတ်ပုံသတင်းထောက် – တင်စိုး
သုတေသန – အိအိခင်နှင့် အဖွဲ့
စာပြင် – အေးအေးမိုးလှိုင်နှင့် အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့်ဒီဇိုင်း – သန်းထွန်းအောင်နှင့် အဖွဲ့
အီးမေးနှင့် အွန်လိုင်း – သက်လွင်ဦးနှင့် အဖွဲ့
ထုတ်ဝေခြင်းအမှတ် – (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် – (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News Presented by NPE www.mdn.gov.mm

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန
## သမိုင်းသုတေသနနှင့်အမျိုးသားစာကြည့်တိုက်ဦးစီးဌာန
## အလုပ်လျှောက်လွှာခေါ်ယူခြင်း
## ၁၃၈၄ခုနှစ်၊ ပြာသိုလပြည့်ကျော် ၇ ရက်
## ၂၀၂၃ခုနှစ်၊ ဇန်နဝါရီလ ၁၂ ရက်

၁။ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန၊ သမိုင်းသုတေသနနှင့်အမျိုးသားစာကြည့်တိုက်ဦးစီးဌာနတွင် လစ်လပ်လျက်ရှိသော အောက်ဖော်ပြပါရာထူးနေရာများတွင် သတ်မှတ်အရည်အချင်းနှင့် ပြည့်မီသူများလျှောက်ထားနိုင်ပါသည်-

| စဉ် | ရာထူး | ရာထူးနေရာ | ပညာအရည်အချင်း |
|---|---|---|---|
| (က) | သုတေသနလ/ထ(၂) (၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀) | (၅)နေရာ | ပြင်ပပုဂ္ဂိုလ်ဖြစ်ပါက- ဝိဇ္ဇာဘွဲ့ (သမိုင်း/ ရှေးဟောင်း/ အင်္ဂလိပ်) (သို့မဟုတ်)ဘွဲ့တစ်ခုခုရရှိပြီး (ရှေးဟောင်း/ အင်္ဂလိပ်) ဒီပလိုမာရရှိသူ။ပညာရပ်ဆိုင်ရာ စာတွေ့လက်တွေ့ ကျွမ်းကျင်သူဖြစ်ရမည်။ ဝန်ထမ်းများဖြစ်ပါက- ဝိဇ္ဇာဘွဲ့ (သမိုင်း/ ရှေးဟောင်း/ အင်္ဂလိပ်) (သို့မဟုတ်) ဘွဲ့တစ်ခုခုရရှိပြီး (ရှေးဟောင်း/ အင်္ဂလိပ်) ဒီပလိုမာရရှိသူ။ ပညာရပ်ဆိုင်ရာ စာတွေ့လက်တွေ့ အတွေ့အကြုံရှိသူဖြစ်ရမည်။ |

၂။ လျှောက်ထားသူသည်-
- (က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်၊
- (ခ) ၂၀၂၃ခုနှစ်၊ ဖေဖော်ဝါရီလ(၁၀)ရက်နေ့တွင် ပြင်ပပုဂ္ဂိုလ်ဖြစ်ပါကအသက် (၃၀)နှစ်၊ ဝန်ထမ်းဖြစ်ပါကအသက် (၃၅)နှစ်ထက် မကျော်လွန်သူဖြစ်ရမည်။
- (ဂ) ကျန်းမာရေးကောင်းမွန်သူဖြစ်ရမည်။
- (ဃ) ဌာနတွင် အနည်းဆုံး (၃)နှစ် တာဝန်ထမ်းဆောင်မည်ဖြစ်ကြောင်း ဝန်ခံကတိပြုလက်မှတ်ရေးထိုးနိုင်ရမည်။
- (င) နေရာဒေသမရွေးတာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။

၃။ လျှောက်လွှာများကိုကိုယ်ရေးရာဇဝင်အကျဉ်းနှင့်အတူ အောက်ပါစာရွက်၊ စာတမ်းများ ပူးတွဲတင်ပြရမည်-
- (က) တက္ကသိုလ်ဝင်တန်းစာမေးပွဲအောင်လက်မှတ်၊ ဘွဲ့(သို့မဟုတ်) ယာယီဘွဲ့ထောက်ခံစာမိတ္တူ(မိတ္တူမှန်ကန်ကြောင်းလက်မှတ်ရေးထိုးရန်)၊
- (ခ) နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊
- (ဂ) (၁)လအတွင်းရိုက်ကူးထားသောပတ်စ်ပို့အရွယ် ဓာတ်ပုံ (၃)ပုံ၊ (နောက်ကျောတွင် အမည်နှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်ရေးရန်)
- (ဃ) ဝန်ထမ်းဖြစ်ပါက သက်ဆိုင်ရာဝန်ကြီးဌာန၏ ခွင့်ပြုကြောင်းနှင့် ပြစ်မှုကင်းရှင်းကြောင်းထောက်ခံချက်မူရင်း၊
- (င) နိုင်ငံ့ဝန်ထမ်းမဟုတ်သူများအတွက် အကျင့်စာရိတ္တကောင်းမွန်ကြောင်းသက်ဆိုင်ရာမြို့နယ်/ရပ်ကွက်အုပ်ချုပ်ရေးမှူး၏ ထောက်ခံချက်မူရင်း၊ ပြစ်မှုကင်းရှင်းကြောင်းသက်ဆိုင်ရာမြို့နယ်ရဲစခန်း၏ ထောက်ခံချက်မူရင်း၊ သက်တမ်းရှိသော အလုပ်သမားမှတ်ပုံတင်ကတ်ပြားမိတ္တူ
- (စ) ကျန်းမာကြောင်းဆေးလက်မှတ်ထောက်ခံချက် မူရင်း၊
- (ဆ) ဌာနတွင် အနည်းဆုံး(၃)နှစ် တာဝန်ထမ်းဆောင်မည်ဖြစ်ကြောင်းနှင့် နေရာဒေသမရွေး တာဝန်ထမ်းဆောင်မည်ဖြစ်ကြောင်း ဝန်ခံကတိပြုလွှာ၊

၄။ လျှောက်လွှာများကို သမိုင်းသုတေသနနှင့်အမျိုးသားစာကြည့်တိုက်ဦးစီးဌာန (ရုံးချုပ်)၊ နေပြည်တော်၊ ရုံးအမှတ်(၃၅) (သို့မဟုတ်) သမိုင်းသုတေသနနှင့်အမျိုးသားစာကြည့်တိုက်ဦးစီးဌာန၊ ရန်ကုန်ဌာနခွဲ၊ အမှတ်(၈၅/အေ)၊ သီရိမင်္ဂလာရိပ်သာလမ်းသွယ်၊ ရန်ကုန်မြို့သို့လိပ်မူ၍ (၁၀-၂-၂၀၂၃)ရက်နေ့နောက်ဆုံးထားပေးပို့လျှောက်ထားရမည်ဖြစ်ပြီးသတ်မှတ်ရက်ထက်ကျော်လွန်ရောက်ရှိလာသော (သို့မဟုတ်) အရည်အချင်းသတ်မှတ်ချက်နှင့် မကိုက်ညီသော (သို့မဟုတ်) ပူးတွဲတင်ပြရမည့် စာရွက်စာတမ်းအထောက်အထားများမပြည့်စုံသော လျှောက်လွှာများကိုလုံးဝ (လုံးဝ) ထည့်သွင်းလက်ခံစဉ်းစားပေးမည်မဟုတ်ပါ။

၅။ သတ်မှတ်အရည်အချင်းပြည့်မီသည့် ဖြေဆိုခွင့်ရရှိသူများအမည်စာရင်း၊ ရေးဖြေ(မြန်မာစာ၊ အင်္ဂလိပ်စာနှင့် အထွေထွေဗဟုသုတဘာသာရပ်)နှင့် လူတွေ့ဖြေဆိုရမည့် နေ့ရက်၊ အစီအစဉ်တို့ကိုသာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန၏ Websitewww.moculture.gov.mmနှင့် Facebook Page MORAC-CultureNewsတို့တွင် ထုတ်ပြန်ကြေညာသွားမည်ဖြစ်ပါသည်။

၆။ ရေးဖြေ/လူတွေ့စစ်ဆေးချိန်တွင် နိုင်ငံသားစိစစ်ရေးကတ်၊ တက္ကသိုလ်ဝင်တန်းအောင်လက်မှတ်၊ ဘွဲ့လက်မှတ်၊ အလုပ်သမားမှတ်ပုံတင်စသည့် အထောက်အထားမူရင်းများကိုတင်ပြနိုင်ရမည်။

၇။ အသေးစိတ်အချက်အလက်များကိုသိရှိလိုပါကသမိုင်းသုတေသနနှင့်အမျိုးသားစာကြည့်တိုက်ဦးစီးဌာန(ရုံးချုပ်) ဖုန်း၊ ၀၆၇-၃၄၀၈၃၈၄၊ ၀၆၇-၃၄၀၈၄၃၇၊ ၀၆၇-၃၄၀၈၄၃၆များသို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**သမိုင်းသုတေသနနှင့်အမျိုးသားစာကြည့်တိုက်ဦးစီးဌာန**
**သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
## နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာန
## သင်တန်းသားများခေါ်ယူခြင်း

၁။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနလက်အောက်ရှိ နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာနနှင့် ပီတီတီအီးပီအင်တာနေရှင်နယ်လီမိတက်(ရန်ကုန်ရုံးခွဲ) ရတနာစီမံကိန်းတို့ပူးပေါင်း၍ ဂဟေဆက်သင်တန်းအမှတ်စဉ် (၁၄) အား အောက်ဖော်ပြပါ အစီအစဉ်အတိုင်း ဖွင့်လှစ်ပါမည်-

| | | |
|---|---|---|
| **သင်တန်းဖွင့်လှစ်မည့်ရက်** | - | ၂၀၂၃ခုနှစ်၊ ဖေဖော်ဝါရီလ ( ၆ ) ရက် |
| **သင်တန်းဖွင့်လှစ်မည့်နေရာ** | - | ရတနာဂဟေဆက်နည်းပညာသင်တန်းကျောင်း(အောင်ဆန်း)၊ အောက်မင်္ဂလာဒုံလမ်းမကြီး၊ စဥ့်ငူရပ်ကွက်၊ အင်းစိန်မြို့နယ်။ ဖုန်း - ၀၁-၆၄၅၇၅၉၊ ၀၉-၇၇၇၃၈၇၃၆၉ |
| **သင်တန်းကာလ** | - | ရက်သတ္တပတ် (၁၂) ပတ် |

၂။ သင်တန်းသား (၁၅) ဦး လက်ခံသင်ကြားပေးပါမည်။

၃။ လျှောက်ထားသူသည် အခြေခံပညာအလယ်တန်းအောင်မြင်ထားပြီး အခြေခံ အင်္ဂလိပ်စာနားလည်သူဖြစ်ရမည်။ နည်းပညာနှင့် သက်မွေးပညာ လုပ်ငန်းသဘာဝအရ ကျန်းမာရေးကောင်းမွန်သူဖြစ်ပြီး ဂဟေဆက်လက်တွေ့လုပ်ငန်းအား အမှန်တကယ် လုပ်ကိုင်နိုင်သူ ဖြစ်ရပါမည်။ အကျင့်စာရိတ္တကောင်းမွန်သူ ဖြစ်ရပါမည်။ သင်တန်းတက်ခွင့်ရသောနေ့တွင် အသက် (၁၈) နှစ်ပြည့်ပြီး အသက် (၃၅) နှစ်ထက်မကြီးသူ ဖြစ်ရပါမည်။ Interview ဖြေဆိုရမည်ဖြစ်ပါသည်။

၄။ တက်ရောက်ခွင့်ရသူများသည် သင်တန်းကြေး အခမဲ့ဖြစ်ပြီး၊ သင်တန်းတက်ရောက်နေစဉ်ကာလအတွင်း လစဉ် ငွေကျပ် (၃၀၀၀၀) ကို ရတနာစီမံကိန်းမှ ထောက်ပံ့ပေးမည်ဖြစ်ပါသည်။ သင်တန်းသားအတွက်လိုအပ်သော လုပ်ငန်းခွင်ဘေးအန္တရာယ်ကာကွယ်ရေးဝတ်စုံ (Personal Protective Equipment) အတွက် ကုန်ကျစရိတ်ထဲမှ ငွေကျပ် (၅၀၀၀၀) ကို ရတနာစီမံကိန်းမှ ထောက်ပံ့ပေးမည်ဖြစ်ပြီး ကျန်ပမာဏကို သင်တန်းသားမှ ကိုယ်တိုင်ကျခံရမည်ဖြစ်ပါသည်။

၅။ သင်တန်းလျှောက်လွှာများကို ရတနာဂဟေဆက်နည်းပညာသင်တန်းကျောင်း (အောင်ဆန်း) တွင် (၁၂-၁-၂၀၂၃) ရက်မှစတင်၍ နံနက် ၉:၃၀ မှ ညနေ ၄:၀၀ နာရီ အတွင်း ထုတ်ယူနိုင်ပြီး လျှောက်လွှာများအား ပတ်စ်ပို့ဆိုဒ် ရောင်စုံဓာတ်ပုံ (၂) ပုံ၊ နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ၊ မွေးသက္ကရာဇ်နှင့် ပညာအရည်အချင်းအတွက် ထောက်ခံချက်၊ ပြစ်မှုကင်းရှင်းကြောင်းထောက်ခံချက်တို့နှင့်အတူ အဆိုပါသင်တန်း ကျောင်းတွင် (၂၇-၁-၂၀၂၃) ရက်နေ့ နောက်ဆုံးထားပြီး ပြန်လည် လျှောက်ထားနိုင်ပါကြောင်းနှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက အထက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာန**




### ရန်ကုန်တိုင်းဒေသကြီးအစိုးရ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဈေးများဌာနပိုင်၊ မြောက်ဥက္ကလာပမြို့နယ်၊ (၅)တိုးချဲ့ရပ်ကွက်၊ သုဓမ္မာလမ်းတွင်တည်ရှိသည့် သီရိရတနာလက်လီလက်ကားဈေး၊ အဆောက်အအုံအမှတ်(N)၊ ဆိုင်ခန်းအမှတ်(၅၂)၊ ရေိယာအကျယ်အဝန်း (၁၄'x၂၀')ခန့်ရှိ (၂)ထပ်အရောင်းဆိုင်ခန်းနှင့်တကွ ယင်းအရောင်းဆိုင်ခန်းနှင့် သက်ဆိုင်သော အကျိုးခံစားခွင့်အရပ်ရပ်နှင့် ပတ်သက်၍ အများသိစေရန် ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ

အထက်ဖော်ပြပါ(၂)ထပ်အရောင်းဆိုင်ခန်းနှင့်တကွ ယင်း(၂)ထပ်အရောင်းဆိုင်ခန်းနှင့်ပတ်သက်သော အကျိုးခံစားခွင့်အရပ်ရပ်တို့သည် ဒေါ်သန်းသန်းရီ ၁၃/တကန(နိုင်) ၀၆၅၈၃၅အမည်ဖြင့် မှတ်ပုံတင်စာအုပ်ထွက်ရှိထားသည့်(၂)ထပ်အရောင်းဆိုင်ခန်းဖြစ်ကြောင်း၊ ၎င်းမှတရားဝင်ပိုင်ဆိုင် ရောင်းချပိုင်ခွင့်ရှိကြောင်း၊ အခြားအရှုပ်အရှင်းကင်းရှင်းကြောင်း ဝန်ခံပြောဆို၍ ရောင်းချရန်ကမ်းလှမ်းလာသဖြင့် ၎င်းထံမှ အဆိုပါ (၂)ထပ်အရောင်းဆိုင်ခန်းနှင့်တကွ ယင်း(၂)ထပ်အရောင်းဆိုင်ခန်းနှင့် သက်ဆိုင်သော အကျိုးခံစားခွင့်အရပ်ရပ်အား ကျွန်ုပ်၏မိတ်ဆွေက ဥပဒေနှင့်အညီ တရားဝင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေပြီးဖြစ်ပါသည်။

အဆိုပါ(၂)ထပ်အရောင်းဆိုင်ခန်း အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်မာသောစာရွက်စာတမ်းမူရင်း အထောက်အထားများနှင့်တကွ ကျွန်ုပ်၏ထံသို့ ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ဤအရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ညိုမာ(LL.B)**
**အထက်တန်းရှေ့နေ(စဉ်-၃၅၇၇၆)**
**အမှတ်(S-1)၊ ကန်တော်ကလေးလမ်း၊ အောင်ဆန်းကွင်းမြောက်ဘက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့၊**
**ဖုန်း-၀၉-၄၃၀၆၆၅၈၀၊ ၀၉-၉၆၀၇၂၀၃၇၄**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 56W/95142, Yamaha FZ150 ယာဉ်လက်ဝယ်ရှိသူ ဦးအောင်ဇော်မင်း ၁၄/အဂပ (နိုင်) ၁၈၉၁၃၉ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(ဟင်္သာတ)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၆၄ယ/၃၇၈၇၈, Honda Click 125 ယာဉ်လက်ဝယ်ရှိသူ ဦးသီဟစိုး ၆/မမန(နိုင်) ၂၂၆၂၃၆ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

